# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**မင်္ဂလာအကျိုးကို ရနိုင်**

**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။**

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 1 January 2020 ၉၈၈၁


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကား

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်)



**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူ နိုင်ငံသား မိဘပြည်သူများခင်ဗျား -**

၂၀၂၀ ပြည့်နှစ် နှစ်သစ်မင်္ဂလာအခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ပြည်သူတို့ရဲ့စုပေါင်းအင်အားနှင့်အတူ**

မိမိတို့နိုင်ငံတော်အစိုးရအနေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းသာယာဝပြောတိုးတက်မှုတွေနဲ့အတူ နိုင်ငံသူ နိုင်ငံသားများရဲ့ဘဝ သာယာချမ်းမြေ့ပျော်ရွှင်အောင် ကောင်းမွန်တဲ့ရည်မှန်းချက်ပန်းတိုင်များနဲ့ လုပ်ငန်းစဉ်များကို ခိုင်ခိုင်မာမာချမှတ်ကာ ပြည်သူတို့ရဲ့စုပေါင်းအင်အားနှင့်အတူ ကြိုးပမ်းပုံဖော်နေပါတယ်။ တိုင်းရင်းသား ပြည်သူအားလုံး ကာလရှည်ကြာမျှော်လင့်တောင့်တခဲ့ရတဲ့ တန်းတူအခွင့်အရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အာမခံချက်ပေးနိုင်မယ့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးအတွက် မဆုတ်မနစ် ဆက်လက်အားထုတ်ကြိုးပမ်းလျက်ရှိပါတယ်။

**အောင်မြင်စွာ ကျော်လွှားလွန်မြောက်နိုင်မယ်လို့ ယုံကြည်**

ဒီကနေ့နိုင်ငံတော်မှာ အကြောင်းကြောင်းကြောင့် တွေ့ကြုံရင်ဆိုင်နေရတဲ့ အခက်အခဲအကျပ်အတည်းများ၊ စိန်ခေါ်မှုများကိုလည်း အမှန်တရား၊ တရားမျှတမှုနဲ့ ရိုးသားပွင့်လင်းမှုတို့ကို လက်ကိုင်ထားပြီး ဖြေရှင်းခြင်းအားဖြင့် အောင်မြင်စွာ ကျော်လွှားလွန်မြောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

နိုင်ငံတော်အစိုးရရဲ့ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့လုပ်ငန်းစဉ်များမှာ မိဘပြည်သူများအနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။

နှစ်သစ်အခါသမယမှာ မိဘပြည်သူများအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံနိုင်ကြပါစေ၊ နိုင်ငံတစ်ဝန်း မေတ္တာတရားလွှမ်းခြုံကာ ငြိမ်းချမ်းသာယာပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား-**



၂၀၂၀ ပြည့်နှစ် နှစ်သစ်အခါ သမယမှာအမိပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးနှင့် တကွ တိုင်းရင်းသားညီအစ်ကိုမောင်နှမ များအားလုံး ဘေးဘယာကင်းဝေး ကြပါစေ၊ အားလုံးမျှော်လင့် တောင့်တနေကြသည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်း ရေးကို အမြန်ဆုံးရရှိပြီး သာယာ ဝပြောသည့် နိုင်ငံတော်ကြီး တည်ဆောက် နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ် ပါတယ်။

နှစ်သစ်မှာ တိုင်းရင်းသား ပြည်သူများအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေ။

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကား

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျာ -**



ကျက်သရေမင်္ဂလာအပေါင်း နဲ့ပြည့်စုံလှတဲ့ ၂၀၂၀ ပြည့်နှစ်ရဲ့ နှစ်သစ်ကူးမင်္ဂလာနေ့ရက်မှသည် တိုင်းရင်းသားညီအစ်ကိုမောင်နှမ များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံပြီး ကောင်းချီးမင်္ဂလာအဖြာဖြာကို ရရှိ ခံစားနိုင်ကြပါစေလို့ ဆုတောင်း မေတ္တာ ပို့သအပ်ပါတယ်။

**အခွင့်အလမ်းကောင်းတွေ ရယူ**

ကုန်လွန်ခဲ့တဲ့ နှစ်ဟောင်းရဲ့ အတွေ့အကြုံကို အခြေခံကာ ပြည်ထောင်စုတိုင်းရင်းသား သွေး ချင်းများအချင်းချင်း အပြန်အလှန် လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှု၊ နားလည် ယုံကြည်မှုများနဲ့အတူ


စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖


# ခရစ်နှစ် ၂၀၂၀ ပြည့်နှစ်ကို ကြိုဆိုပါ၏။

ကြေးမုံ

# ငြိမ်းချမ်းသာယာမှုနှင့် ပြည့်စုံသည့် နှစ်သစ်ကို ပေါင်းစုတက်လှမ်း

ယနေ့သည် ခရစ်နှစ် ၂၀၁၉ ခုနှစ်ကုန်ဆုံး၍ ခရစ်နှစ်သစ် ၂၀၂၀ ပြည့်နှစ်သို့ စတင်ရောက်ရှိသောနေ့ ဖြစ်သည်။ အနောက်တိုင်း ပြက္ခဒိန်နှစ်သတ်မှတ်ချက်အရ နှစ်တစ်နှစ်ကုန်ဆုံးပြီး နှစ်သစ်သို့ကူးပြောင်းရောက်ရှိသောကာလတွင် အရှေ့တိုင်းအယူအဆကို အဓိကဦးစားပေးသော မြန်မာနိုင်ငံအဖို့ ငြိမ်းချမ်းသာယာပျော်ရွှင်မှုအပေါင်းတို့နှင့် ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာတို့၏ အယူအဆယုံကြည်မှုအနေဖြင့် နှစ်သစ်ကူးပြောင်းသည့်အချိန်ကာလတွင် ပျော်ရွှင်အေးချမ်းမှုအပေါင်းနှင့် ပြည့်လျှမ်းသော နှစ်သစ်ကူးအလေ့အထများကို မြန်မာနှစ်သစ်ကူးနေ့တွင် တွေ့မြင်ရမည်ဖြစ်သည်။ ထိုအလေ့အထများနှင့်အညီ ခရစ်နှစ်ကိုလည်း ကူးပြောင်းစေချင်ပါသည်။ နှစ်သစ်တွင် မင်္ဂလာအပေါင်းနှင့် ခညောင်းစွာ ကူးပြောင်းရောက်ရှိနိုင်ရေး ကမ္ဘာသူကမ္ဘာသားတို့နှင့်အတူ ငြိမ်းချမ်းစွာကူးပြောင်းကြရမည်ဖြစ်သည်။

နှစ်သစ်ကို ပျော်ရွှင်စရာနှစ်သစ်အဖြစ် ကူးပြောင်းရုံဖြင့် မလုံလောက်သေးဘဲ နှစ်သစ်တွင် စိတ်သစ်၊ ကိုယ်သစ်၊ အားအင်သစ်များဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ဘဝ မြင့်သည်ထက်မြင့်အောင် ကြိုးပမ်းအားထုတ်ကြဖို့ လိုအပ်ပေသည်။ နှစ်သစ်ကိုတောင်းဆုခြွေရုံဖြင့် မလုံလောက်သေးဘဲ တောင်းဆုခြွေသည့်အတိုင်း ကျင့်ကြံအားထုတ် လုပ်ကိုင်ကြဖို့လိုသည်။ မိမိတို့နိုင်ငံသည် အခြားနိုင်ငံများနှင့်မတူ စိန်ခေါ်မှုများ၊ ပြဿနာများ၊ အခက်အခဲများနှင့် ပြည့်နှက်နေသောနိုင်ငံ ဖြစ်သည်။

နှစ်သစ်တွင် လူတိုင်းလူတိုင်း အားအင်သစ်ဖြင့် ရုန်းကန်နိုးထအစွမ်းကုန်အားထည့်လုပ်ကိုင်ကြမှ တော်ကာကြမည်။ ကျွန်ုပ်တို့နိုင်ငံသည် မငြိမ်းချမ်းမှုများနှင့် ရှည်လျားစွာ ဖြတ်သန်းခဲ့ရပြီး သူတစ်ပါးနိုင်ငံများနောက်နောက်ကျကျန်ရစ်နေသည်ကို အားလုံးအသိပင် ဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်များကလည်း အချိန်အခါမလပ် ရုန်းကန်နိုးထဖို့ တိုက်တွန်းလျက်ရှိသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က ပြောကြားခဲ့သော သူတစ်ပါးခြေလှမ်း တစ်လှမ်းလှမ်းလျှင် မိမိတို့က ခြေလှမ်းဆယ်လှမ်းမက လှမ်းနိုင်ဖို့ အသိပေးခဲ့ပြီး ဖြစ်သည်။

ယနေ့အချိန်အခါတွင် မငြိမ်းချမ်းမှု၊ မညီညွတ်မှု အကျိုးဆက်များ၊ သူတစ်ပါး ဖိအားပေးမှုများ၊ နှောင့်ယှက်ဟန့်တားမှုများ၊ တိုင်းပြည်တိုးတက်ရေးထက် ပြဿနာဖြေရှင်းရေးကိုသာ လုပ်ကိုင်နေရမှုများကြောင့် သူတစ်ပါးနောက် ရောက်ခဲ့ကြရသည်။ ယခုနှစ်သစ်တွင် ဤကဲ့သို့သော အရေးကိစ္စများကို သင်ခန်းစာယူ၍ အချင်းချင်းညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်လျက် ခြေလှမ်းဆယ်လှမ်း၊ အလှမ်းနှစ်ဆယ်မက ရုန်းကန်နိုးထအစွမ်းကုန်ကြိုးပမ်းအားထုတ်ကြဖို့ လိုအပ်မည်ဖြစ်သည်။

အဓိကလိုအပ်ချက်မှာ အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းပြည်ငြိမ်းချမ်းရေး၊ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားကို ထိထိရောက်ရောက်ဖော်ဆောင်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးတို့ကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအားလုံးက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။ မည်သည့် ဖိအားပေးမှုများ၊ စိန်ခေါ်မှုများရှိသည်ဖြစ်စေ ယင်းတို့ကို ရင်ဆိုင်ကျော်လွှားမည်ဟူသည်ကို တွန်းအားများအဖြစ် ပြောင်းလဲအားမွေးပြီး တက်ညီလက်ညီအရှိန်အဟုန်ပြင်းပြင်းဖြင့် ရှေ့ဆက်တက်လှမ်းကြရမည်ဖြစ်သည်။ နှစ်သစ်တွင် ပျော်ရွှင်မှုများနှင့်သာ ကျေနပ်မနေသင့်ပေ။ ပျော်ရွှင်မှုဟူသည် တဒင်္ဂသာဖြစ်ပြီး ထာဝရငြိမ်းချမ်းသာယာသည့် ပျော်ရွှင်အေးချမ်းမှုကိုသာ ဆောင်ကြဉ်းကြရမည် ဖြစ်သည်။

ပျော်ရွှင်အေးချမ်းမှုကို ဆောင်ကြဉ်းနိုင်ရန်အတွက် တစ်ဦးအပေါ်တစ်ဦးမေတ္တာထားပြီး ဗြဟ္မစိုရ်တရားများ ပြန်လည်ထွန်းကားအောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ ပြန့်ပွားအောင် မျှဝေပေးကြရမည်ဖြစ်သည်။ နှစ်သစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံး ငြိမ်းချမ်းသာယာပါစေကြောင်း တောင်းဆုခြွေပြီး တိုင်းရင်းသားပြည်သူအပေါင်းတို့ကလည်း နှစ်သစ်ကို ပျော်ရွှင်စွာ ဖြတ်သန်း၍ ငြိမ်းချမ်းသောနှစ်၊ တိုးတက်သောနှစ်ဖြစ်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## နှစ်သစ်အခါသမယ ဆုတောင်းမေတ္တာပို့သ

ယနေ့သည် ၂၀၁၉ ခုနှစ် ကုန်ဆုံး၍ ၂၀၂၀ ပြည့်နှစ်သို့ စတင်ကူးပြောင်းရောက်ရှိသည့် မင်္ဂလာရှိသော နေ့တစ်နေ့ ဖြစ်ပေသည်။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ စတင်ကူးပြောင်းရောက်ရှိသော အခါသမယတွင် နှစ်ဟောင်းမှ အတွေးအခေါ်၊ အယူအဆဟောင်းများကို စွန့်ပစ်၍ နှစ်သစ်တွင် အတွေးသစ်အမြင်သစ်၊ အယူအဆသစ်၊ အလုပ်အကိုင်သစ်များဖြင့် မင်္ဂလာရှိသောနှစ်၊ တိုးတက်ကောင်းမွန်သောနှစ်သစ် ဖြစ်ပါစေကြောင်းနှင့် နိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြသည့် မိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါစေကြောင်း ကြေးမုံမှ ဆုတောင်းမေတ္တာပို့သပါသည်။

ကြေးမုံသတင်းစာတိုက် မိသားစု

# နှစ်ဦးမင်္ဂလာနှင့် ဓမ္မသဘင်

ယခုကဲ့သို့ မိုးလေကင်းစင်သည့် ဥတုသမယတွင် ခရီးသွားလာရေး၌ အဆင်ပြေသကဲ့သို့ပင် တရားပွဲသဘင်များ ကျင်းပရန်လည်း အကြောင်းအကျိုး ညီညွတ်လှသည်ဖြစ်ပါ၏။ လူတို့သည်ပွဲအမျိုးမျိုးကို ကြည့်ရှုရန်အတွက် အချိန်အားလေးရှိလာသလို ငွေကြေးများလည်း အဆင်ပြေတတ်သော ဤကာလဝယ် စိတ်လက်ပေါ့ပါးနေတတ်သည်ဖြစ်ရာ ဒါန၊ သီလ၊ ဘာဝနာ တရားများကိုလည်း မမေ့မလျော့ ပွားများအားထုတ်လေ့ရှိကြပါ၏။ တရားစာပေများကို လေ့လာလိုက်စားခြင်းဖြင့် ကုသိုလ်ယူကြသကဲ့သို့ တရားနာခြင်းဖြင့်လည်း တရားအသိဉာဏ် တိုးပွားလာကြသည်ဖြစ်ရာ တရားပွဲများတွင် တရားနာလေ့ရှိကြပါ၏။

ယနေ့ကဲ့သို့ နိုင်ငံရေးအခြေအနေရော၊ ရာသီဥတုပါ အေးချမ်းတည်ငြိမ်နေသောကာလတွင် ရပ်ကွက်တိုင်းသည် တရားပွဲများဖြင့် အလှဆင်လေ့ရှိကြပါ၏။ တရားပွဲဖြစ်မြောက်ရေးအတွက် နှစ်လယ်လောက်မှပင် ကြိုတင်ပြင်ဆင်လေ့ရှိကြပါသည်။ မနှစ်ကတော့ ဘယ်ဆရာတော်များကို ပင့်ပြီးပြီဖြစ်ပါသောကြောင့် ဤနှစ်တွင် ဘယ်ဆရာတော်များကို ပင့်မည်ဖြစ်ကြောင်းကို တရားပွဲဖြစ်မြောက်ရေးအဖွဲ့က တိုင်ပင်ညှိနှိုင်းကြသည်။ မည်သည့် ရပ်ကွက်သူ၊ ရပ်ကွက်သား ကြီးငယ်မဟူ၊ တရားပွဲဖြစ်မြောက်ရေးအတွက် တက်တက်ကြွကြွ လုပ်ဆောင်ကြသည်။ ကျရာတာဝန်ကျေပွန်ကြသည်ပင်။

စိတ်အားထည့်လိုက်တော့၊ လုပ်အား၊ ငွေအား အကုန်လိုက်လာတော့သည်။ ဘုန်းတော်ကြီးများ ဟောကြားသည့် သဒ္ဓါစိတ်ကကုသိုလ်ရေးတွင် အရေးအကြီးဆုံးပင် မဟုတ်ပါလား။ ရပ်ကွက်သူ၊ ရပ်ကွက်သားများ၏ ညီညွတ်မှုအားကို တရားပွဲများတွင် တွေ့မြင်ရသောကြောင့် အလေ့အကျင့်ကနှစ်စဉ်ရရှိလာရုံမျှမက၊ အကျင့်ကောင်းအကျင့်မြတ်က အလေ့အထတစ်ခုလို ဖြစ်လာတော့သည်။ အပေးအယူမျှမျှဖြင့် အေးဆေးစွာဆောင်ရွက်ခြင်းသည် အောင်မြင်မှုကို ရရှိစေသည်။ အားလုံး၏ ဦးတည်ချက်ကတရားနာပြီး မြတ်ဗုဒ္ဓ၏ ဒေသနာတော်များနှင့် တရားတော်၏ အဆုံးအမများကို ရရှိရန်ဖြစ်သည်။ သို့သော် ထပ်မံရရှိသည့် အလေ့အထကောင်းများကြောင့် တန်ဖိုးမဖြတ်နိုင် ဖြစ်ကြရသည်။ ညီညွတ်သည့် စုပေါင်းလုပ်ဆောင်မှုများက တစ်ဦးနှင့် တစ်ဦးဗြဟ္မစိုရ်တရားများ ကိန်းအောင်းလာစေခဲ့သည်။ ဗြဟ္မစိုရ်တရားလေးပါးဆိုသည်မှာ အများသိပြီးဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ စိတ်ဝယ်ထားရှိကာ ကျင့်သုံးကြရန်ပင် ဖြစ်ပါ၏။ မေတ္တာတရားထားရှိခြင်းကြောင့် အရာရာပြီးမြောက်စေသည်ဖြစ်ကြောင်းကို ရှေးရှေးကာလ၊ မြတ်စွာဘုရားလက်ထက်တော်ကပင် သာဓကများစွာက ပြသခဲ့သည့်အပြင် ဘုရားပွင့်မည့်နေ့က မာန်နတ်၏ အတိုက်အခိုက်အဟန့်အတားများကို ဘုရားအလောင်းတော်က မေတ္တာတော်ထား၍ အောင်နိုင်ခဲ့ပြီးနောက် ဘုရားအဖြစ်သို့ ရောက်ရှိခဲ့တော့သည်။ ဘုရားပွင့်တော်မူရန်အတွက် မေတ္တာပါရမီကို ဖြည့်ကျင့်တော်မူရာ၊ အောင်ခြင်းရှစ်ပါးသည် ပြယုဂ်တော်တစ်ခုအဖြစ် ယနေ့ သူတော်ကောင်းအပေါင်း၏ ဉာဏ်ထဲသို့ စူးနစ်စွာ တည်ရှိသေးပါ၏။ အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းကြရုံမျှမက၊ တရားပွဲကြွရောက်လာသည့် ပရိသတ်အပေါင်းအား၊ အစာအာဟာရများ၊ ဆေးဝါးများ၊ ဆေးကုသမှုများ၊ ကျန်းမာရေး ကြိုတင်စောင့်ရှောက်မှုများ၊ လုံခြုံရေးပေးမှုများ၊ နေရာထိုင်ခင်းပေးမှုများ၊ တစ်ဦးနှင့် တစ်ဦး စာနာစိတ်ထားရှိမှုများ၊ ကူညီရိုင်းပင်းမှုများကို လက်တွေ့ဆောင်ရွက်ကြခြင်းသည် ကရုဏာထားရှိမှုပင် ဖြစ်သည်။ တရားနာပရိသတ်များသည် ရန်ကုန်မြို့ ဆင်ခြေဖုံးမှလာကြသည်။ ရပ်ဝေးရပ်နီးမက တစ်နယ်တစ်ကျေးမှပင် အားစိုက်လာရောက်ကြသူများလည်းရှိရာ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် တရားပွဲကြီးတည်ရှိရာသို့ အကြိုအပို့ ယာဉ်များမှာ ပျားပန်းခပ်မျှ သယ်ယူပို့ဆောင်ပေးကြ၏။ ကုသိုလ်ပြုလိုသည့် စိတ်ဓာတ်ကြောင့် သွားလာရေးဖြောင့်ဖြူးလှပြီး ဘေးမသီရန်မခ ရှိကြသည်။ အလှူဒါနပြုသူများ ဘက်ပေါင်းစုံပေါ်လာစဉ် မိမိမှာ မလှူနိုင်ပါသော်လည်း ဒါနအားကြီးသူများအပေါ်တွင် မုဒိတာစိတ် ထားရှိကြသည်။ ပေါ်ပေါက်လာသည့် ကိစ္စကြီးငယ်အပေါ်တွင် လျစ်လျူရှု၍ ထားနိုင်သော စိတ်ထားက ဥပေက္ခာတရားပင်တည်း။

ဤသို့သော တရားလေးပါးသည် လူတို့ကို ယဉ်ကျေးသိမ်မွေ့စေသောကြောင့် မြတ်ဗုဒ္ဓ၏တရားကို ရရှိလိုက်ခြင်းပင် ဖြစ်ပါတော့သည်။ သို့ကြောင့်ပင် တရားသဘင်များမှ ရရှိသောကောင်းကျိုးတို့ ဝေဖြာကာ တစ်ပြည်လုံးတိုင်ပျံ့နှံ့နေခြင်းပင် ဖြစ်ပါတော့၏။ ယခု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးသော တရားသဘင်ကြီးတစ်ခုအတွက် ဘက်စုံပြင်ဆင်နေကြလေသည်။ နှစ်စဉ်နှစ်တိုင်းပင် နှစ်ဦးတရားသဘင်ကို ဇန်နဝါရီလတစ်ရက်မှ အစပြုကျင်းပကာ နှစ်သစ်ကို တရားဖြင့်ကြိုဆိုကြသည့် ဓလေ့ကောင်းကို အစိုးရသစ်က အစပြုလိုက်ပါသည်။ လူအပေါင်း နှစ်စမှ နှစ်ဆုံးသို့တိုင် တရားမှရရှိသည့် ငြိမ်းချမ်းစေလိုသော စိတ်၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်တို့ကို တရားသဘင်ကြီးက မျိုးစေ့ချပေးလိုက်သည် မဟုတ်ပါလား။

လူတိုင်းမှာ တရားနာတိုင်းရော တရားရပါရဲ့လား။

သတိပြုရန်များကို ဆရာတော်ကြီးများ ဟောကြားသွန်သင်ခဲ့သည်။ တရားဉာဏ်ပေါက်ရောက်ရန်မှာ တရားအပေါ်တွင် ယုံကြည်ကြရမည်။ သူတော်ကောင်းတို့ကို ဆည်းကပ်ကြရမည်။ သူတော်ကောင်းနှင့် ဆွေးနွေးကြရမည်။ ဆွေးနွေးသည့်အခါ ကောင်းစွာနားထောင်ကြရမည်။ ကောင်းစွာမှတ်သားကြရမည်။ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်ကြရမည်။ သို့သော် တရားရရန်အတွက် အနှစ်ချုပ်အားဖြင့်ဆိုရသော် တရားပေါက်ရန်မှာ တရားနာသူက တရားအပေါ်တွင် ဆင်ခြင်ဉာဏ်ရှိရုံမျှမက တရားအပေါ်တွင်လက်တွေ့ကျင့်သုံးခြင်း၊ မကျင့်သုံးခြင်းအပေါ်တွင် တည်မှီနေကြောင်းကို သတိပြုဆင်ခြင်ဖွယ်ရာ တင်ပြလိုခြင်း ဖြစ်ပါကြောင်း။ ။

# အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲ ကျင်းပ

ပန်းတနော် ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် သမိုင်းကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်စန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်တို့က ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းအားတစ်လကြာ လက်တွေ့သင်ကြားပေးခဲ့ပြီး သင်တန်းသား ၂၅ ဦး တက်ရောက်သင်ကြားခဲ့ရာ တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အေးချမ်းအောင်(ပန်းတနော်)

ကြေးမုံ
စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးဩဝါဒကထာ



ဘုန်းဘုန်း နှစ်သစ်အနေနဲ့ တိုင်းသူပြည်သား၊ ကမ္ဘာသူကမ္ဘာသားအားလုံး ကျန်းမာချမ်းသာအောင် မေတ္တာပွားနည်း (၁၁)နည်းပြောပါမယ်။ မေတ္တာပွားနည်း (၁၁)နည်းကို မေတ္တာသုတ်၌ မြတ်စွာဘုရားက ဟောကြားထားပါတယ်။

၁။ (လုံးစုံများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ)
သတ္တဝါတွေ အားလုံး ကျန်းမာပါစေ၊ ချမ်းသာပါစေ။

၂။ (ကြောက်တတ်၊ မကြောက်တတ် နှစ်ရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ)
ကြောက်တတ်တဲ့ သတ္တဝါ၊ မကြောက်တတ်တဲ့ သတ္တဝါဆိုပြီး အဲဒီလို သတ္တဝါတွေ နှစ်ပုံ ပုံပြီးတော့ ပွားပါတယ်။ ကြောက်တတ်တဲ့သတ္တဝါဆိုတာ ပုထုဇဉ်တွေ၊ သောတာပန်၊ သကဒါဂါမ်တွေ။ မကြောက်တတ်တာက ရဟန္တာပုဂ္ဂိုလ်ကြီးတွေ မကြောက်တတ်ပါဘူး။ အနာဂါမ်ပုဂ္ဂိုလ်ကြီးတွေလည်း မကြောက်တတ်ပါဘူးနော်။

၃။ ရှည်တိုအလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ရှည်တယ်ဆိုတာ မြွေကြီးတွေ၊ နဂါးကြီးတွေ အဲဒီလိုရှည်တဲ့ သတ္တဝါတွေ။ တိုတယ်ဆိုတာ လိပ်ကလေးတွေ၊ ကြွက်ကလေးတွေ အဲဒီလိုတိုတဲ့ သတ္တဝါတွေ။ လူတွေ၊ ကျွဲတွေ၊ နွားတွေက အလတ်စားတွေ။ အဲလို(၃)မျိုးခွဲပြီးတော့ သတ္တဝါတွေ မေတ္တာပွားပါ။

၄။ ကြီးငယ်အလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ကြီးဆိုတာ ဆင်ကြီးတွေ၊ ဝေလငါးကြီးတွေ အဲဒီလိုခန္ဓာကိုယ်ကြီးတဲ့ သတ္တဝါတွေက တစ်ပုံ၊ ငယ်တဲ့သတ္တဝါတွေ ခြင်ကလေးတွေ၊ ပုရွက်ဆိတ်ကလေးတွေ၊ ယင်လေးတွေ အဲလိုငယ်တဲ့သတ္တဝါတွေက တစ်ပုံ၊ အလတ်စားသတ္တဝါတွေက တစ်ပုံ သုံးပုံပုံပြီး မေတ္တာပွားပါ။

၅။ ဆူကြုံအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဆူတယ်ဆိုတာက ဝတာပေါ့။ ဝတဲ့သတ္တဝါ၊ ပိန်တဲ့သတ္တဝါ၊ အလတ်စားသတ္တဝါ သတ္တဝါတွေကို သုံးပုံပုံပြီးတော့ လူဆိုရင်လဲ လူဝကြီးတွေတစ်ပုံ၊ လူပိန်လေးတွေ တစ်ပုံ၊ အလတ်စားတစ်ပုံ၊ ဒီပြင်သတ္တဝါတွေဆိုရင်လဲ အဲဒီလိုပဲ အဝစား၊ အပိန်စား၊ အလတ်စား သုံးပုံ ပုံပြီးတော့ မေတ္တာပွားတာ။

၆။ မြင်အပ်မမြင်အပ်သတ္တဝါတွေ ချမ်းသာကိုယ်စိတ်မြဲပါစေ။
သတ္တဝါတွေ ဒိဋ္ဌ၊ အဒိဋ္ဌ၊ ဒိဋ္ဌာဝါယေဝါအဒိဋ္ဌာ ယေဝဒူရေဝသန္တိအဝိဒူရေ။
ဒိဋ္ဌဆိုတာ မျက်စိနဲ့ မြင်ကောင်းတဲ့ သတ္တဝါ၊ လူတွေ၊ ကျွဲတွေ၊ နွားတွေ၊ သတ္တဝါတွေ။ အဒိဋ္ဌဆိုတာ မျက်စိနဲ့ မမြင်ကောင်းတဲ့ တစ္ဆေတွေ၊ သရဲတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ။ မြင်အပ်တဲ့သတ္တဝါနဲ့ မမြင်အပ်တဲ့သတ္တဝါဆိုပြီး နှစ်ပုံ ပုံပြီးတော့ မေတ္တာပွားပါ။

၇။ ဝေးနေနီးနေ နှစ်ထွေများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
အဝေးမှာနေတဲ့ သတ္တဝါတွေ၊ ကိုယ့်အနီးအနားနေတဲ့ သတ္တဝါတွေ နှစ်ပုံ ပုံပြီးတော့ သတ္တဝါတွေကို ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ မေတ္တာပွား။

၈။ ဘဝဇာတ်ဆုံး မဆုံးများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဘဝဇာတ်ဆုံးဆိုတာက ရဟန္တာပုဂ္ဂိုလ်တွေ ဘဝဆုံးပြီ၊ သူတို့ သေရင် နိဗ္ဗာန်ပဲ သွားရမှာ ကျန်တဲ့ပုထုဇဉ်တွေ၊ သောတာပန်တွေ၊ သကဒါဂါမ်တွေ၊ အနာဂါမ်တွေကတော့ မဆုံးသေးတဲ့သတ္တဝါတွေ။ အဲဒီတော့ ဘဝဇာတ်ဆုံးတဲ့ ရဟန္တာတွေက တစ်ပုံ၊ ကျန်တဲ့သတ္တဝါတွေက တစ်ပုံ ပုံပြီးတော့ မေတ္တာပွား။

၉။ လူအချင်းချင်း လှည့်ပတ်ခြင်းကင်းရှင်းကြပါစေ။
လူတစ်ယောက်နဲ့ တစ်ယောက် လိမ်တယ်ညာတယ်နဲ့ ဒုက္ခရောက်ကြတယ်။ လိမ်ညာတော့ ထောင်ကျ၊ သေ၊ ဒါကြောင့် လှည့်ပတ်ခြင်း၊ လိမ်ခြင်း၊ ညာခြင်း မရှိကြပါစေနဲ့ လို့ဆိုပြီးတော့ မေတ္တာပွားတာ။


၁၀။ အထင်သေးခြင်း အချင်းချင်းကင်းရှင်းကြပါစေ။
လူတစ်ယောက်နဲ့ တစ်ယောက် တချို့က အထင်သေးတယ်။ ဒီကောင် ဘာမှ မသိဘူး၊ "က"ပုဒ်လောက် ရေးပြတာတောင် မသိတဲ့ကောင်၊ အလကား လူ့အညံ့စားတွေ ပိုက်ဆံကလည်း ဘာမှမရှိဘူး စသည်ဖြင့် အထင်သေးကြတယ်။ အထင်သေးရင် အမှားဆုံးတဲ့။ အထင်မသေးရဘူး။

၁၁။ ဆင်းရဲလိုခြင်း အချင်းချင်းကင်းရှင်းကြပါစေ။
လူတစ်ယောက်နဲ့ တစ်ယောက် ဆင်းရဲလိုတယ်၊ တစ်ယောက်က ဆင်းရဲတာကို အခြားတစ်ယောက်က အလိုရှိရင် သတ္တဝါတွေ ဒုက္ခရောက်တတ်တယ်။ ဒါ့ကြောင့် တစ်ယောက်နဲ့တစ်ယောက် ဆင်းရဲတာကို အလိုမရှိကြပါစေနဲ့။

မေတ္တာပွားနည်း (၁၁)နည်း ပွားစည်းကြပါစေ။ သတ္တဝါတွေအားလုံး အဲဒီလို မေတ္တာပွားနည်း (၁၁)နည်းနဲ့ ပွားရင် သတ္တဝါတွေကုန်ပါတယ်။ သတ္တဝါတွေ တစ်ယောက်နဲ့ တစ်ယောက် မေတ္တာထားပြီဆိုရင် လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေရှိတဲ့ သတ္တဝါတွေ တစ်ယောက်နဲ့ တစ်ယောက် ညီအကိုလို၊ မောင်နှမလို၊ သားသမီးလို ချစ်ခင်ကြတယ်။ လေးစားကြတယ်ဆိုရင် တိုင်းပြည်ကြီးလဲ အေးချမ်းသာယာ၊ ကမ္ဘာသူ/ကမ္ဘာသားတွေလဲ အေးချမ်းသာယာသွားမယ်။

အဲဒါကြောင့် နှစ်သစ်မင်္ဂလာမှာ နှစ်ကူးမင်္ဂလာအနေနဲ့ မေတ္တာပွားနည်း (၁၁)နည်း ကို ကြိုးစားပြီးပွားများနိုင်ကြပါစေ။ မေတ္တာပွားနည်း (၁၁)နည်းပွားများတဲ့အတွက် တစ်ဦးနဲ့ တစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ကိုယ့်သားလေး၊ ကိုယ့်သမီးလေးလို ကိုယ့်သူငယ်ချင်း မိတ်ဆွေအရင်းတွေလို ချစ်ခင်ပြီးတော့ တိုင်းပြည်အုပ်ချုပ်တဲ့ပုဂ္ဂိုလ်ကလဲ ချစ်ချစ်ခင်ခင် အုပ်ချုပ်ကြပါ။ တိုင်းသူ/ပြည်သားတွေကလဲ ကိုယ့်အစိုးရဆိုပြီး ချစ်ချစ်ခင်ခင်ရှိကြပါ။ အဲဒီလို ချစ်ချစ်ခင်ခင်ရှိကြတဲ့အခါ တိုင်းသူ/ပြည်သားတွေ၊ ကမ္ဘာသူ/ကမ္ဘာသားတွေ ကျန်းမာ ချမ်းသာ ကြင်ကြင်နာနာရှိပြီးတော့ ဘုန်းကျက်သရေနဲ့ ပြည့်စုံကြပါစေ၊ အားလုံး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေ အားထုတ်နိုင်ကြပါစေကုန်သတည်း။

## သီတဂူဆရာတော်ကြီး၏ ၂၀၂၀ ပြည့်နှစ် သီတဂူ နှစ်ဦးနှုတ်ခွန်းဆက်စကား အပ္ပမာဒေန သမ္ပာဒေထ



"အပ္ပမာဒေန သမ္ပာဒေထ" ဆိုတဲ့ ဒေသနာဟာ -ပိဋကတ်သုံးပုံ အကုန်ငုံမိတဲ့ မြတ်ဗုဒ္ဓ၏ လက်စွဲတရားတော်ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓသည် ဤ အပ္ပမာဒတရားကို နေ့စဉ်နေ့စဉ်တစ်နေ့ နှစ်ကြိမ် ဟောပါတယ်။ အဓိပ္ပာယ် အကျဉ်းချုပ်ကတော့ "လောကနှင့် ဘဝ" ကို သတိနဲ့ စောင့်ကြည့်ကြ-လို့ အဓိပ္ပာယ်ရပါတယ်။ သတိဟာ ကိုယ်စောင့်တရား၊ စိတ်စောင့်တရားပါ။ မိမိရဲ့ဘဝကို သတိနဲ့စောင့်ရှောက်နိုင်သူဟာ အောင်မြင်သူပါပဲ။

ကောသလမင်းဟာ မြတ်စွာဘုရားနှင့်အတူတကွ တစ်သက်လုံး နေခဲ့ရသူပါ။ ပမာဒ -အားကြီးတဲ့အတွက် သူ့ဘဝဟာ ဆုံးရှုံးပျက်စီးခဲ့ရပါတယ်။ ကြမ်းတမ်းရက်စက်သော အသောကမင်းစဏ္ဍာသောကဟာ ရှင်သာမဏေနိဂြောဓထံမှ အပ္ပမာဒတရားကို နာရတဲ့အတွက် စဏ္ဍာသောကမှ ဓမ္မာသောကဖြစ်ခဲ့ပါပြီ။ အကွဲကွဲအပြားပြားဖြစ်နေသောမြန်မာနိုင်ငံတော်ကြီးကိုပထမဆုံးစည်းလုံးတည်ထောင်ခဲ့သော အနော်ရထာမင်းကြီးဟာလည်း အရှင်အရဟံ ခေါ် ပီယဒဿီမထေရ်၏ အပ္ပမာဒတရားကို နာကြားရသောကြောင့်ပင် မြန်မာနိုင်ငံ၌ အောင်မြင်သောသာသနာပြုမင်းတစ်ပါး၏ ဘဝသမိုင်းမှတ်တမ်းကို ကောင်းကောင်းကြီး လွှင့်ထူနိုင်ခဲ့ပါသည်။

နိုင်ငံသူနိုင်ငံသား အားလုံးတို့၏ ဘဝဟာမြန်မာနိုင်ငံပါပဲ။

ဒါကြောင့် မြန်မာနိုင်ငံရဲ့မဆုံးရှုံး မပျက်ပြားရေးအတွက်လည်း သတိစောင့်ကြည့် " အပ္ပမာဒေနသမ္ပာဒေထ"ပါပဲ။ မြန်မာနိုင်ငံရဲ့ ကြီးပွားတိုးတက်ရေးအတွက်လည်း သတိနဲ့စောင့်ကြည့် "အပ္ပမာဒေန သမ္ပာဒေထ"ပါပဲ။

အတိတ်နှစ်ဟောင်းတွေကိုလည်း သတိနဲ့ပြန်ကြည့်ပါ- "အပ္ပမာဒေန သမ္ပာဒေထ"

အနာဂတ်နှစ်သစ်တွေကိုလည်း သတိနဲ့ကြိုကြည့်ပါ- "အပ္ပမာဒေန သမ္ပာဒေထ"၊

သစ်ပင်တွေ သစ်ရွက်လဲသလို နှစ်တွေ စနစ်တွေ ခေတ်တွေ ဟောင်းခဲ့ပြီဖြစ်တဲ့ အတိတ်က နှစ်ဟောင်းတွေကိုလည်း "အပ္ပမာဒေန သမ္ပာဒေထ" လို့နှုတ်ဆက်ခဲ့ပါတယ်။ စနစ်သစ်တွေနဲ့ ချိတက်ရမယ့် နှစ်သစ် ခေတ်သစ်တွေကိုလည်း "အပ္ပမာဒေန သမ္ပာဒေထ" လို့ နှုတ်ခွန်းဆက်ကြိုဆိုပါတယ်။
အားလုံးပဲ "အပ္ပမာဒေန သမ္ပာဒေထ" ပါ

**သီတဂူဆရာတော်**
**စစ်ကိုင်းတောင်ရိုး**

❖ **ရွှေဖုံးမှ**

နှစ်သစ်မှာ တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကို ကျော်လွှားရင်ဆိုင်ဖြတ်သန်းနိုင်ကြပြီး အခွင့်အလမ်းကောင်းတွေကိုလည်း ရယူပိုင်ဆိုင်နိုင်ကြပါစေလို့ဆန္ဒပြုပါတယ်။

ဒီလိုစုစည်းမှုအင်အား၊ ညီညွတ်မှုအင်အားတွေနဲ့ ဆောင်ရွက်မှုကနေ ပြည်ထောင်စုကြီးရဲ့ငြိမ်းချမ်းရေးနဲ့ ပြည်သူများမျှော်လင့်တောင့်တနေကြတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ရေးတို့မှာ ထိရောက်တဲ့ အထောက်အကူများ၊ ရလဒ်ကောင်းများ ရရှိနိုင်ကြမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားများ စုစည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုကြီးရဲ့ ရှေ့ခရီးလမ်းနဲ့အနာဂတ်ဟာ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများရဲ့ လုပ်ဆောင်မှုအရပ်ရပ်အပေါ်မှာ တည်မှီနေမှာဖြစ်လို့ နိုင်ငံတော်ရဲ့အကျိုး၊ တိုင်းရင်းသားလူမျိုးအားလုံးရဲ့ဂုဏ်သိက္ခာတို့ကို ဆတက်ထမ်းပိုး တိုးမြှင့်သယ်ပိုးနိုင်တဲ့ နိုင်ငံ့သားကောင်းများဖြစ်ကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

## သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် အဘိဓမ္မတက္ကသိုလ်တို့၏ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးဩဝါဒ



၂၀၂၀ ပြည့်နှစ် နိုင်ငံတကာ နှစ်သစ်ကူး နှစ်ဦးကာလ အခါသမယမှ စ၍ ကမ္ဘာသူ ကမ္ဘာသား အားလုံး "သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာ၊ လိုရာဆန္ဒ ပြည့်ကြပါစေ" ဟု ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

ပြည်ထောင်စုဖွား မြန်မာနိုင်ငံ မျိုးနွယ်စုသားအားလုံးသည် ချမ်းသာသုခကို မြတ်နိုးကြပြီး ငြိမ်းချမ်းစွာနေထိုင်လိုကြသူများ ဖြစ်ကြပါတယ်။ သို့သော် ယနေ့တိုင် လိုချင်ဆန္ဒ အပြည့်အဝ မရရှိကြသေးသည်မှာ သတိသမ္ပဇဉ အားနည်းနေခြင်းကြောင့်သာ ဖြစ်ပါတယ်။

သတိသမ္ပဇဉကို တိုးမြှင့်လေ့ကျင့်ပြီး မလုပ်သင့်တာကိုရှောင်၍ လုပ်သင့်တာကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ကြရပါမယ်။ သို့မှသာ မိမိတို့ မျှော်လင့်ထားကြတဲ့ ချမ်းသာသုခနဲ့ ငြိမ်းချမ်းမှုကို ရရှိနိုင်ကြမှာ ဖြစ်ပါတယ်။

မလုပ်သင့်တာ လုပ်နေသမျှ၊ လုပ်သင့်တာ မလုပ်သေးသမျှ မည်သူမှ ချမ်းသာသုခမရနိုင်ပါ။ မလုပ်သင့်တာ လုပ်နေသမျှ ဆိုးကျိုးနဲ့သာ ကြုံတွေ့ရမှာဖြစ်ပြီး လုပ်သင့်တာ မလုပ်သမျှ ကောင်းကျိုးချမ်းသာနဲ့ ဝေးကွာနေမှာ ဖြစ်ပါတယ်။

နိုင်ငံတကာနှစ်သစ်ကူး ၂၀၂၀ ပြည့်နှစ် နှစ်ဦးကာလမှအစပြု၍ သတိသမ္ပဇဉတရား လက်ကိုင်ထားကာ အတ္တအကျိုး၊ ပရအကျိုး ပွားတိုးအောင် ဆောင်ရွက်နိုင်ကြပါစေ။

## နှစ်သစ်ကူးတရား အလှူတော် ဓမ္မသဘင်အခမ်းအနား သုံးရက်တိုင်တိုင် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်အခမ်းအနားကို ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်း ပြည်သူ့ဥယျာဉ်၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက် (ဗုဒ္ဓဟူးနေ့)မှ ဇန်နဝါရီ ၃ ရက် (သောကြာနေ့)အထိ သုံးရက်တိုင်တိုင် ညစဉ် ည ၇ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ ဇန်နဝါရီ ၂ ရက် (ကြာသပတေးနေ့)တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသနှင့် ဇန်နဝါရီ ၃ ရက် (သောကြာနေ့)တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရတို့ နှစ်သစ်ကူးတရားရေအေး အမြိုက်ဆေး တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သတိပေးနှိုးဆော်ချက်

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမ ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၀ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄-၁-၂၀၂၀ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက် (၀၂၀၀)အချိန်မှ (၀၉၀၀)အချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ယာဉ်အသုံးပြု သွားလာနေကြသူများ အနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာ မီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့ လည်းကောင်း၊ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ဧရာဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား




ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး နှစ်သစ်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျာ**

ယနေ့အချိန်အခါသည် ကျွန်တော်တို့နိုင်ငံအတွက် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့ဟာ မရှိမဖြစ် အရေးတကြီး လိုအပ်နေတဲ့အရာများ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ မှန်ကန်မျှတတဲ့ သဘောထားအမြင်များကိုအခြေခံပြီး နားလည်မှု၊ ယုံကြည်မှုတို့ဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ကြီးကို မလွဲမသွေ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့လွှတ်တော်သည်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေးရရှိနိုင်ဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့မှတစ်ဆင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများကို အသိပေး တင်ပြအပ်ပါတယ်။

တိုင်းရင်းသားပြည်သူများအနေနဲ့လည်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကျွန်တော်တို့လွှတ်တော်နဲ့အတူ ကျရာအခန်းကဏ္ဍမှနေပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲဖို့အတွက် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်နိုင်ကြပါစေ။

၂၀၂၀ နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒများ ပြည့်ဝနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ခင်ဗျား။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား




ချစ်ခင်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများနဲ့ ပြည်ပရောက်မြန်မာနိုင်ငံသားများအားလုံး နှစ်သစ်အခါသမယမှာ ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်းနဲ့ ပြည့်စုံပြီး လိုအင်ဆန္ဒများပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။

အချိန်ရာသီပြောင်းကာ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကို ရောက်ရှိဖြတ်သန်းရတော့မှာပဲ ဖြစ်ပါတယ်။ ခရစ်နှစ်တစ်နှစ်မှ တစ်နှစ်သို့ ကူးပြောင်းလာခဲ့ရာ ယခုဖြတ်သန်းရမည့် ၂၀၂၀ ပြည့်နှစ်သည် ထူးခြားကောင်းမွန်ခြင်းများဖြင့် ပြည့်စုံသောအသွင်ကို ဖော်ဆောင်မည့် နှစ်သစ်ဖြစ်ပေရာ ကျွန်တော်တို့အားလုံး ပျော်ရွှင်ကြည်နူးခြင်းများဖြင့် ကြိုဆိုကြရမှာ ဖြစ်ပါတယ်။

ယခုလို နှစ်သစ်ကူးအချိန်ခါမှအစပြု၍ နိုင်ငံသူနိုင်ငံသားများအနေဖြင့်လည်း အတိတ်ကာလတွင် မိမိတို့ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များ၏ အားနည်းချက်၊ အားသာချက်များ၊ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုအမျိုးမျိုးတို့အပေါ် သင်ခန်းစာအဖြစ်မှတ်ယူ၍ အနာဂတ်တွင် အောင်မြင်မှုအခွင့်အလမ်းကောင်းများ ရယူပိုင်ဆိုင်နိုင်ဖို့ ကြိုးစားကြရမှာပဲ ဖြစ်ပါတယ်။

မိမိတို့ကျရာအခန်းကဏ္ဍမှ ဆောင်ရွက်ရာတွင် မိမိတို့၏ ဆုပ်ကိုင်ထားသော အတ္တမာနများကိုစွန့်ပယ်၍ မျှဝေခြင်းများဖြင့် မေတ္တာထားဆောင်ရွက်ကြပါ။ ဆောင်ရွက်ဖွယ်ရာကိစ္စများကို ဆောင်ရွက်ရာမှာ ကိုယ်ကျင့်သီလကောင်းမွန်စွာဖြင့် စိတ်စေတနာကောင်းများထားကာ ပြုမူဆောင်ရွက်ပေးကြပါ။ အရေးကြီးလှျင် သွေးစည်းသည့်စိတ်နှင့် တိုင်းရင်းသားအားလုံးရဲ့ရင်ထဲမှာ အတူတူရှိနေသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ အရာရာကို ရင်ဆိုင်နိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါတယ်။

စုပေါင်းလုပ်ဆောင်ခြင်း၊ စုစည်းဆောင်ရွက်ခြင်းသည်သာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းအရင်းပဲဖြစ်လို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းသာယာဝပြော၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို အတူတကွ တည်ဆောက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံသူ နိုင်ငံသားများအားလုံး ၂၀၂၀ ပြည့်နှစ်မှသည် ကျန်းမာပျော်ရွှင်စွာဖြင့် သာယာချမ်းမြေ့သော လုပသည့် အနာဂတ်ဘဝများပိုင်ဆိုင်နိုင်ကြပါစေကြောင်းနှင့် ဘာသာတရားတိုင်း၏ အဆုံးအမများကို အစဉ်နှလုံးသွင်းဆောင်ရွက်နိုင်သူများ ဖြစ်ကြပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ၂၀၂၀ နှစ်သစ်မင်္ဂလာနေ့ရက်မှာ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်တို့ ၂၀၁၉ ခုနှစ်ကို ကျော်လွန်ဖြတ်ကျော်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်ကစပြီး ကျွန်တော်တို့နိုင်ငံအနေနဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းအပေါ်မှာ လျှောက်လှမ်းခဲ့တာ ကိုးနှစ်တာကာလကို ရောက်ရှိခဲ့ပြီး ဖြစ်ပါတယ်။ အတိတ်ကိုပြန်ကြည့်မယ်ဆိုရင် အောင်မြင်တာတွေရှိသလို အခက်အခဲတွေကို ကျော်လွှားခဲ့ရတာတွေလည်း ကျွန်တော်တို့ ရှိပါတယ်။ ၂၀၂၀ ပြည့်နှစ်ဟာ ကျွန်တော်တို့နိုင်ငံအတွက် ငြိမ်းချမ်းရေးအတွက်သော်လည်းကောင်း၊ နိုင်ငံရေးအတွက်သော်လည်းကောင်း အရေးပါတဲ့နှစ်တစ်နှစ်ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ အကောင်းဆုံးဖြစ်အောင် ဆောင်ကြဉ်းလုပ်ဆောင်သွားပါမယ်။ မိဘပြည်သူများကလည်း အစစအရာရာ ချင့်ချိန်သုံးသပ်ပြီးတော့မှ တပ်မတော်နဲ့လက်တွဲပြီး ဒီ ၂၀၂၀ ကာလကိုလည်း ကျော်လွန်ဖြတ်ကျော်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ မိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ထပ်လောင်းဆုတောင်းအပ်ပါတယ်ခင်ဗျာ။

### မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးရွာနိုင်သည်။

### မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော်၊ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ပုဂံဒေသတွင် နေဝင်ဆည်းဆာကြည့်ရှုသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကား



**ပုဂံ ဒီဇင်ဘာ ၃၁**

နှစ်သစ်ကူးရုံးပိတ်ရက်တွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ သမိုင်းဝင်ဘုရားပုထိုးများ၊ သမိုင်းဝင် သာသနိကအဆောက်အဦများ၌ ပြည်တွင်းပြည်ပ ခရီးသွားများနှင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ များပြားလျက်ရှိကြောင်းနှင့် ပုဂံ နေဝင်ချိန် နေဝင်ဆည်းဆာကြည့်ရှုရန် ပြုလုပ်ထားသည့် တောင်ကုန်းတုများပေါ်တွင် ပုဂံနေဝင်ဆည်းဆာကြည့်ရှုသူများ တိုးမပေါက်အောင် များပြားနေလျက်ရှိကြောင်း သိရသည်။

**လေ့လာမှတ်သား**

ပုဂံ-ညောင်ဦးဒေသသို့ လာရောက် လည်ပတ်သူများအနေဖြင့် ချမ်းအေးသည့် ဆောင်းရာသီကို ခံစားရင်း စေတီပုထိုးများကြား မြင်းလှည်းငှားစီးသည့် ဘုရားဖူးဧည့်သည်များ၊ စက်ဘီးဖြင့်သွားသည့် ပြည်တွင်းပြည်ပ ခရီးသွားများသည် ကားကြီး၊ ကားလေး၊ E-Bike စီးပြီး ရှေးဟောင်းစေတီပုထိုး၊ သာသနိကအဆောက်အဦများ လေ့လာကြသည်။ ပြည်တွင်းဘုရားဖူးများပါ ဘုရားဖူးခါတ်ပုံရိုက်မဟုတ်တော့ဘဲ ပုဂံဒေသ၏ အလွန်ရှေးကျသော သမိုင်းကြောင်းများကို စိတ်ဝင်တစား လေ့လာမှတ်သားနေကြပြီဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့မှ ဘုရားဖူးလာရောက်သည့် မဆွေဆွေသိန်းက ပြောသည်။

ပုဂံတွင် နေဝင်ဆည်းဆာကြည့်ရှုရန်အတွက် မြေသားကုန်းမြင့်များ ပြုလုပ်ပေးထားပြီး စူဠာမဏိဘုရားမြောက်ဘက်တွင် ညွှန်လက်တစ်ဖက်ကုန်းမြင့်၊ စူဠာမဏိဘုရားတောင်ဘက် ရေကန်ထိပ်တွင် ကိုမောက်ကြီးကုန်းမြင့်နှင့် မင်းနန်သူကျေးရွာရေကန်ထိပ် နေဝင်ဆည်းဆာကြည့်ရန် ကုန်းမြင့်တုများ ပြုလုပ်ပေးထားကြောင်း သိရသည်။ နှစ်သစ်ကူးရုံးပိတ်ရက်တွင် ထိုကုန်းမြင့်များ၌ နေဝင်ဆည်းဆာ ကြည့်ရှုသူများဖြင့် အထူးစည်ကား များပြားလျက်ရှိကြောင်း ဘုရားဖူးဧည့်သည်များက ပြောသည်။

ကိုထိန်(ငါ့သရောက်)

၀

# ဘာသာပေါင်းစုံမှ နှစ်သစ်ကူးဆုတောင်း စကားသံများ

တွေ့ဆုံမေးမြန်း - မင်းသစ်(MNA)၊ ဓာတ်ပုံ - လှမိုး


ဦးသောင်းထိုက်


ဦးလချူမန်း


စတီဖင်သန်းမြင့်ဦး


အလ်ဟာဂျ်ခလီဖွာ ဦးအေးလွင်


ဦးဆယ်မီဆယ်မူအယ်


ဦးတင်ဇော်မင်း

**မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးသောင်းထိုက်**

၂၀၂၀ နှစ်သစ်မှာ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများဟာ မတူကွဲပြားတဲ့ ဘာသာအယူအဆ အမျိုးမျိုးကို ယုံကြည်ကိုးကွယ်လျက်ရှိပါတယ်။ ဘာသာအယူအဆများ မတူကွဲပြားသော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့ ငြိမ်းချမ်းမှု၊ သာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားလုံးမှာ တာဝန်ရှိပါတယ်။

အားလုံးက ဝိုင်းဝန်းကြိုးစားဖို့ လိုအပ်ပါတယ်။ တစ်ဦးရဲ့ ဘာသာ၊ တစ်ဦးရဲ့ ယုံကြည်ကိုးကွယ်မှုကို တစ်ဦးက အပြန်အလှန်လေးစားပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးကို တိုးမြှင့်တည်ဆောက်သွားဖို့အတွက် ကျွန်တော့်အနေနဲ့ အထူးပန်ကြားလိုပါတယ်။ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ခြင်းမှသည် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဖြစ်ဖို့ အားလုံးက ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနဲ့ ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် နှစ်သစ်ကိုကြိုဆိုကြပါလို့ ကျွန်တော့်အနေနဲ့ ဆုတောင်းမေတ္တာပို့သပါတယ်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ဟိန္ဒူဘာသာဝင် ဂေါ်ရခါးလူမျိုးကိုယ်စားပြု ဗဟိုအဖွဲ့အလုပ်အမှုဆောင် ဦးလချူမန်း**

အမိမြန်မာနိုင်ငံတော်ကြီး ဒီထက်မက သာယာဝပြောပါစေ။ ကျွန်တော်တို့ဆီမှာရှိနေတဲ့ အချင်းချင်း မပြေလည်ခြင်းတွေလည်း အားလုံးပြီးပျောက်ပြီး တိုင်းပြည်ကြီး ငြိမ်းချမ်းပါစေ။ တိုင်းပြည်ကြီးငြိမ်းချမ်းဖို့ နိုင်ငံသူ နိုင်ငံသား အားလုံး တစ်ဦးချင်းဆီမှာ ငြိမ်းချမ်းချင်တဲ့စိတ် ဖြစ်ပေါ်နေမှ စလို့ရမှာဖြစ်ပါတယ်။

ဒီနေ့ဒီအချိန်မှာ အားလုံးရဲ့စိတ်ထဲမှာ ငြိမ်းချမ်းရေးလိုချင်နေကြပါပြီ။ တိုင်းရင်းသားတွေအားလုံး၊ နိုင်ငံသားတွေအားလုံး လိုချင်နေကြပြီဆိုတော့ သေချာပေါက် ငြိမ်းချမ်းသွားမယ်။ ငြိမ်းချမ်းသွားပြီဆိုရင် အာရှမှာတိုးတက်တဲ့ တိုင်းပြည်ဖြစ်လာမယ်။ ဒီအချိန်ကို အခက်အခဲတွေ ဖြတ်သန်းနေတယ်လို့ မြင်ပါတယ်။ ဒီအခက်အခဲတွေအားလုံးကို ကျော်ဖြတ်နိုင်ပါစေ၊ နိုင်ငံသူ နိုင်ငံသား အားလုံးကလည်း တိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံကြီးဆီကို အောင်မြင်စွာနဲ့ လျှောက်လှမ်းနိုင်ပါစေလို့ မေတ္တာစကားပြောကြားချင်ပါတယ်။

**မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်(အင်္ဂလီကန်) သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦး**

၂၀၂၀ က ကောင်းခြင်းမင်္ဂလာခံစားရမယ့်နှစ်ဖြစ်မယ်လို့ စိတ်ထဲက မျှော်လင့်မိပါတယ်။ အထူးသဖြင့် တိုင်းပြည်ရဲ့ စည်းလုံးညီညွတ်ခြင်း၊ တိုင်းပြည်ရဲ့ ကျေအေးခြင်း၊ တိုင်းပြည်ရဲ့ ငြိမ်းချမ်းငြိမ်သက်ခြင်းနဲ့တကွ မေတ္တာ ကရုဏာ ပွားတဲ့နှစ် တစ်နှစ်ဖြစ်မယ်လို့ ယုံကြည်တဲ့အတိုင်း ဖြစ်လာဖို့အတွက်လည်း ဆုမွန်ကောင်းတောင်းပါတယ်။

ငြိမ်သက်ခြင်းလို့ ပြောတဲ့အထဲမှာ ငြိမ်းချမ်းရေးပါ ပါတယ်။ ငြိမ်းချမ်းရေးလို့ ပြောတဲ့အခါမှာ အပြင်ပန်းတစ်ဖွဲ့နဲ့တစ်ဖွဲ့ရဲ့ ပဋိပက္ခတွေ၊ ငြိမ်းချမ်းဖို့အပြင် အဓိကငြိမ်းချမ်းရေးဆိုတဲ့အရာက အတွင်းကလာတဲ့အရာဖြစ်တဲ့အတွက် နှလုံးစိတ်ဝမ်းငြိမ်းချမ်းမှု၊ အေးချမ်းမှုလည်းရှိဖို့အတွက် အားလုံးကနေပြီး ဝိုင်းဝန်းဆုတောင်းဖို့လိုသလို ကိုယ်တိုင်လည်း အထူးမေတ္တာပို့ဆုတောင်းအပ်ပါတယ်။

**အစ္စလာမ်ဓမ္မဗိမာန်၏ ဦးဆောင်ဆော်သြရေးမှူး ငြိမ်းချမ်းမေတ္တာ ဘာသာပေါင်းစုံအဖွဲ့၏ အမြဲတမ်းအဖွဲ့ဝင် အလ်ဟာဂျ်ခလီဖွာ ဦးအေးလွင်**

၂၀၂၀ ပြည့်နှစ်မှာ အမိမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ ဘာသာပေါင်းစုံ ညီအစ်ကို မောင်နှမတွေအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ၊ ကမ္ဘာကြီးလည်း အေးချမ်းသာယာပါစေ၊ ဒါ ပထမဆုတောင်းပါ။

ဒုတိယဆုတောင်းက ကျွန်တော်တို့ ခေါင်းဆောင်ကြီးက ကမ္ဘာမှာ မြန်မာ့အလှကို ထုတ်ဖော်ပြီးပြနေပါတယ်။ မတူကွဲပြားမှုသည် အလှတရားဖြစ်ပါတယ်။ မတူကွဲပြားမှုသည် အားဖြစ်ပါတယ်။ ခြားနေတာမမှားဘူးလို့ ကမ္ဘာကို တင်ပြပါတယ်။ ကျွန်တော်တို့ တိုင်းသူပြည်သားတွေက နှစ်သစ်ကူးမှာ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်က ကတိပေးခဲ့တဲ့အတိုင်း မတူကွဲပြားမှုတွေကို အားအဖြစ် အသုံးချပြီး တစ်ယောက်နဲ့တစ်ယောက် နားလည်မှု၊ သည်းခံမှု၊ သဘောထားကြီးမှုနဲ့ အမိမြန်မာနိုင်ငံတော်ရဲ့ ဂုဏ်ရှိန်ကို မြှင့်တင်ပေးကြပါလို့ မေတ္တာပို့ဆုတောင်းအပ်ပါတယ်။

**မြန်မာနိုင်ငံ ဂျူးဘာသာအသင်းအဖွဲ့မှ ဦးဆယ်မီဆယ်မူအယ်**

မြန်မာပြည်ဆိုတာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ နေထိုင်တဲ့ တိုင်းပြည်ဖြစ်တဲ့အတွက် မတူကွဲပြားမှုတွေက အမြဲတမ်းရှိမှာပဲ။ အဲဒီလိုမတူကွဲပြားမှုတွေကို ကျွန်တော်တို့တွေက မတူကွဲပြားမှုရဲ့ အင်အား၊ မတူကွဲပြားမှုရဲ့ အလှတရားလို့ သဘောထားပြီး အားလုံးညီညီညွတ်ညွတ်နဲ့ ၂၀၂၀ တင် မဟုတ်ဘဲနဲ့ ရှေ့ဆက်ပြီး မြန်မာနိုင်ငံကြီး အေးအေးချမ်းချမ်း သာသာယာယာနဲ့ သွားနိုင်ပါစေလို့ ဆုတောင်းချင်ပါတယ်။

**နိုင်ငံလုံးဆိုင်ရာ ဗဟာအီသာသနာအဖွဲ့ချုပ်မှ အဖွဲ့ဝင် ဦးတင်ဇော်မင်း**

၂၀၂၀ နှစ်သစ်မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံးအနေနဲ့ ကျွန်တော်တို့ ရရှိပိုင်ဆိုင်ထားတဲ့ လူ့ဘောင်လောက လူမှုအသိုက်အဝန်းကြီး သာယာဝပြောဖို့၊ ယခုထက် ပိုမိုစစ်မှန်ပီပြင်တဲ့ ငြိမ်းချမ်းမှု၊ ပျော်ရွှင်မှုတွေဖြစ်ဖို့အတွက် လူဟာ တစ်မျိုးတည်းဆိုတဲ့ စည်းမျဉ်းရဲ့အောက်မှာ ကျွန်တော်တို့အားလုံးဟာ ညီရင်းအစ်ကိုမောင်ရင်းနှမထက် ပိုတဲ့ချစ်ခြင်းမေတ္တာတွေကို ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝတစ်သက်တာမှာ ကျင့်သုံးဆောက်တည်ကြိုးပမ်းအားထုတ်ကြရင်း အကောင်းဆုံး အတူယှဉ်တွဲနေထိုင်ခြင်းဖြင့် ကျွန်တော်တို့ရဲ့ ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးကို တည်ဆောက်တဲ့နေရာမှာ၊ ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်ကို တည်ဆောက်တဲ့နေရာမှာ၊ ပိုမိုကောင်းမွန်တဲ့ ရပ်ရွာလူထုကို ထူထောင်တဲ့နေရာမှာ ကျွန်တော်တို့တွေဟာ ဘုရားသခင်များ ကြိုက်နှစ်သက်တော်မူတဲ့ ကောင်းမြတ်ဖြူစင်သော၊ ကောင်းမြတ်တဲ့ လုပ်ရပ်တွေ၊ ချီးမွမ်းဖွယ်ကောင်းသော ပြုမူဆောင်ရွက်ချက်တွေနဲ့ တကယ့်ကို ကမ္ဘာလောကကြီးအတွက် အမှုတော်ထမ်းကောင်းတွေ၊ လုပ်သားကောင်းတွေအဖြစ် အမှုတော်ထမ်းရွက်နိုင်ကြပါစေလို့ နှစ်သစ်ဆုမွန်တောင်းလိုက်ပါတယ်။

# စာပေ၊ အနုပညာရှင်များ၏ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးဆုတောင်း စကားသံများ

မြတ်စန္ဒီ

**အကယ်ဒမီများရှင် ဒါရိုက်တာ ဦးကြည်စိုးထွန်း**

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး “လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ”၊ “သက်ရှည်ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒ ပြည့်ပါစေ”၊ “ မေတ္တာတရားလွှမ်းခြုံထား ပြန့်ပွား များပြားကြပါစေ”။

**မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာ ညီညီထွန်းလွင်**

၂၀၂၀ နှစ်သစ်မှာ တိုင်းသူပြည်သားတွေအားလုံး စားဝတ်နေရေး ပြေလည်ပြီး စစ်မှန်တဲ့ ဒီမိုကရေစီ စခန်းသာမှာ လမ်းဖြာဝမ်းသာနိုင်ကြပါစေ။

**စာရေးဆရာမ ဂျူး**

နှစ်သစ်မှာ မြန်မာပြည်သူအပေါင်း ပူပင်သောက ကင်းဝေးပြီး ငြိမ်းအေးစွာ၊ စိမ်းလန်းစွာ၊ ပြည့်စုံစွာ ကျန်းမာ ရွှင်လန်းကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**အဆိုတော် အောင်ထက်**

သီချင်းချစ်သူ ပရိသတ်ကြီး အားလုံး ၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာ အမြဲတမ်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတွေနဲ့ ပြည့်စုံပြီး ကြံစည်ဆောင်ရွက်သမျှ အလုပ်အကိုင်တွေအားလုံး အောင်မြင်ကြပါစေ။ ပျော်ရွှင်သာယာတဲ့ မိသားစုဘဝတွေကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**အဆိုတော် နီနီခင်ဇော်**

မြန်မာပြည်က ပရိသတ်တွေအားလုံး၊ တစ်ကမ္ဘာလုံးမှာရှိကြတဲ့ သူတွေအားလုံး ၂၀၂၀ ပြည့်နှစ်က စတင်ပြီး ပိုမိုငြိမ်းချမ်းပြီးတော့ သာယာလှပတဲ့ ဘဝတွေကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**သရုပ်ဆောင် ဇဏ်ခီ**

မြန်မာပြည်သူ ပြည်သားအားလုံး ဘေးရန်သောကအပေါင်းမှ ကင်းရှင်းကြပါစေ။ မြန်မာပြည်ကြီးလည်း အမြန်ဆုံးငြိမ်းချမ်းပြီး အာရှရဲ့ ကျားတစ်ကောင်အသွင်သို့ ဆယ်စုနှစ်တစ်ခုအတွင်းမှာ ပြောင်းလဲနိုင်ပါစေ။ ဘေးပယောဂအပေါင်းမှ ကင်းလွတ်ပါစေ။

**ဒါရိုက်တာ ခရစ်စတီးနားခ်ီ**

၂၀၂၀ နှစ်သစ်မှာ အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ။ စီးပွားဥစ္စာတွေ တိုးပွားပြီး ဘေးရန်အန္တရာယ်ခပ်သိမ်း ကင်းဝေးကြပါစေ။ မြန်မာပြည်ကြီးလည်း ငြိမ်းချမ်းပြီး အားလုံး အတူတကွ အေးချမ်းစွာနေထိုင်နိုင်ကြပါစေ။



ဦးကြည်စိုးထွန်း


ညီညီထွန်းလွင်


ဂျူး


အောင်ထက်


နီနီခင်ဇော်


ဇဏ်ခီ


ခရစ်စတီးနားခ်ီ

# စီးပွားရေးလုပ်ငန်းရှင်များ၏ နှစ်သစ်ကူးဆုတောင်းစကားသံများ


ဦးအောင်ကိုဝင်း


ဦးဇော်မင်းဝင်း


ဦးချစ်ခိုင်


ဒေါက်တာခင်ရွှေ


ဦးကိုကိုထွေး


ဦးမောင်ဝိတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက ဝဏ္ဏကျော်ထင် စည်သူ ဦးအောင်ကိုဝင်း**

မင်္ဂလာရှိသော နှစ်သစ်အခါသမယမှာ မြန်မာပြည်သူ ပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

နိုင်ငံတော်အစိုးရက ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ကျွန်တော်တို့ ပြည်သူ ပြည်သားအားလုံးကလည်း စည်းလုံးညီညွတ်သော စုပေါင်းအင်အားနဲ့ နိုင်ငံတော်အစိုးရနဲ့အတူ လက်တွဲဝန်းရံ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တာဝန်သိသော၊ တာဝန်ကျေပွန်သော ပြည်သူ ပြည်သားကောင်းများ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**ငြိမ်းချမ်းရေးကို တည်ဆောက်**

မင်္ဂလာရှိသော နှစ်သစ်အခါသမယမှာ တိုင်းရင်းသားညီနောင်အားလုံး စည်းလုံးညီညွတ်စွာနဲ့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် လေးစားချစ်ခင် ယုံကြည်လျက် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြပါစေ။ သဘာဝဘေးအန္တရာယ် အမျိုးမျိုး၊ ဘေးဘယာအမျိုးမျိုးတို့မှ ကင်းဝေးနိုင်ကြပြီး မျိုးဆက်သစ်လူငယ်တွေကို အညွန့်တုံးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ်မှလည်း ကင်းဝေးနိုင်ကြပါစေ။ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံး လူမှုစီးပွားဘဝ ပိုမိုမြင့်မား တိုးတက်ကောင်းမွန်နိုင်ကြပါစေ။ တရားမျှတမှန်ကန်တဲ့ တရားစီရင်ရေးစနစ်နဲ့ တရားဥပဒေရဲ့အကာအကွယ်ကို အပြည့်အဝ ခံစားရရှိနိုင်ကြပါစေ။

နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ ခေတ်မီတိုးတက်သော ပညာရေးစနစ်ကို ပိုင်ဆိုင်နိုင်ကြပြီး ပြည်သူများအားလုံး ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိနိုင်ကြပါစေ။ နိုင်ငံတော်ရဲ့ ကောင်းမြတ်တဲ့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေနဲ့ အမျိုးသားရေးလက္ခဏာတွေကို ထိပါးခြင်းမရှိစေတဲ့ လွတ်လပ်မှုနဲ့ လူ့အခွင့်အရေးကို လူတိုင်းလူတိုင်း ပြည့်ပြည့်ဝဝ ပိုင်ဆိုင်နိုင်ကြပြီး နှစ်သစ်မှာ စိတ်သစ်၊ ကိုယ်သစ်၊ အားအင်သစ်များနဲ့ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကို ထမ်းဆောင်နိုင်ကြပါစေ။

နိုင်ငံတော်အစိုးရနဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ စုပေါင်းအင်အားတွေနဲ့ ပေါင်းစပ်ဝန်းရံပြီး ကြုံတွေ့နေရတဲ့ ပြည်တွင်း ပြည်ပမှ အခက်အခဲအမျိုးမျိုးနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားကာ နှစ်သစ်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး တည်ဆောက်နေမှု ဆက်လက်တိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း**

နှစ်ဟောင်းကုန်၍ နှစ်သစ်မင်္ဂလာအခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံသူ နိုင်ငံသားများနဲ့ မြန်မာနိုင်ငံအား စိတ်စေတနာကောင်းနဲ့ အဘက်ဘက်က ကူညီပေးကြတဲ့ နိုင်ငံတကာမိတ်ဆွေတွေအားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာရှိကြပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သ၍ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း၊ တိုးတက်ဖွံ့ဖြိုးစေဖို့နဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေဖို့အတွက် ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို ဦးဆောင်နေတဲ့ မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်သည် နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့အတူ တစိုက်မတ်မတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**ဂုဏ်ယူဝမ်းမြောက်**

ထို့အတူ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှုမှသည် နိုင်ငံရဲ့ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ဆောင်ရန်အတွက် နိုင်ငံတော်အစိုးရသည် မိမိတို့ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ အသင်းအဖွဲ့တွေနဲ့ ပိုမိုနီးကပ်စွာ လက်တွဲကြိုးပမ်းမှု ပြုနေတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်စွာ ကျေးဇူးတင်ရှိပါတယ်။

ထိုသို့ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်မှာ ကုန်သည်စက်မှုအသင်းချုပ် အမှုဆောင်တွေ အပါအဝင် ညီနောင်အသင်းတွေ၊ အသင်းဝင်တွေနဲ့ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးက လာမယ့်နှစ်သစ်ကာလအတွင်း ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြဖို့နဲ့ နှစ်သစ်မင်္ဂလာမှာ နိုင်ငံတော်ရဲ့ အကျိုးစီးပွား၊ ပြည်သူများရဲ့ အကျိုးစီးပွားနဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အကျိုးစီးပွားတွေ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှု အကျိုးရလဒ်ကောင်းတွေ ရရှိခံစားနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။

**မြန်မာ့ရွှေဆောင်ဘဏ်ဥက္ကဋ္ဌ ဦးချစ်ခိုင်**

လက်ရှိတိုင်းပြည်ရဲ့ အခြေအနေအရကတော့ ငြိမ်းချမ်းရေးပါပဲ။ ဖြစ်ပေါ်နေတဲ့ အနေအထားနဲ့ ပြည်သူလူထုခံစားနေရတဲ့ မလုံခြုံမှုနဲ့ ဒုက္ခသည်တွေဖြစ်နေတဲ့ ကိစ္စတွေ ပြီးပျောက်သွားစေချင်ပါတယ်။ ဒီလိုငြိမ်းချမ်းမှလည်း စီးပွားရေးရှုထောင့်က ပြောလို့ရှိရင် ရင်းနှီးမြှုပ်နှံမှုအပိုင်းက ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လုံခြုံစိတ်ချစွာနဲ့ အမြောက်အမြား အလုံးအရင်းနဲ့ ဝင်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ တိုင်းပြည်ကလည်း နှစ် ၇၀ လောက်ကြာပြီ၊ မငြိမ်းချမ်းသေးတဲ့အခါကျတော့ ဒီအချိန် ဒီကာလမှာ ငြိမ်းချမ်းရေးက အထူးလိုအပ်နေတဲ့အတွက် ငြိမ်းချမ်းတဲ့အနေအထားကို အမြန်ဆုံး ပြီးပြည့်စုံတဲ့ အနေအထားရောက်ပါစေလို့ ဆုတောင်းပေးပါတယ်။

**အကျိုးစီးပွား တိုးတက်အောင်ဆောင်ရွက်**

စီးပွားရေးကောင်းလာဖို့ အဓိကကတော့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာမှုအပိုင်းက ပိုအရေးကြီးပါတယ်။ သူတို့ ဝင်လာတဲ့အခါကျမှ ရင်းနှီးမြှုပ်နှံမှု ပိုများပြားမယ်။ အလုပ်အကိုင်အခွင့်အလမ်း ဖော်ထုတ်နိုင်မှုတွေ ပိုများပြားမယ်။ နည်းပညာပိုင်းဆိုင်ရာ လွှဲပြောင်းသင်ယူနိုင်မှုတွေ ပိုများပြားမယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့က ကဏ္ဍတစ်ခုတည်းကိုပဲ စုပြုံလုပ်တာမျိုးမဟုတ်ဘဲနဲ့ နိုင်ငံတော်အတွက်လိုအပ်တဲ့ စိုက်ပျိုးရေးနယ်ပယ်၊ အခြားနယ်ပယ်တွေမှာလည်း အင်တိုက်အားတိုက် ရင်းနှီးမြှုပ်နှံပြီး တိုင်းပြည်ရဲ့အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ဖို့သင့်ပါတယ်။

အရေးကြီးတာက အားလုံးမတူကွဲပြားတဲ့ကိစ္စတွေ၊ ကျွန်တော်တို့လည်း ကျောင်းသားဘဝကတည်းကနေလာတဲ့အခါမှာ ကျွန်တော်တို့သူငယ်ချင်းတွေ ဟိန္ဒူတွေရှိတယ်၊ မွတ်စလင်တွေရှိတယ်၊ ခရစ်ယာန်တွေရှိတယ် အားလုံး ချစ်ချစ်ခင်ခင်နဲ့ လက်တွဲပြီးတော့ တက္ကသိုလ်တွေမှာနေခဲ့ကြပါတယ်။ ကျောင်းတွေမှာ နေခဲ့ကြတယ်၊ အင်မတန်လည်း ခင်မင်ပါတယ်။ အေးချမ်းခဲ့တယ်။ အဲဒီအခင်းအကျင်းကြီးဟာ နိုင်ငံမှာ ပြောင်းလဲသွားတယ်။ ပြောင်းလဲမှုဖြစ်ပေါ်နေတဲ့ အနိဋ္ဌာရုံတွေဟာ ပြည်သူလူထုနဲ့ တိုင်းရင်းသားတွေပဲ ခံစားရတာပါ။ ဒီဟာတွေကို အမြန်ချုပ်ငြိမ်းပြီးတော့ တကယ်ရည်မှန်းတဲ့ ငြိမ်းချမ်းတဲ့ နိုင်ငံသစ်၊ ဖွံ့ဖြိုးတဲ့နိုင်ငံသစ်ကို တစ်ဦးစီမှာတာဝန်ရှိတဲ့အတွက် ဒါတွေအားလုံးကို အမြန်ဆောင်ရွက်နိုင်တဲ့၊ ပြည့်စုံနိုင်တဲ့ အနေအထားရောက်ပါစေ။ ကျွန်တော်တို့က အသက်အရွယ်ရလာပြီဖြစ်တဲ့အတွက် အနာဂတ်မျိုးဆက်သစ်တွေအတွက်ကို နေရောင်ခြည်အစွန်းအစလေး မြင်ရပါစေလို့ ဆုတောင်းပါတယ်။

**ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ**

၂၀၁၉ ခုနှစ်ကနေ ၂၀၂၀ ကို ကူးပြောင်းရောက်ရှိလို့လာပါပြီ။ နိုင်ငံနဲ့ လူမျိုးအတွက် တိုင်းပြည်အတွက် အခုဆိုရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း သူ့ရဲ့ရိုးသားတဲ့ဂုဏ်နဲ့ ဦးဆောင်နေပါတယ်။ သူ့ရဲ့ရိုးသားမှုအပေါ် အသိအမှတ်ပြုပြီး တိုင်းပြည်အတွက် ရှေ့ဘယ်လိုကောင်းအောင်လုပ်ကြမလဲ။ ဒီထက်ပိုပြီး ဖွံ့ဖြိုးအောင် ဘယ်လိုလုပ်ကြမလဲ။ အထူးသဖြင့် အောက်ခြေမိသားစုတွေရဲ့ စားဝတ်နေရေး ဘယ်လိုပြေလည်အောင်လုပ်ကြမလဲ၊ အခုလက်ရှိ မြန်မာပြည် အနေအထားက ကမ္ဘာနဲ့ယှဉ်ရင် အောက်ဘက်ကို ရောက်နေပါတယ်။ အဆင့်အတန်းတစ်ခုအထိ ပြန်ရောက်အောင် ဆွဲတင်ဖို့က လူတိုင်းမှာ တာဝန်ရှိပါတယ်။

**စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်**

တညီတညွတ်တည်း ၂၀၂၀ မှာ စည်းလုံးညီညွတ်စွာနဲ့ ဝိုင်းဝန်းဆောင်ရွက်ပေးဖို့ လိုပါတယ်။ အဓိကအားဖြင့် ငြိမ်းချမ်းဖို့လိုပါတယ်။ မငြိမ်းချမ်းရင် စီးပွားရေးလည်း မကောင်းနိုင်ပါဘူး။ ငြိမ်းချမ်းရေးက စီးပွားရေးဖြစ်သလို နိုင်ငံရေး၊ လူမှုရေးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးရဖို့ အလွန်အရေးကြီးပါတယ်။ နိုင်ငံတော်ကနေ ဆက်လက်ပြီးတော့ ယခုထက်ပိုမိုပြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးပါလို့ တိုက်တွန်းချင်ပါတယ်။ လက်ရှိစီးပွားရေးအနေအထားကိုကြည့်ရင် စီးပွားရေးကလည်နေတဲ့အတွက် စီးပွားရေးကောင်းလာဖို့အတွက်လည်း လူတိုင်းမှာ တာဝန်ရှိပါတယ်။ နေပူထဲမှာ နေရတဲ့ လူက အရိပ်ရဲ့တန်ဖိုးကို ပိုနားလည်သိရှိသလို မငြိမ်းချမ်းသေးတဲ့ ဒေသမှာနေထိုင်တဲ့လူတွေကလည်း သူတို့အမြဲတမ်းကြုံတွေ့နေရတဲ့ ခါးသီးတဲ့ အတွေ့အကြုံတွေအစား ငြိမ်းချမ်းနေတဲ့ ဒေသကလူတွေ ပျော်ရွှင်ခံစားရသလို သူတို့လည်း ဒီလိုအသီးအပွင့်ကို ရယူခံစားချင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံအနှံ့အပြား ငြိမ်းချမ်းရေးရဖို့ အရေးကြီးပါတယ်။

ယနေ့ကမ္ဘာမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေက လမ်းကြောင်းသုံးခုနဲ့ လည်ပတ်နေကြပါတယ်။ နံပါတ်(၁) က ငြိမ်းချမ်းရေးဖြစ်ပါတယ်။ နံပါတ်(၂) က ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါတယ်။ နံပါတ်(၃) က နှစ်ဦးနှစ်ဖက် အကျိုးရှိမယ့် တိုးတက်ရေးလမ်းကြောင်း ဒီသုံးခုနဲ့ သွားနေတာဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးရဖို့ အားလုံးပူးပေါင်းဆောင်ရွက်မှသာ နိုင်ငံက ဘက်ပေါင်းစုံမှာ တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးရဖို့ လိုအပ်ပါတယ်။

**မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ ဥက္ကဋ္ဌ ဦးကိုကိုထွေး**

ကျွန်တော်တို့ မကြာခင်ကာလအတွင်းမှာ ၂၀၂၀ နှစ်သစ်ကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ နှစ်သစ်ကူး နောက်နှစ်ခါအတွက်ကို မြန်မာနိုင်ငံဟာ စီးပွားရေးကောင်းမွန်ပြီးတော့ ငြိမ်းချမ်းသာယာတဲ့ နိုင်ငံဖြစ်ပါစေလို့ ပထမဆုံး ဆုတောင်းလိုပါတယ်။ နောက်တစ်ခုက ဆုတောင်းရုံတစ်ခုတည်းနဲ့လည်း မပြည့်စုံပါဘူး။ ဆုတောင်းတဲ့နောက်ကို ကျွန်တော်တို့လိုက်ပြီး လုပ်မှသာ ပြီးပြည့်စုံမှာဖြစ်ပါတယ်။ ဒါကြောင့် အားလုံးသော ပြည်သူ ပြည်သားရော၊ အစိုးရရော အေးချမ်းသာယာအောင်၊ စီးပွားရေးကောင်းမွန်အောင် ကျွန်တော်တို့ ဝိုင်းဝန်းလုပ်ဆောင်ကြမှသာ အောင်မြင်မှုဖြစ်ပေါ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးလုပ်ငန်းရှင်ရော၊ လုပ်သားပြည်သူအားလုံး၊ ဝန်ထမ်းလုပ်သားတွေရော ပိုမိုကောင်းမွန်တဲ့ စနစ်ကျတဲ့ စီးပွားရေးကို အကောင်အထည်ဖော်ဖို့ အဓိကလိုအပ်ပါတယ်။ အဲဒီလို အကောင်အထည်ဖော်ဖို့ ဦးဆောင်ရမှာ နိုင်ငံတော်အစိုးရပဲ ဖြစ်ပါတယ်။

**အစီအမံတွေ စီမံပေးဖို့လို**

ဒါကြောင့် နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုနဲ့ စီးပွားရေးကောင်းအောင်၊ ငြိမ်းချမ်းသာယာအောင်ဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။ ဦးဆောင်တဲ့နေရာမှာ နိုင်ငံတော်အစိုးရကလည်း စီးပွားရေးလုပ်ငန်းကို တကယ်ကောင်းမွန်အောင် လုပ်ပေးနိုင်တဲ့ အစီအမံဆိုတဲ့နေရာမှာ ဒီနေ့ ငွေကြေးလည်ပတ်မှု အားနည်းနေတာကို ငွေကြေးလည်ပတ်မှုကောင်းအောင် လုပ်ပေးဖို့ရယ်၊ ဒီနေ့လုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် တွန်းအားပေးတဲ့အနေနဲ့ မြေယာကဏ္ဍတွေ ဖွံ့ဖြိုးလာအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာအောင်ဆိုရင် နိုင်ငံတော်က ပထမဆုံး လုပ်ပေးသင့်တာကတော့ ဒီလုပ်ငန်းတွေကို အလွယ်တကူနဲ့ အမြန်ဆုံးလုပ်နိုင်အောင် အစီအမံတွေ စီမံပေးဖို့လိုပါတယ်။ အဲဒီအစီအမံတွေကို မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းအနေနဲ့ မကြာမီ တင်ပြဖို့ စုစည်းနေပါတယ်။

အဲဒီအစီအမံတွေကို လုပ်ဆောင်ပေးလိုက်လို့ရှိရင် ဒီနေ့ဆင်းရဲတဲ့ တိုင်းပြည်ကနေ ချမ်းသာတဲ့ တိုင်းပြည်ဖြစ်လာဖို့၊ ဆင်းရဲနေတဲ့ပြည်သူတွေ စားဝတ်နေရေး ပြေလည်ပြီး ဖူလုံတဲ့အပြင် စိတ်ချမ်းသာ လက်ချမ်းသာနဲ့ ဘဝကို ဖြတ်သန်းနိုင်ဖို့ အဲဒီလိုစီးပွားရေးကောင်းတဲ့အပေါ်မှာအခြေခံပြီး တိုင်းပြည်ရဲ့ငြိမ်းချမ်းရေးအတွက် ရင်ကြားစေ့နိုင်အောင် ပြုလုပ်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျွန်တော်ပြောနေတာဖြစ်ပါတယ်။

**စေပိုင်ဖွံ့ဖြိုးမှုလီမိတက် ဥက္ကဋ္ဌ ဦးမောင်ဝိတ်**

လာမယ့်နှစ်သစ်ကို ကြည့်တဲ့အခါမှာ ထူးခြားတဲ့ဂဏန်းနဲ့ ဖွဲ့စည်းထားတဲ့ ၂၀၂၀ ပြည့်နှစ် ဖြစ်နေတာကို တွေ့ရပါတယ်။ စိတ်ဝင်စားစရာတွေ၊ ရင်ခုန်စရာတွေ များစွာရှိလာမယ့် နှစ်တစ်နှစ်ဖြစ်မယ်လို့ ထင်ပါတယ်။ နှစ်ဆယ်နှစ်ဆယ်ဆိုတဲ့အတိုင်း နှစ်ခံထားရတဲ့ အဖြစ်တွေ၊ နစ်နေတဲ့အဖြစ်တွေရှိခဲ့လျှင်လည်း နှစ်သစ်မှာ ဆယ်တင်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ ၂၀၂၀ နှစ်သစ်မှာ ကျွန်တော်တို့အားလုံး ငြိမ်းချမ်းသာယာပြီး စီးပွားဥစ္စာများပေါများလျက် ကျန်းမာရွှင်လန်းရှိကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**တွေ့ဆုံမေးမြန်း – သီသီမင်း၊ မင်းသစ်(MNA)**

**ဓာတ်ပုံ – နေလင်း**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသူများ၏ ၂၀၂၀ ပြည့် နှစ်သစ်ကူးဆုတောင်းစကား

၂၀၁၉ ခုနှစ်သည် နှစ်ဟောင်းအဖြစ်ကျန်ခဲ့ပြီး တစ်နှစ်တာကုန်ဆုံးခဲ့ပြီဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် နှစ်သစ်သည် ရွေးကောက်ပွဲများအပါအဝင် ငြိမ်းချမ်းရေးဖြစ်စဉ် အကောင်အထည်ဖော်မှုများနှင့်အတူ အခင်းအကျင်းအသစ်အဖြစ် ချင်းနင်းဝင်ရောက်လာပါတော့မည်။ ထို့ကြောင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်ကြသူများ၏ နှစ်သစ်နှုတ်ခွန်းဆက်ဆုတောင်းစကားနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို သိရှိနိုင်စေရန် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။


ဦးလှမောင်ရွှေ


စောမြရာဇာလင်း


ခွန်မြင့်ထွန်း


ဦးမျိုးဝင်း

**ဦးလှမောင်ရွှေ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင်**
**ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင်**

၂၀၂၀ ပြည့်နှစ် နှစ်ဆန်းကစပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်မယ်ဆိုတာ မိဘပြည်သူများကို နှစ်သစ်ရဲ့ မင်္ဂလာသတင်းအနေနဲ့ ပေးပို့အပ်ပါတယ်။ ဇန်နဝါရီလ ဒုတိယပတ်မှာ စတင်မယ့် တရားဝင်ဆွေးနွေးပွဲတွေကနေပြီးတော့မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ရောက်ရှိအောင်သွားနိုင်မှာဖြစ်သလို NCA လက်မှတ်မရေးထိုးထားရသေးတဲ့ အဖွဲ့တွေကိုလည်း ၂၀၂၀ ပြည့်နှစ်အတွင်းမှာ လက်မှတ်ရေးထိုးနိုင်ဖို့ ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်ရော၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ကပါ ဆက်လက်ကြိုးပမ်းမယ်ဆိုတာကိုလည်း အသိပေးတင်ပြအပ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာ အားလုံးပျော်ရွှင်ချမ်းမြေ့ကြပါစေ။ ငြိမ်းချမ်းလွတ်လပ်တဲ့ဘဝကို ရနိုင်ကြပါစေလို့ ကျွန်တော်တို့ငြိမ်းချမ်းရေးကော်မရှင်ကလည်း ဆုမွန်ကောင်းတောင်း ဂါရဝပြုပါတယ်။ မိဘပြည်သူများကလည်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ကျွန်တော်တို့အားလုံးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ ဒီနေရာကနေ မေတ္တာရပ်ခံတင်ပြလိုပါတယ်။

**စောမြရာဇာလင်း**
**ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ဒုတိယခေါင်းဆောင်**
**(ALP– ရခိုင်ပြည်လွတ်မြောက်ရေးပါတီ) UPDJC အတွင်းရေးမှူးအဖွဲ့ဝင်**

၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာ မြန်မာတစ်နိုင်ငံလုံးမှာ ရှိနေကြတဲ့ တိုင်းရင်းသူ တိုင်းရင်းသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဟာ အန်မတန်မှ အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးသာမရဘူးဆိုရင် ကျွန်မတို့ပြည်သူတစ်ရပ်လုံးက စိတ်မချမ်းသာခြင်း၊ ကိုယ်မချမ်းသာခြင်းတွေနဲ့ ကြုံတွေ့နေရမှာဖြစ်ပါတယ်။ အထူးသဖြင့် ရခိုင်ပြည်နယ်ရဲ့အရေးဟာ ပိုမိုအရေးကြီးပါတယ်။ အသက်အိုးအိမ်လုံခြုံမှုနဲ့ အားလုံးစိတ်ချမ်းသာဖို့ဆိုရင် ဖြစ်ပွားနေတဲ့ စစ်ပွဲတွေကို ရပ်ဆိုင်းဖို့အရေးကြီးပါတယ်။ တိုင်းပြည်အေးချမ်းသာယာဖို့အတွက် တိုက်ပွဲတွေမှာ ပါဝင်ပတ်သက်နေကြသူများအားလုံး တိုင်းပြည်ငြိမ်းချမ်းရေးကို ရှေးရှုပြီးတော့မှ တိုင်းပြည်ကောင်းစားရေးအတွက် ဦးတည်ဆောင်ရွက်ကြဖို့ အလေးထားတိုက်တွန်းလိုပါတယ်။

**ခွန်မြင့်ထွန်း (ဒုတိယဥက္ကဋ္ဌ)**
**ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့–PNLO**

ကျွန်တော်တို့ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်အနေနဲ့ ပြောရမယ်ဆိုရင် အခုငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အရင်ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ မတူတဲ့အချက် နှစ်ချက် ရှိပါတယ်။ (၁) နိုင်ငံရေးဆွေးနွေးမှုအပေါ်မှာ အခြေခံတယ်။ (၂) ပြည်သူလူထုပါဝင်မှုကို အခြေခံတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်တည်ဆောက်မှုအောင်မြင်ဖို့ဆိုရင် နိုင်ငံရေးဆွေးနွေးမှုနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ တစ်ပြိုင်တည်း လိုအပ်တာဖြစ်ပါတယ်။ ယနေ့ငြိမ်းချမ်းရေးဖြစ်စဉ်၊ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်တွေကို ခေါင်းဆောင်တွေ၊ လက်နက်ကိုင်ထားတဲ့သူတွေ လက်ထဲမှာပဲ ထားလို့မရပါဘူး။ ကျွန်တော်တို့ပြည်သူလူထုကပါ အားလုံးအတူတကွ ပူးပေါင်းပြီး ဖော်ဆောင်ရမှာဖြစ်ပါတယ်။

**ဦးမျိုးဝင်း (ဒုတိယဥက္ကဋ္ဌ)**
**(မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး–ABSDF)**
**UPDJC အတွင်းရေးမှူးအဖွဲ့ဝင်**

၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရဖို့အတွက် ကျွန်တော်တို့ ဒီထက်မက ပိုမိုအားထုတ်ကြိုးပမ်းသွားဖို့ ရည်ရွယ်ထားပါတယ်။ ၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာ ပြည်သူလူထု စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံမှုရှိနိုင်ဖို့အတွက်ဆိုရင်တော့ ပဋိပက္ခမှာ ပါဝင်သူအားလုံးဟာ ပြည်သူလူထုကို မျက်နှာမူပြီး ဖွဲ့ရှိရှိနဲ့ကြိုးပမ်းရပါလိမ့်မယ်။ အာဃာတတရားတွေ၊ ရန်လိုမှုတွေ ဖြေလျှော့နိုင်ပြီးတော့မှ တိုင်းပြည်ရဲ့အနာဂတ်ကို ငြိမ်းချမ်းရေးတည်ဆောက်ပြီးတော့ နှစ်သစ်ကိုကြိုဆိုကြပါလို့ တိုက်တွန်းလိုပါတယ်။

၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုဆောင်ရွက်နိုင်ဖို့အတွက် NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေ ပိုမိုကြိုးပမ်းနေပါတယ်ဆိုတဲ့ ပြည်သူလူထုကို သတင်းကောင်းပါးချင်ပါတယ်။ ဒါတွေဟာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွေမတိုင်ခင် ငြိမ်းချမ်းရေးညီလာခံတစ်ကြိမ် ကျင်းပနိုင်ရေးကို ရည်ရွယ်ပါတယ်။ အောင်မြင်အောင်ကျင်းပနိုင်ရေးအတွက် ရည်ရွယ်ထားတယ်။ ရွေးကောက်ပွဲအလွန်မှာလည်း နောက်တက်လာမယ့် အစိုးရနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်သွားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်အတွင်းမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဒီထက်မက ဆောင်ရွက်နိုင်လိမ့်မယ်၊ ကြိုးပမ်းအားထုတ်နိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ယုံလည်း ယုံကြည်ပါတယ်။

**မေး၊ ရေး–ရဲခေါင်ညွန့်၊ ဓာတ်ပုံ–ဖိုးထောင်**

# မန္တလေးသံစဉ်ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူးဂီတပွဲတော် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးဒေသခံ မြို့မိမြို့ဖများနှင့် မန္တလေးအခြေစိုက်တိုင်းရင်းသားလူမျိုးစုများအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မန္တလေးသံစဉ်ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူးဂီတပွဲတော်ကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) ည ၇ နာရီတွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ အနုစ်သာရရှိစွာဖြင့် စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**ဂန္ထဝင်မြောက်ဖြစ်**

''အခုကျင်းပမယ့် မငြိမ်းချမ်းလို့မဖြစ်ဘူးဂီတပွဲတော်ဟာ ကျွန်တော်တို့တစ်သက် မန္တလေးမှာ အကြီးကျယ်ဆုံးပွဲဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် ဒီသီချင်းရဲ့ အနှစ်သာရကို မန္တလေးရဲ့ယဉ်ကျေးမှု၊ မန္တလေးရဲ့ပုံရိပ်ဟန်တွေနဲ့ ပိုမိုပေါ်လွင်အောင် ဖျော်ဖြေတင်ဆက်သွားမှာဖြစ်တဲ့အတွက် ဒီပွဲတော်မှာ မီဒီယာသမားများလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမယ်ဆိုရင် စည်စည်ကားကား ထည်ထည်ဝါဝါနဲ့ သီချင်းရဲ့ အဓိပ္ပာယ်အနှစ်သာရနဲ့အညီ ဂန္ထဝင်မြောက်ဖြစ်သွားမယ်လို့ ယုံကြည်ပါတယ်''ဟု မန္တလေးဒေသခံ မြို့မိမြို့ဖ ဦးသိန်းတန်က အဆိုပါပွဲတော် ကျင်းပရန်အတွက် ဒီဇင်ဘာ ၃၁ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများအား ပြောသည်။

ဆက်လက်၍ အဆိုပါရှင်းလင်းပွဲတွင် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးအခြေစိုက်တိုင်းရင်းသားလူမျိုးစုများအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်က လွတ်လပ်ရေးရပြီးနောက် မြန်မာ့သမိုင်းကြောင်းတွင် အကြောင်းအမျိုးမျိုးကြောင့် မငြိမ်းချမ်းသည့်ဖြစ်စဉ်များဖြင့် ဖြတ်သန်းရင်ဆိုင်နေရသည့်အတွက် ငြိမ်းချမ်းရေးကို ပြည်သူအားလုံးက အထူးလိုလားနေကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးအတွက် လိုအပ်နေသည့် စည်းလုံးညီညွတ်မှုကို ဂီတအနုပညာဖြင့် ပြည်သူများ၏ နှလုံးသားထဲသို့ ရောက်ရှိစေရန် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော်ကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း ပြောသည်။

အဆိုပါ မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတသံစဉ်သီချင်းသည် ငြိမ်းချမ်းမှုမရှိသည့် ဖြစ်စဉ်များကို လက်တွေ့ခံစားခဲ့ရသည့် ကယားပြည်နယ်မှ စတင်ပေါက်ဖွားလာခဲ့ကြောင်း၊ တစ်နိုင်ငံလုံးငြိမ်းချမ်းမှုရရှိစေရန်အတွက် မငြိမ်းချမ်းသည့်ဖြစ်စဉ်များတွင် ပါဝင်သူအားလုံး၏ နှလုံးသားတွင် အတ္တမာနနှင့် မတူကွဲပြားမှုများကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ အဆိုပါသီချင်းကို တေးရေးဆရာ သစ်လွင်အောင်က လက်တွေ့ခံစားရမှုနှင့် ရင်တွင်းဖြစ်ပေါ်မှုများကို ပေါင်းစပ်ခံစားရေးဖွဲ့ပြီး အဆိုတော်ဒေသခံ ကယန်းတိုင်းရင်းသူ နော်ဂူးဂူးနှင့် ဒေသခံတီးဝိုင်းငယ်လေးဖြင့် စတင်သီဆိုတီးခတ်ကာ အဆိုပါသီချင်း စတင်ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း ကယန်းတိုင်းရင်းသားလူမျိုးစုအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်က ပြောသည်။

မန္တလေးသံစဉ်ဂန္ထဝင်ပုံရိပ်နှင့် မငြိမ်းချမ်းလို့မဖြစ်ဘူး ဂီတပွဲတော်တွင် သီချင်းစာသား၏ အနှစ်သာရကို ပေါ်လွင်စေရန် ဇာတ်ညွှန်းရေးဖွဲ့စုစည်း၍ သရုပ်ဖော်တင်ဆက်မည့် စာရေးဆရာ ဆူးငှက်ကလည်း '' ဒီသီချင်းရဲ့သံစဉ်နဲ့ စာသားက အင်မတန်အနှစ်သာရရှိတယ်။ ကျွန်တော်တို့နိုင်ငံက ဒီလိုသာငြိမ်းချမ်းမှုမရှိဘဲ ဆက်လက်ဖြစ်သွားမယ်ဆိုရင် နောင်မျိုးဆက်သစ်တွေလက်ထက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဆိုတာ ပျောက်ကွယ်သွားလိမ့်မယ်။ ဒီသီချင်းစာသားထဲမှာလည်း ဒီလိုသာမငြိမ်းချမ်းတော့ဘူးဆိုရင် တိုင်းပြည်မဲ့တဲ့ လူမျိုးဖြစ်တော့မယ်လို့ သီဆိုထားပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ မျိုးဆက်သစ်လူငယ်တွေရဲ့ ရင်ထဲမှာ မငြိမ်းချမ်းလို့မဖြစ်တော့ဘူးဆိုတဲ့ စကားလုံးတွေ ရောက်သွားပြီး အသိစိတ်ဓာတ်လေးတွေ ဖြစ်ပေါ်လာစေဖို့ ဒီပွဲတော်ကို ကျင်းပခြင်းဖြစ်ပါတယ်''ဟု ပြောသည်။

**သရုပ်ဖော်တင်ဆက်သွားမည်**

အဆိုပါဂီတပွဲတော်တွင် မငြိမ်းချမ်းလို့မဖြစ်ဘူး သီချင်းစာသားအား အနှစ်သာရရှိစွာ ကြည့်ရှုနားဆင်ခံစားနိုင်စေရေးအတွက် နောက်ခံစကားပြောများ၊ သမိုင်းမှတ်တမ်းများ၊ ငြိမ်းချမ်းခြင်းနှင့် မငြိမ်းချမ်းသည့် ကာလများတွင် နေထိုင်ရသည့် ဘဝဖြစ်စဉ်များအား ဇာတ်ညွှန်းများရေးဖွဲ့ကာ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)မှ အနုပညာရှင်များနှင့် ကယန်းတိုင်းရင်းသားလူမျိုးစုများ စုပေါင်း၍ အင်အား ၇၀၀ ကျော်နှင့်အတူ ဂီတမိတ်ဝိုင်းတော်သားများဖြင့် တီးခတ်သီဆို သရုပ်ဖော်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ–အောင်ဖြိုးကျော်**

# မော်ဘီမြို့နယ်၌ ကရင်နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မော်ဘီ ဒီဇင်ဘာ ၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ်တွင် ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီ(မော်ဘီ)က ကြီးမှူးကျင်းပသည့် ကရင်နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၂၆ ရက်က ကျောက်ပုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကရင်အမျိုးသားအလံအားလွှင့်တင်၍ အလေးပြုကြပြီး ပွဲတော်ကျင်းပရေးနာယက ဆရာတော် ဦးအာစိဏ္ဏက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားကာ ပွဲတော်ကျင်းပရေးကော်မတီဝင်တစ်ဦးက ကရင်လူမျိုးဆင်းသက်လာပုံ၊ ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံ၊ ကရင်အလံတော်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ဖတ်ကြားခဲ့သည်။ အခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

အဆိုပါပွဲတော်ကို ရိုးရာလက်ဝှေ့ပွဲများ၊ သက်ကြီးပူဇော်ပွဲ၊ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ၊ အားကစားအမျိုးမျိုးပြိုင်ပွဲများ၊ ကရင်ရိုးရာအသုံးအဆောင်ပြပွဲ၊ ပြခန်းများကို ခင်းကျင်းပြသထားပြီး ညနေပိုင်းတွင် ကရင်ဒုံးယိမ်းအကများ၊ စတိတ်ရှိုးများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**အေးသိန်း(မော်ဘီ)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုဆောင်းပါး

# ကျေးဇူးဂုဏ်အင် ဦးထိပ်တင်၍

သိုက်စိုးထွန်း(နတ်ရွာ)

လွတ်လပ်ရေးနေ့အချိန်အခါကို ရောက်ရှိလို့လာခဲ့ပြန်ပါပြီ။

အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့နိုင်ငံအဖြစ်ကို ရောက်ရှိခဲ့တာ ၆၂ နှစ်တောင် ကြာခဲ့ပြီ။ တကယ်ဆို ဒီလိုလွတ်လပ်တဲ့နိုင်ငံအဖြစ်ကို အလွယ်တကူနဲ့ရခဲ့တာ မဟုတ်ပါဘူး။ တိုင်းရင်းသား သွေးချင်းညီအစ်ကိုတွေ အားလုံး လက်တွဲညီညီနဲ့ လွတ်လပ်ရေးခရီးရှည်ကို မမိုတ်မသုန်ချီတက်ခဲ့ကြလို့သာ ဒီအခြေအနေကို ရောက်လာခဲ့ကြတာပါ။

လွတ်လပ်တဲ့နိုင်ငံမှာ ရှင်သန်ကြီးပြင်းရသူနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံမှာ ရှင်သန်ကြီးပြင်းရသူတို့ စိတ်ခံစားမှုချင်း၊ ကြုံတွေ့ရတဲ့အခြေအနေချင်းကတော့ အတော်ကွာမှာပါ။ ကိုယ့်ထီးကိုယ့်နန်းနဲ့ ကိုယ်ပိုင်နိုင်ငံတစ်ခုမှာ နေထိုင်နေရင်းနဲ့ သူ့ကျွန်ဖြစ်သွားရတဲ့ဘဝက မကောင်းသလို ကိုယ့်မှာဘာအပြစ်မှမရှိဘဲ မွေးဖွားစကတည်းက ကိုလိုနီလက်အောက်ခံ နိုင်ငံသားတစ်ယောက်ဖြစ်လာရတာလည်း အတော်ဆိုးမှာပါ။ ဆိုးခဲ့တဲ့အခြေအနေတွေကို ကောင်းလာအောင် ပြောင်းလဲပုံဖော်သူတွေရှိခဲ့ကြလို့သာ ဒီကနေ့ မျက်မှောက်ခေတ် တိုင်းရင်းသားအားလုံး ကိုယ့်ရေမြေကို ကိုယ်ပိုင်စိုးတဲ့ နိုင်ငံတစ်ခုမှာ နေထိုင်ခွင့်ရနေကြတာပါ။ ရှေးကဘိုးဘေးတွေအပင်ပန်းခံခဲ့ကြလို့သာ၊ သူတို့တွေအဆင်းရဲခံခဲ့ကြလို့သာ၊ သူတို့တွေ အနစ်နာခံခဲ့ကြလို့သာ ဒီလိုအခြေအနေ ရောက်လာကြတာပါ။

## မှန်းဆသိမြင်နိုင်

ကိုယ်တိုင်မကြုံဖူးခဲ့ပေမယ့် သမိုင်းဖြစ်ရပ်မှန် စာအုပ်စာပေတွေ ဖတ်ခြင်းအားဖြင့်သော်လည်းကောင်း၊ ဖြစ်ရပ်မှန်ကို အခြေခံထားတဲ့ ရုပ်ရှင်ဇာတ်လမ်းတွေ ကြည့်ခြင်းအားဖြင့်သော်လည်းကောင်း၊ လက်ဆင့်ကမ်း သယ်ဆောင်လာတဲ့ သက်ကြီးစကားတွေကို သက်ငယ်ကြားခဲ့ရခြင်းအားဖြင့်သော်လည်းကောင်း ကိုလိုနီလက်အောက်ခံကာလမှာ တိုင်းရင်းသားပြည်သူတွေ ဘယ်လိုဒုက္ခရောက် ခဲ့ကြသလဲဆိုတာကို မှန်းဆသိမြင်နိုင်ပါတယ်။ ရရာလက်နက်စွဲကိုင်တော်လှန်ခဲ့ရတဲ့ ခရီးလမ်းက ဘယ်လောက်ကြမ်းတမ်း ခက်ထန်ခဲ့တယ်ဆိုတာကိုလည်း မှန်းဆသိမြင်နိုင်ပါတယ်။

ကျေးဇူးတရားတွေကို မှန်းမျှော်ကြည့်မယ်ဆိုရင် လွတ်လပ်ရေးခရီးလမ်းကို ပင်ပန်းဆင်းရဲမှုဒဏ်တွေကြားက ခက်ခဲကြမ်းတမ်းစွာ လျှောက်လှမ်းပြီး လွတ်လပ်ရေးအောင်ပန်းကို အရယူပေးခဲ့ကြတဲ့ တိုင်းရင်းသားဘိုးဘေးအားလုံးရဲ့ ကျေးဇူးတရားတွေကို တွေ့ရမှာပါ။ လွယ်လွယ်ကူကူနဲ့ရခဲ့ကြတာ မဟုတ်ဘူးဆိုတာကိုလည်း သိရမှာပါ။ အမျိုးသားခေါင်းဆောင်ကြီးတွေနဲ့ တိုင်းရင်းသားဘိုးဘေးအားလုံးရဲ့ကျေးဇူးက ဒီကနေ့လက်ရှိ တိုင်းရင်းသားအားလုံးအပေါ်မှာသာမက အနာဂတ်မှာမွေးဖွားလာကြဦးမယ့်တိုင်းရင်းသားအားလုံး အပေါ်မှာလည်း တင်ကျန်နေရစ်မှာပါပဲ။

ကျေးဇူးရှိရင် ကျေးဇူးသိသင့်ပါတယ်။ ကျေးဇူးသိရင် ကျေးဇူးဆပ်နိုင်ဖို့ ကြိုးစားသင့်ပါတယ်။

“မေတ္တာရှေးဦး၊ ပြုပေဖူးကို၊ ကျေးဇူးသိမှု၊ ကတညုတည့်၊ ထိုသူထက်ပင်၊ ကျေးဇူးအင်ကို၊ ထင်ထင်ချွတ်ချွတ်၊ ပြောဆိုတတ်က၊ သူမြတ်မှန်လှ၊ ကတဝေဒီ၊ ဟူတုံပြီရှင့်၊ လောကီလူစု၊ မြင်ဉာဏ်နုတို့၊ သူပြုအထူး၊ သူ့ကျေးဇူးကို၊ ကြည်နူးဝမ်းမြောက်၊ မခေါက်မရက်၊ နှစ်သက်အင်ရွှ၊ သိတတ်ခဲ၏”လို့ မန်လည်ဆရာတော်ကြီးက ဆုံးမတော်မူခဲ့ပါတယ်။ ကျေးဇူးကို သိတတ်ဖို့လည်းလိုပါတယ်။ သိရုံသာမက ဖော်ထုတ်ဖို့လည်းလိုပါတယ်။ ဒို့အပြင် ဆပ်နိုင်ဖို့လည်းလိုပါတယ်။

သစ်တစ်ပင်ရဲ့အရိပ်ကို နားခိုခဲ့ဖူးရင်တောင်မှ သူ့အခက်ကို မချိုးသင့်ပါဘူးတဲ့။ အရိပ်မိုးပေးဖူးတဲ့ သူ့ကျေးဇူးကို သိရပါမယ်တဲ့။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို လွတ်လပ်ရေးအရိပ်အာဝါသကြီး မိုးပေးခဲ့တဲ့ ခေါင်းဆောင်ကြီးတွေရဲ့ ကျေးဇူးတွေကိုတော့ ပိုလို့တောင် အသိအမှတ်ပြုသင့်ပါတယ်။ ထာဝရ ဦးထိပ်ပန်ဆင်ထားရမယ့် ကျေးဇူးရှင်ကြီးတွေ ဖြစ်ပါတယ်။

ဘိုးဘေးတွေရဲ့ကျေးဇူးဂုဏ်အင်တွေကို ဦးထိပ်တင်ထားပြီးပြီဆိုရင်၊ သူတို့ပြုခဲ့ဖူးတဲ့ကျေးဇူးကို အသိအမှတ်ပြုပြီဆိုရင် ကျေးဇူးဆပ်နိုင်ဖို့ကြိုးစားရမှာပါ။ ကျေးဇူးဆပ်တယ်ဆိုတာကလည်း တခြားတော့မဟုတ်ပါဘူး။ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ မက်ခဲ့တဲ့အိပ်မက်ကို အကောင်အထည်ဖော်ရာမှာ စွမ်းနိုင်ရာဘက်က ပူးပေါင်းပါဝင်ပေးဖို့ပါပဲ။

## ကိုယ်စီကိုယ်စီရှိခဲ့ကြ

ခေါင်းဆောင်ကြီးတွေရဲ့အိပ်မက်ဆိုတာ လွတ်လပ်တဲ့နိုင်ငံအဖြစ်ဆိုတာနဲ့တင် ရပ်တန့်နေမှာတော့ မဟုတ်နိုင်ပါဘူး။ လွတ်လပ်တဲ့နိုင်ငံတော်အဖြစ်ကို မြင်တွေ့သွားရသူတွေရှိသလို ခရီးကြမ်းရဲ့ လမ်းခုလတ်မှာတင် တိုင်းပြည်အတွက် ကိုယ်နဲ့အသက်ကိုအပ်နှံပြီး နှုတ်ဆက်ထွက်ခွာသွားရသူတွေလည်း ရှိကြပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုခရီးလမ်းမှာ ပါဝင်ခဲ့ကြတဲ့ မော်ကွန်းဝင်ပုဂ္ဂိုလ်ကြီးတွေအနေနဲ့ သူတို့နိုင်ငံတော်ကို လွတ်လပ်တဲ့နိုင်ငံတော်အဖြစ် တည်ဆောက်ပြီးတဲ့နောက်မှာ သာယာတဲ့နိုင်ငံတော်၊ ငြိမ်းချမ်းတဲ့နိုင်ငံတော်၊ စည်းလုံးညီညွတ်တဲ့နိုင်ငံတော်၊ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ်ကို တည်ဆောက်လိုတဲ့ ရည်ရွယ်ချက်တွေလည်း ကိုယ်စီကိုယ်စီရှိခဲ့ကြမှာပါပဲ။

ဒီရည်ရွယ်ချက်တွေကို ဖော်ဆောင်ရာမှာ ခေတ်အဆက်ဆက် တိုင်းပြည်တာဝန်ကို ပခုံးပြောင်းလွှဲယူခဲ့ကြသူတွေက တတ်စွမ်းသမျှတော့ ဖော်ဆောင်ခဲ့ကြတာပါပဲ။ ပါလီမန်ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်စနစ်၊ တပ်မတော်အုပ်ချုပ်ရေးစနစ် စသည်အားဖြင့် ခေတ်စနစ်မျိုးစုံနဲ့ ပုံဖော်ဖန်တီးခဲ့ကြတာပါပဲ။ ဒီကနေ့ ဒီအချိန်မှာတော့ တိုင်းပြည်အတွက် အသင့်လျော်ဆုံးက ပါတီစုံဒီမိုကရေစီစနစ်ဖြစ်တယ်ဆိုတာကို လက်ခံကြလို့ ဒီမိုကရေစီခရီးလမ်းကို





လျှောက်လှမ်းခဲ့ကြတာ ဆယ်စုနှစ်တစ်ခုအထိ ရောက်လာခဲ့ပြီပေါ့လေ။ ဒီခရီးလမ်းမှာ အောင်မြင်သင့်သလောက် အောင်မြင်ခဲ့ကြသလို မအောင်မြင်သေးတာတွေလည်း အများကြီး ကျန်သေးတယ်ဆိုတာကို တွေ့မြင်ရမှာပါ။

ပြည်တွင်းငြိမ်းချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး စသည်စသည်အားဖြင့် တိုင်းပြည်အတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေ အများကြီးရှိနေတယ်ဆိုတာကို အားလုံးအသိပါပဲ။ ဒီစကားလုံးတွေ ရွတ်လိုက်တော့ ဒါတွေက အစိုးရလုပ်ရမယ့် အလုပ်တွေပဲ မဟုတ်လားလို့ ထင်ကောင်းထင်ကြပါလိမ့်မယ်။ တကယ်တော့ နိုင်ငံတစ်ခုကို အစိုးရတစ်ခုတည်း တည်ထောင်ဖန်ဆင်းလို့ရတာမျိုး မဟုတ်ပါဘူး။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရမှာအဓိကတာဝန်ရှိတာမှန်ပေမယ့် ဒီနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ နိုင်ငံသားအားလုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့သာ အောင်ပန်းကို ဆွတ်ချူနိုင်မှာပါ။

## မဖြစ်မနေပါဝင်

လွတ်လပ်တဲ့နိုင်ငံတော်ဖြစ်ပြီးတဲ့နောက်မှာ ပါလီမန်ဒီမိုကရေစီ၊ ဆိုရှယ်လစ်ဒီမိုကရေစီဆိုပြီးတော့ ဒီမိုကရေစီစနစ်ကို နှစ်ကြိမ်တိုင်တိုင်ကျင့်သုံးခဲ့ကြပြီးဖြစ်သလို ဒီကနေ့ ဒီအချိန်အခါမှာလည်း ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းစဉ်မှာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ်က မဖြစ်မနေပါဝင်နေရတာပါ။ ကောင်းမွန်သော အုပ်ချုပ်မှုဆိုတာကို အင်္ဂါရပ်ရှစ်ခုနဲ့ တိုင်းတာကြသူတွေရှိသလို ဒီရှစ်ခုထဲက တူရာတူရာတွေ ပေါင်းပြီး အင်္ဂါရပ်လေးခုနဲ့ တိုင်းတာပြကြသူတွေလည်း ရှိပါတယ်။ ရှစ်ခုလို့ပဲ ပြောပြော၊ လေးခုလို့ပဲဆိုဆို နှစ်ခုစလုံးမှာ ပြည်သူလူထုပူးပေါင်းပါဝင်မှုကတော့ မဖြစ်မနေလိုအပ်တယ်လို့ ဆိုပါတယ်။ အကြီးအကဲတွေဘက်က ဆောင်ရွက်ရမှာတွေရှိသလို တိုင်းရင်းသားပြည်သူအားလုံးက လက်တွဲပါဝင်ကြရမယ့် အပိုင်းတွေလည်း အများကြီးရှိနေပါတယ်။

ကိုယ်က ပြည်သူတစ်ယောက်အနေနဲ့ ဒီနိုင်ငံကြီးအတွက် ဘာတွေလုပ်ပေးနိုင်မှာမို့လို့လဲလို့ မေးစရာရှိပါတယ်။ တကယ်တော့ ကိုယ်လုပ်ပေးနိုင်တာတွေ အများကြီးရှိပါတယ်။ အများကြီးမှ အများကြီးပါ။ တိုင်းပြည်တည်ဆောက်ရေးမှာ သူလည်းအရေးကြီးသလို ကိုယ်လည်း အရေးကြီးပါတယ်။ သူ့အဖွဲ့လည်း မပါမဖြစ်သလို ကိုယ့်အဖွဲ့လည်း မပါရင်မပြီးပါဘူး။ ဟိုဘက်အိမ်ကလူကို ချန်ထားခဲ့လို့မဖြစ်သလို ဒီဘက်အိမ်ကလူကိုလည်း ချန်ခဲ့လို့ မရပါဘူး။ ပြည်သူတစ်ဦးချင်း တစ်ယောက်ချင်းစီ အကုန်လုံး အရေးပါတဲ့သူတွေချည်းသာဖြစ်ပါတယ်။

## ပြည်သူ့အခန်းကဏ္ဍက တကယ့်ကိုအရေးပါ

နိုင်ငံတကာအသိုင်းအဝိုင်းအလယ်မှာ နိုင်ငံတစ်နိုင်ငံရယ်လို့ ရပ်တည်နိုင်ဖို့အတွက် ပိုင်နက်နယ်မြေတစ်ခုရယ်၊ အုပ်ချုပ်တဲ့အစိုးရရယ်၊ ပြည်သူရယ်၊ အချုပ်အခြာအာဏာရယ်၊ နိုင်ငံတကာအသိအမှတ်ပြုမှုရယ် လိုပါသတဲ့။ ပြည်သူဆိုတာကို ဖယ်လိုက်ရင် နိုင်ငံဆိုတာမရှိတော့ပါဘူး။ အစိုးရဆိုတာကလည်း ဒီပြည်သူတွေကြားထဲက ပြည်သူတွေကို ရွေးကောက်တင်မြှောက်ထားတာပါပဲ။ အချုပ်အခြာအာဏာဆိုတာကလည်း နိုင်ငံသားတစ်ဦးချင်းစီကနေပဲ ဆင်းသက်လာတာပါပဲ။ ဒီတော့ နိုင်ငံတစ်နိုင်ငံအတွက် ပြည်သူတွေရဲ့ အခန်းကဏ္ဍက တော်တော်ကိုအရေးကြီးတယ်ဆိုတာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဖြစ်ဖို့ ပြည်သူလူထုလိုအပ်သလို နိုင်ငံတစ်နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့၊ ငြိမ်းချမ်းသာယာဖို့ဆိုတာကလည်း ပြည်သူ့အခန်းကဏ္ဍက တကယ့်ကိုအရေးပါတဲ့နေရာမှာ ရှိနေမှာပါပဲ။

ငြိမ်းချမ်းရေးလိုတယ်။ ငြိမ်းချမ်းဖို့ ပြည်သူတွေဘာလုပ်ပေးနိုင်သလဲ။ အစိုးရလည်း ပြည်သူထဲက ပြည်သူ၊ တပ်မတော်လည်း ပြည်သူထဲကပြည်သူ၊ တိုင်းရင်းသားလက်နက်ကိုင်လည်း ပြည်သူထဲက ပြည်သူဖြစ်တဲ့အတွက် ကိုယ်ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ့်ပတ်ဝန်းကျင်က ပြည်သူတွေသော်လည်းကောင်း အားလုံးက ငြိမ်းချမ်းချင်နေကြပြီဆိုရင် ငြိမ်းချမ်းရေးပန်းတိုင်က တစ်ချိန်ချိန်မှာ ရကိုရလာမှာပါပဲ။ ကိုယ်က ဘယ်အသိုင်းအဝိုင်းနဲ့မှ နီးစပ်သူမဟုတ်လို့ ဘာမှတတ်နိုင်မှာမဟုတ်ဘူးလို့ တွေးမိတယ်ဆိုရင် အနည်းဆုံးတော့ လူ့အသိုင်းအဝိုင်းကြားမှာ အမုန်းစကားတွေမပြန့်ပွားဖို့ ကိုယ့်ကိုယ်ကိုယ် စောင့်ထိန်းနိုင်သေးတယ်ဆိုတဲ့ ခံယူချက်မျိုးထားသင့်ပါတယ်။ ဘယ်သောအခါမှ ဟိုဘက်ကိုတို့လိုက်၊ ဒီဘက်ကို ရှို့လိုက် မလုပ်ဘူးဆိုတဲ့ စိတ်ထားမျိုးလည်းမွေးသင့်ပါတယ်။ ‘အမှိုက်ကစ ပြာသာဒ်မီးလောင်’တဲ့။ စလောင်လိုက်တဲ့အမှိုက်လေးတစ်စက ကိုယ်ရှို့လိုက်တဲ့အမှိုက်လေး မဖြစ်ဖို့လိုပါတယ်။

စာမျက်နှာ ၉ သို့ ❍

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူရနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြိတ်-တနင်္သာရီ လမ်းအပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်သည့် မင်းသန်း-မောင်းလှော် ကျေးရွာချင်းဆက်လမ်းပေါ်တွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်နေသော မင်းသန်း-မောင်းလှော်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မျိုးထွန်းက တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းစဉ် အဆင့်ဆင့် အရည်အသွေးစစ်ဆေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ရှင်းလင်းဆောင်ရှုရပ်မှ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မင်းသန်း-မောင်းလှော် တံတားသည် အရှည်ပေ ၂၁၀၀ ရှိပြီး တံတားပြီးစီးသွားပါက ကျွန်းစုမြို့နယ် ကျေးရွာ ၁၄ ရွာနှင့် တနင်္သာရီမြို့နယ် ကျေးရွာတစ်ရွာ စုစုပေါင်း ၁၅ ရွာမှ လူဦးရေ ၁၅၂၀၀ ကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြေးနန်းတိုင် - ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက်လမ်းအခြေအနေကို လည်းကောင်း၊ အဆိုပါလမ်းပေါ်ရှိ တောင်းရှည်တံတား အရှည် ၂၉၅ ပေ တည်ဆောက်နေမှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြေးနန်းတိုင် -ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက်လမ်းသည် အရှည် ခုနစ်မိုင် လေးဖာလုံရှိပြီး ကျေးရွာ ၁၇ ရွာ၊ လူဦးရေ ၁၇၉၆၀ ကို အကျိုးပြုမည်ဖြစ်ကာ ရာသီမရွေး သွားလာနိုင်သော လမ်းတစ်လမ်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးအား တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မိုးဦးက မရင်းကြီးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း သုံးမိုင် နှစ်ဖာလုံ ဆောင်ရွက်ထားရှိမှုအခြေအနေကို လည်းကောင်း၊ အော်ကြီး- မမသောင်-အနောက်ဘန်လော-ရေပေါ်-အနောက်သမီးလှ-ဝမ်းနာ-တကူလမ်း မိုင် ၂၀ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရေးအတွက် ကျေးလက်လမ်း၊ တံတားများသည် အဓိကကျကြောင်း၊ လမ်း၊ တံတားလုပ်ငန်းများ အချိန်မီပြီးစီးရေး ဝိုင်းဝန်းပူပေါင်းဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ တည်ဆောက်နေသော တနင်္သာရီ တံတားတည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးထွန်းက တံတားဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစီမံချက်နှင့် တိုးတက်မှု၊ အရည်အသွေး စစ်ဆေးခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသက်ဇော်ဝင်းက တံတားချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ရှင်းလင်းဆောင်ရှုရပ်မှ တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယခု တည်ဆောက်နေသည့် တနင်္သာရီတံတားသစ်သည် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း မိုင်တိုင် (၄၉/၄)နှင့် (၄၉/၆) အကြားတွင်တည်ရှိပြီး စုစုပေါင်းတံတားအရှည် ၁၄၄၄ ပေ၊ မီတာ ၄၄၀ ဖြစ်ပြီး တံတားအမျိုးအစားမှာ အုတ်မြစ် – 1.5m Bore Pile၊ ကိုယ်ထည် – RC Concrete နှင့် အပေါ်ထည် –RC Girder၊ P.C Girder၊ Steel Box Girder နှင့် RC Decking တို့ဖြင့် တည်ဆောက်ထားပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် လေးပေစီပါရှိကာ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ၊ အမြင့် ၃၃ ပေရှိပြီး ခွင့်ပြုအလေးချိန်မှာ AASHTO HS ( 25–44) ဖြစ်သည်။ ယခုအခါ တံတားတစ်စင်းလုံး (၈၉ ရာခိုင်နှုန်း) ပြီးစီးနေပြီ ဖြစ်သည်။

ယခင် တံတားဟောင်းသည် တစ်လမ်းမောင်း ဘေလီတံတားဖြစ်ပြီး သက်တမ်းကြာမြင့်လာသည့်နှင့်အမျှ ကြံ့ခိုင်မှု အားနည်းလာသည့်အတွက် ယခု နှစ်လမ်းမောင်းတံတားသစ်ကို တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။ တံတားကြီးပြီးစီးသွားပါက ခရီးသွားပြည်သူများ အချိန်တိုအတွင်း သွားလာရေး လွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောင်းကြိုပို့ကားများ တရားဝင်ကုမ္ပဏီဖွဲ့စည်းပြီး လုပ်ငန်းလည်ပတ်မည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအတွက် ကြိုပို့လုပ်ငန်းများ လုပ်ဆောင်နေသည့် ကိုယ်ပိုင်ကျောင်းကားများ တရားဝင်ကုမ္ပဏီဖွဲ့စည်းပြီးလုပ်ငန်းများ အဆင်ပြေဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၃၁ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၀)ရပ်ကွက် ဇေယျာ(၁၇)လမ်းတွင် ပြုလုပ်သည့် ရန်ကင်းတီတီစီ ကိုယ်ပိုင်ကျောင်းကားများ ကုမ္ပဏီလီမိတက် ဖွင့်ပွဲအခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာဦးသောင်းညွန့်က ပြောသည်။

ယခင်အခါက ကျောင်းကြိုပို့ကားလုပ်ငန်းကို တရားမဝင်ခွင့်ပြုချက်မရှိသည့်လုပ်ငန်းဟု သတ်မှတ်ခြင်းခံရသော်လည်း ယခုအခါ တရားဝင်လုပ်ငန်းအဖြစ် ရပ်တည်နိုင်ပြီဖြစ်သည်။ ကုမ္ပဏီတွင် အစုရှယ်ယာများ ပါဝင်သည့် ကြိုပို့ယာဉ်ပိုင်ရှင်များမှာ ကိုယ်ရကိုယ်ယူစနစ်သို့မဟုတ် ပြန်လည်ခွဲဝေပေးမှုစနစ်ပုံစံတို့ဖြင့် အကျိုးခံစားခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ကုမ္ပဏီတွင်ပါဝင်သည့် ယာဉ်ပိုင်ရှင် ကိုသက်တင်ထွန်းက "ကျောင်းကြိုပို့ယာဉ်မှာ လက်ဝဲမောင်းကားဖြစ်ပြီး ကား၏ညာဘက်တံခါးပေါက်မှ အတက်၊ အဆင်းပြုလုပ်ရမယ်။ ထိုင်ခုံတိုင်းမှာခါးပတ်ပါရှိပြီး အနည်းဆုံး ၁၀ ဦးထက်မနည်း စီးနိုင်ရမယ်။ ကားအတွင်း မီးသတ်ဆေးဘူး ရှေးဦးသူနာပြုဆေးသေတ္တာပါရှိရမယ်(ဃ)လိုင်စင်ရရှိပြီး ယာဉ်ကိုယ်ထည်ကို အဝါရောင်ဆေးသုတ်ထားဖို့လိုအပ်ပါတယ်"ဟု ပြောသည်။

ရန်ကင်းတီတီစီကိုယ်ပိုင်ကျောင်းကားများ ကုမ္ပဏီလီမိတက်အနေဖြင့် ရန်ကင်းပညာရေးလေ့ကျင့်ရေးအလယ်တန်းကျောင်းတွင် ကြိုပို့ယာဉ် ၃၂ စီးဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းလိုအပ်ချက်အရ အခြားကျောင်းများတွင်လည်း ကြိုပို့လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်လျက်ကြောင်း သိရသည်။

**အောင်သူရ**




❍ စာမျက်နှာ ၆ မှ

လူ့အဖွဲ့အစည်းမှာပါဝင်သူအားလုံး ငြိမ်းချမ်းရေးရဲ့ တန်ဖိုးကို သိရှိနားလည်လာကြပြီဆိုတဲ့ တစ်နေ့မှာ လုံးဝဥဿုံငြိမ်းချမ်းသွားမှာပါပဲ။

**ရေရှည်အောင်မြင်မှုကို ရနိုင်တာဖြစ်**

အလားတူပါပဲ။ တိုင်းပြည်ဖွံ့ဖြိုးဖို့အတွက် အစိုးရမှာ တာဝန်ရှိတဲ့အတွက် အစိုးရပိုင်းက စွမ်းနိုင်သမျှ ကြိုးစားနေကြသလို ပြည်သူပြည်သားတွေ၊ ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေစသည်အားဖြင့် အများပြည်သူရဲ့ ကြိုးစားအားထုတ်မှုကလည်း အရေးပါနေတာပါပဲ။ အထူးသဖြင့် စီးပွားရေးကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွေမှာ ပြည်သူလူထုရဲ့အခန်းကဏ္ဍက ပိုပြီးတော့တောင် အရေးပါတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါ့အပြင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာတွေနဲ့ သမိုင်းအမွေအနှစ်တွေထိန်းသိမ်းရေး စသည်အားဖြင့် ခေါင်းစဉ်တစ်မျိုးမျိုးကို တပ်လိုက်ပြီဆိုရင်လည်း ဒီခေါင်းစဉ်အောက်မှာ ပြည်သူလူထုပူးပေါင်းပါဝင်မှု အားကောင်းမှသာ အောင်မြင်နိုင်မယ်ဆိုတဲ့အချက်က ကပ်ပါလာတာပါပဲ။ ဘယ်ကဏ္ဍမှာပဲဖြစ်ဖြစ် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှု အားကောင်းမှသာ ရေရှည်အောင်မြင်မှုကို ရနိုင်တာဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်တည်ဆောက်ရေးမှာ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီက အရေးပါနေကြတာဖြစ်တဲ့အတွက် ကိုယ့်အခန်းကဏ္ဍကို လျှော့မတွက်သင့်ပါဘူး။

ကိုယ့်တိုင်းပြည်အတွက် ကိုယ်ဟာ အရေးပါသူတစ်ယောက်ဖြစ်တယ်ဆိုတဲ့ခံယူချက်ကို စွဲစွဲမြဲမြဲ ခံယူထားသင့်ပါတယ်။

တစ်ယောက်တစ်လက်နဲ့ ကိုယ်စွမ်းနိုင်ရာ ဘက်က ပါဝင်ကြမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ အကြေအညာ အနှံ့ဖြန့်ကြက်လွှမ်းခြုံပြီး ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲခဲ့ကြလို့သာ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ချူနိုင်ခဲ့ကြတာပါ။ ဒီနမူနာကို မကြာမကြာသတိရနေသင့်ပါတယ်။ ပြည်သူတစ်ရပ်လုံးပါဝင်လာမှသာ အရာရာကို အောင်ပန်းဆင်နိုင်မယ်ဆိုတဲ့သင်ခန်းစာကို ရယူပြီးတော့ ကိုယ်စွမ်းနိုင်ရာ အခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သင့်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဟာ ကျေးဇူးကြီးခဲ့တဲ့ ဘိုးဘေးတွေအပေါ် ကျေးဇူးဆပ်ရာရောက်သလို အနာဂတ်မျိုးဆက်တွေအတွက် တာဝန်ကျေရာလည်းရောက်ပါတယ်။

**ကြိုးစားယူကြရမှာဖြစ်**

ရှေးကဘိုးဘေးတွေက သမိုင်းပေးတာဝန်ကို ကျေခဲ့ကြပြီဖြစ်ပါတယ်။ သူတို့တွေ တာဝန်ကျေခဲ့ကြလို့သာ လွတ်လပ်တဲ့နိုင်ငံတစ်ခုမှာ နေထိုင်ခွင့်ရကြတာ ဖြစ်ပါတယ်။ ဘိုးဘေးတွေအရယူခဲ့တဲ့ လွတ်လပ်ရေးအောင်ပန်းကို ထာဝရပွင့်လန်းနေဖို့ ဒီကနေ့လက်ရှိတိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တာဝန်ယူကြရမှာ ဖြစ်တဲ့အပြင် ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့ ဒီနိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်လာဖို့အတွက်လည်း ကိုယ်စွမ်းနိုင်ရာဘက်ကနေ မခိုမကပ်တမ်း ကြိုးစားကြရမှာဖြစ်ပါတယ်။ အောင်မြင်မှုအကြီးကြီးတွေအတွက် ကိုယ်တတ်နိုင်တဲ့ အသေးလေးတွေကစပြီး ကြိုးစားယူကြရမှာ ဖြစ်ပါတယ်။

ဘိုးဘေးတွေပေးခဲ့တဲ့ လက်ဆင့်ကမ်းအမွေဟာ ဒီကနေ့ ကိုယ့်လက်ထဲကိုရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဘိုးဘေးတွေက သူ့ကျွန်ဘဝကလွတ်မြောက်တဲ့ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့နိုင်ငံတစ်ခုအဖြစ်နဲ့ အမွေကောင်းတစ်ခုကို ချန်ထားရစ်ခဲ့ကြတာ ဖြစ်ပါတယ်။ မျက်မှောက်ခေတ်ပြည်သူတွေကလည်း အနာဂတ်မျိုးဆက်သစ်တွေဆီ နိုင်ငံတော်ကိုလွှဲအပ်တဲ့အခါ ကိုယ်လက်ခံရရှိထားတဲ့ နိုင်ငံတော်ရဲ့အခြေအနေထက် အဘက်ဘက်က သာလွန်တဲ့အနေအထားရောက်အောင် ကြိုးစားပြီးမှ ငြိမ်းချမ်းတဲ့နိုင်ငံတော်၊ သာယာတဲ့နိုင်ငံတော်၊ စည်းလုံးတဲ့နိုင်ငံတော်၊ ဂုဏ်ရှိန်ရောင်ဝါမြင့်မားတဲ့နိုင်ငံတော်အဖြစ်နဲ့ တည်ဆောက်ပြီး လက်ဆင့်ကမ်းပေးနိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ဒီနိုင်ငံဟာ ဘိုးဘေးတွေထားရစ်ခဲ့တဲ့ အမွေအနှစ်ဖြစ်ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ ဒီလိုနေခွင့်ရနေတာက ဘိုးဘေးတွေရဲ့ ဂုဏ်ကျေးဇူးတွေကြောင့် ဖြစ်ပါတယ်။ ဒီကျေးဇူးဂုဏ်အင်တွေကို ဦးထိပ်မှာ ပန်ဆင်ပြီးတော့ ကိုယ့်တိုင်းပြည်အတွက် ကိုယ်စွမ်းနိုင်သမျှ ကြိုးစားကြရင် အနာဂတ်မျိုးဆက်သစ်တွေဆီကို ပခုံးပြောင်း လက်ဆင့်ကမ်းတဲ့အချိန်မှာ ကိုယ်ရခဲ့တဲ့အမွေထက် ပို၍ ပို၍ တန်ဖိုးမြင့်မားတဲ့ အမွေအနှစ်တစ်ရပ်အဖြစ် လွှဲပြောင်းပေးအပ်နိုင်ဖို့အတွက် အဘိုးဆရာဇော်ဂျီမှာခဲ့သလို 'သူကစ၍၊ ငါကအားလုံး၊ လက်ရုံးမြားမြောင်၊ ဥာဏ်မြားမြောင်နဲ့၊ စွမ်းဆောင်'ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

# နှစ်ဟောင်းကို ကျိန်ဆဲနေသရွေ့ နှစ်သစ်ရောက်မလာဘူး

အောက်စဖို့ဒ်ဆရာတော် ပါမောက္ခဒေါက်တာအရှင်ဓမ္မသာမိ
ပါမောက္ခချုပ် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်

နှစ်သစ်ကို ရုပ်ဝတ္ထုပစ္စည်းအမျိုးစုံ သုံးစွဲ၍ လူအများတို့ ကြိုဆိုကြ၏။ တချို့မှာ နှစ်သစ်ကူး မုန့်ပဲသရေစာလုပ်၍ နှစ်သစ်ကို ကြိုဆိုကြသည်။ ဥပမာ တရုတ်လူမျိုးများ၏ လမုန့်၊ မြန်မာလူမျိုးများ၏ မုန့်လုံးရေပေါ်၊ မွန်ကိုလီးယားလူမျိုးများ၏ အူးလ်ဘုမုန့်၊ ရှမ်းလူမျိုးများ၏ မုန့်ဖက်ထုပ်တို့ဖြစ်သည်။ တချို့နှစ်သစ်ကူးမှာ ခေါင်းဆေးခေါင်းလျှော်ပြုလုပ်၍ ကြိုဆိုကြသည်။

**နှစ်သစ်ကိုကြိုဆို**


လူငယ်တော်တော်များများမှာမူ အရက်သေစာသောက်စား၍ နှစ်သစ်ကို ကြိုဆိုလေ့ရှိကြသည်။ တချို့မှာ မီးရှူး မီးပန်းများ အကြီးအကျယ်ပစ်ဖောက်၍ ကြိုဆိုကြသည်။ ဤကဲ့သို့သော ပြင်ပပစ္စည်းများဖြင့် နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကိုကြိုဆိုရန် ကြိုးစားကြသည်။

ယင်းကဲ့သို့ နှစ်ဟောင်းကိုနှုတ်ဆက်သော်လည်း နှစ်ဟောင်းမှစိတ်ဒဏ်ရာများကို နှစ်ဟောင်းတွင် မထားနိုင်ခဲ့၊ သင်္ကြာဇ်သစ်သို့ အတုံးလိုက်အတစ်လိုက် မိမိနှင့်အတူ သယ်လာကြသည်။ နှစ်ဟောင်းမှ မကျေနပ်ချက်များကို သတိရတိုင်း အဖန်ဖန်စားမြုံ့ပြန်သည်။ စိတ္တဗေဒတွင် rumination အတိတ်ကို အကျင့်အရ မကြာခဏတွေးတောစေခြင်းဟု ဆိုသည်။

မသိစိတ်မှလာသော အကျင့်ဖြင့် တွေးမှန်းမသိတွေးနေပါက ဒဏ်ရာဟောင်းများကို ကုစားပျောက်ကင်းစေမည့်အစား ပို၍ပင် ရင့်ကျက်ဆိုးရွားပြီး အားကောင်းစေမည်။ အတိတ်၏ စိတ်ဒဏ်ရာဒဏ်ချက်များကို ကုစားခြင်းသည် လူသားများအတွက် အခက်ခဲဆုံးအရာတစ်ခုဖြစ်သည်။ အကြောင်းမှာ မိမိ၏ စိတ်ဒဏ်ရာဒဏ်ချက်များကို အကြောင်းအမျိုးမျိုးဖြင့် ဆက်လက်ဆုပ်ကိုင်ထားကြသောကြောင့်ဖြစ်သည်။ မည်သူက ငါ့ကိုဘယ်လိုမဟုတ်မမှန် အတင်းပြောသည်၊ ငါ့ကို မနာလိုဖြစ်သည်၊ ငါ့ကိုအကျိုးမဲ့အောင် ကြံစည်ပြောဆိုသည် စသည်ဖြင့် စိတ်ထဲတွင် မကျေမချမ်းဖြစ်နေသည်။ အတိတ်အတွေ့အကြုံကို ထိုကဲ့သို့ ရှုမြင်ခြင်းသည် အာဃာတအငြိုးထားသောစိတ်ပင်ဖြစ်သည်။

အကောင်းမြင်ဝါဒကို ဖျက်ဆီးတတ်သောကြောင့် အတိတ်အကြောင်းကို တွေးမိတိုင်း စိတ်ညစ်တတ်၊ အငြိုးမီး ထလောင်တတ်သောစိတ်ကို ဒုဋ္ဌောဒေါ

> **“မေတ္တာကရုဏာအကျင့်သည် ကြောက်စိတ်ကို နည်းပါးစေကာ အများ၏ အကျိုးစီးပွားကို တွေးတတ်သည့်** pro-social **အတွေးကို ဖြစ်ပွားစေသည်။ အတွေးကို ထက်မြက်ကောင်းမွန်စေသည်။ ဤကဲ့သို့ နှစ်ဟောင်းမှ အပြစ်များကို ကျိန်ဆဲမည့်အစား မေတ္တာကရုဏာဖြင့် ပွေ့ပိုက်သူ၊ စိတ်ဒဏ်ရာကို ကုစားသူများအတွက် သည်သာ နှစ်သစ်သည် အမှန်တကယ်ရောက်လာပါမည်။ အနာဂတ်သည် တောက်ပလာပါမည်။ နှစ်သစ်ကို အမှန်တကယ်ကြိုဆိုနိုင်ကြပါစေ။**




**သော** - မိမိက ဒေါသ၏ ဖျက်ဆီးမှုကိုခံရသဖြင့် အခြားသူကို အလွယ်စိတ်ဆိုးတတ်သူ၊ အဆိုးမြင်ဝါဒဖြင့် ဖျက်ဆီးတတ်သူဟု စာတင်ထားပါသည်။

မိမိနှလုံးသားကို အတိတ်၏မည်းနက်သော လောင်းရိပ်မှ လွတ်မြောက်အောင် မဆောင်ရွက်နိုင်သေးသူဟု ဆိုရပါမည်။ ထိုကဲ့သို့သောသူသည် နှစ်ဟောင်းဖြစ်သော ၂၀၁၉ တည်းဟူသော ခုနှစ်ကို အကြိမ်ကြိမ်စိတ်ဆိုးနေပါဦးမည်။

အထင်ရှားဆုံးမြင်ရသည်မှာ ကျောင်းတော်က ရန်စများကို မကုစားကြခြင်း၊ ကျောင်းတော်က စိတ်ဒဏ်ရာများကို အကြောင်းပြု၍ မိမိဒဏ်ရာအတွက် အများ၏ အသိအမှတ်ပြုမှုကို တောင့်တနေခြင်း၊ မိမိစိတ်ဒဏ်ရာများကို နားမလည် လက်မခံသူများကို ရန်သူဟု သတ်မှတ်ခြင်းတို့ ပါဝင်သည်။ ထိုသူများသည် စိတ်ဖိစီးမှုအကြောင်းတရားများ (stressor)ကို မွေးမြူထားသဖြင့် စိတ်ခံစားမှုထိလွယ်ရှလွယ်သည်။ အလွယ်တကူပေါက်ကွဲလွယ်ကြသည်။

**မည်သူမျှအသိအမှတ်မပြုကြ**

ထိုကဲ့သို့ စိတ်ခံစားမှုပိုင်းဆိုင်ရာ ပေါက်ကွဲလွယ်မှုကြောင့် ဆဲဆိုလွယ်ကြသည်။ တစ်ယောက်ကိုတစ်ယောက် သည်းမခံနိုင်ကြတော့ပါ။ မကြာသေးမီက အာဆီယံဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းကို ရှုံးသွားသော မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ ဖြစ်စဉ်ကို ပြန်လည်သုံးသပ်ပါက ထင်ရှားစွာ သိမြင်နိုင်မည်။ ဒုတိယဆုရရှိသည်ကို လူအများစုက တန်ဖိုးမသိ ဂုဏ်မယူမိကြ။ ဗိုလ်လုပွဲတွင် လေးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်သည်ကိုသာ မှတ်မိကြသည်။ ဗိုလ်လုပွဲအထိ ကြိုးစားခဲ့သည်များကို မည်သူမျှအသိအမှတ်မပြုကြပါလားဟု ဘောလုံးသမားများ အားငယ်စိတ် ဝင်နိုင်ပါသည်။ အဆိုးကိုသာ ချဲ့ထွင်ရှုမြင်ပြီး အကောင်းကို လုံးဝလျစ်လျူရှုထားသကဲ့သို့ဖြစ်နေသည်။ ထိုအဆိုးမြင်အကျင့် (habitual pessimism)ကြောင့် စိတ်တိုင်းမကျသည့်အခါတိုင်း တိုင်းထွာဆဲရေးဖို့ ဝန်မလေးတော့၊ ဆဲရေးရမှ စိတ်ထဲပေါ့ပါးသည်ဟု ယူဆသည်လားမသိပါ။

အလွယ်တကူ စိတ်ဆိုး၊ ပေါက်ကွဲ၊ ဆဲရေးတတ်သူများသည် ဦးနှောက်ပိုင်းဆိုင်ရာ သုတေသနအရ Amygdala လို့ခေါ်တဲ့ နောက်ပိုင်း ဦးနှောက်ကြီးလွန်း တက်ကြွနေလွန်းသောကြောင့် ဖြစ်သည်ဟု ဆိုသည်။ အစစအရာရာမှာ အကြောက်တရားကိုသာ အာရုံပြုလေ့ရှိခြင်း (threat-focused) အကျင့်ကြောင့် ဖြစ်ပေသည်။ စိတ္တဗေဒအရဆိုလျှင် စိတ်ပိုင်းဆိုင်ရာ မကျန်းမာမှုတစ်မျိုးပင်ဖြစ်သည်။ ဒေါသမူစိတ်အားကောင်းလွန်းသည်ဟု အဘိဓမ္မာရှုထောင့်မှ ဆိုရပါမည်။ မကြာမီက နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ နိုင်ငံတကာအိုင်စီဂျေတရားရုံးတော်၌ အာဖရိကတိုက်မှ ဂမ်ဘီယာနိုင်ငံက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား ရခိုင်ပြည်နယ် အရေးအခင်းနှင့်ပတ်သက်၍ တရားစွဲဆိုရာမှ နှစ်နိုင်ငံတို့က ဒီဇင်ဘာလ ဒုတိယရက်သတ္တပတ်တွင် တရားရင်ဆိုင်ကြရာ၌လည်း လူတော်တော်များများ၏ စိတ်ခံစားမှုပိုင်းဆိုင်ရာ မထိန်းနိုင်မှု၊ ပေါက်ကွဲမှု၊ ဆဲဆိုမှုသည် စိတ်ခံတော့်ခိုင်မာခြင်း(emotional resilience)၏ သင်္ကေတမဟုတ်ပါ။ အမှန်မှာ စိတ်ခံစားမှုကိုင်တွယ်ခြင်း (emotional regulation)အားနည်းမှုဟုပင် ဆိုနိုင်သည်။

ပြဿနာကိုဖြေရှင်းရာ၌ အထောက်အကူမဖြစ်နိုင်ပါ။ အဟန့်အတားပင် ဖြစ်နိုင်ပါသေးသည်။ ဆဲရေးတိုင်းထွာမှုသည် လူတစ်ဦးစိတ် အဆင့်အတန်းကို နိမ့်ကျစေသည်။ ထို့ပြင် လူ့အသိုင်းအဝိုင်းကို အလွယ်တကူ စိတ်ဝမ်းကွဲစေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာပညာရေးတွင် တတိယအရေးအပါဆုံး သင်ခန်းစာအဖြစ် ကိုရင်အသစ်များကို ကြပ်မတ်သင်ကြားပေးရသည်။ သာမဏေများအတွက် ပထမအရေးအကြီးဆုံး သင်ခန်းစာမှာ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးတို့ကို အမြင်မှန် ရည်ရွယ်ချက်မှန်ဖြင့် သုံးစွဲမှုအသိပညာ (education of consumption)ဖြစ်ပြီး ဒုတိယအရေးအကြီးဆုံးမှာ သာမဏေအဖြစ်ကို ဆုံးရှုံးစေသည့် အပြစ် ၁၀ မျိုးပင်ဖြစ်ပါသည်။ ဆဲမောင်းကြိမ်းဆိုခြင်းအကျင့်ကို ပယ်ဖျောက်နိုင်စေရန်အတွက် ဆဲရေးသူ ကိုရင်သာမဏေကို **ကရုဏာ**ဖြင့် သူ၏ဥပဇ္ဈာယ်ဆရာက ဒဏ်ပေးရပါသည်။ ဆဲရေးတတ်သူရဟန်းများလည်း သံဃာအများရှေ့တွင် မိမိအပြစ်ကိုဝန်ခံခြင်းဖြင့် အပြစ်ကို ကုစားအာပတ်ဖြေရပါသည်။ မိမိအကျင့်ဆိုးမှ ဖြစ်ပေါ်လာနိုင်သော သံဃာ့အဖွဲ့ဝင်များ၏ စိတ်ဒဏ်ရာကို တစ်နည်းအားဖြင့် ကုစားခြင်း(healing)ပင် ဖြစ်သည်။ ဆဲရေးတတ်သည့် အကျင့်သည် ဦးနှောက်၌ ဒေါသဆိုင်ရာ နူရွန်ကလာပ်စည်းများကို ပို၍များစေသည်။ တစ်ခါဆဲတိုင်း ယင်းကလာပ်စည်းတစ်ခုကိုဖြစ်ပေါ်စေသည်ဟုပင်ဆိုကြသည်။ ဒေါသ၏ စိတ္တဇရုပ်အပေါ် စိုးမိုးမှုပင် ဖြစ်သည်။ ဆဲရေးခြင်းအကျင့်ကို နည်းပါးပျောက်ကင်းစေရန်နှင့် ယင်းအကျင့်နှင့် ဆက်နွယ်သော ကြောက်စိတ်ကို နည်းပါးသွားစေရန် မိမိကိုယ်ကို မေတ္တာပွားရပါမည်။

**ကရုဏာအသိဖြင့် ကုစား**

နှစ်ဟောင်းများက စိတ်ဒဏ်ရာများကိုလည်း ကရုဏာအသိဖြင့် ကုစားရပါမည်။ မိမိကိုယ်ကိုကြင်နာမှုအကျင့် မွေးပေးရပါမည်။ မေတ္တာ ကရုဏာအကျင့်သည် ကြောက်စိတ်ကို နည်းပါးစေကာ အများ၏အကျိုးစီးပွားကို တွေးတတ်သည့် pro-social အတွေးကို ဖြစ်ပွားစေသည်။ အတွေးကိုထက်မြက်ကောင်းမွန်စေသည်။ ဤကဲ့သို့ နှစ်ဟောင်းမှ အပြစ်များကို ကျိန်ဆဲမည့်အစား **မေတ္တာကရုဏာ**ဖြင့် ပွေ့ပိုက်သူ၊ စိတ်ဒဏ်ရာကို ကုစားသူများအတွက်သည်သာ နှစ်သစ်သည် အမှန်တကယ် ရောက်လာပါမည်။ အနာဂတ်သည် တောက်ပလာပါမည်။ နှစ်သစ်ကို အမှန်တကယ်ကြိုဆိုနိုင်ကြပါစေ။ **သုခီဟောထ၊ အဗျာပဇ္ဈာဟောထ၊** ကျန်းမာချမ်းသာကြပါစေ။ စိတ်ဆင်းရဲခြင်း ကင်းဝေးကြပါစေ။ ။












# မန္တလေးမြို့တွင် နှစ်သစ်ကူးကြိုဆိုပွဲ ပျော်ရွှင်စွာဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာ ၃၁ ရက် ညတွင် မန္တလေးမြို့ ကျုံးတောင်ဘက်၌ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကြိုဆိုပွဲကို ပျော်ရွှင်စွာဖြင့် စည်ကားသိုက်မြိုက်စွာဆင်နွှဲကြသည်။

နှစ်သစ်ကူးကြိုဆိုပွဲသို့ ညနေ ၆ နာရီမှစ၍ မန္တလေးမြို့နယ်အသီးသီးမှ လူငယ်များ၊ မိသားစုများ၊ ကား၊ ဆိုင်ကယ်များဖြင့် လာရောက်ကြကာ မန္တလေးမြို့တော်စည်ပင်သာယာရေးရုံးရှေ့တွင် အဆိုတော်များ၏ဖျော်ဖြေတင်ဆက်မှုတွင် ပျော်ရွှင်စွာခံစားကခုန်ခြင်း၊ ကျုံးတောင်ဘက်ခြမ်းနှင့်ကျုံးအရှေ့ဘက်ခြမ်းတို့တွင် LED မီးဆိုင်းများဖြင့် အလှဆင်ထားသည့်နေရာများတွင် အမှတ်တရ ဓာတ်ပုံများရိုက်ကူးခြင်းနှင့်အတူ နှစ်သစ်သို့ ကူးပြောင်းမည့် ည ၁၂ နာရီတွင် Countdown ရေတွက်ကာ မီးရှူးမီးပန်းများပစ်ဖောက်၍ နှစ်သစ်ကိုကြိုဆိုကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)၊ ဓာတ်ပုံ-အောင်ဖြိုးကျော်**

# နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်တို့တွင် စည်ကားများပြား

**နေပြည်တော် ဒီဇင်ဘာ ၃၁**

နိုင်ငံတကာ နှစ်သစ်ကူးအကြိုကာလဖြစ်သည့်အပြင် ကျောင်းသားကျောင်းသူများ ဒီဇင်ဘာကျောင်းပိတ်ရက်ကာလဖြစ်သည့်အတွက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)နှင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) တို့သို့ ယနေ့နံနက်ပိုင်းမှစ၍ လာရောက်လေ့လာလည်ပတ်သူများ ပိုမိုများပြားစည်ကားလျက်ရှိကြောင်း သိရသည်။

**လာရောက်လည်ပတ်**

“ဒီနေ့မှာတော့ နိုင်ငံတကာနှစ်သစ်ကူးအကြိုနေ့ ရုံးပိတ်ရက်ကာလဖြစ်တဲ့အတွက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို လာရောက်လည်ပတ်တဲ့သူတွေ ပိုပြီးတော့များပါတယ်။ အခုညနေပိုင်းအထိဆိုရင် ကလေး၊ လူကြီးအားလုံးပေါင်း ၁၁၀၀ ကျော်လောက် လာရောက်လည်ပတ်ကြပါတယ်။ ပုံမှန်ရုံးဖွင့်ရက်၊ ကျောင်းဖွင့်ရက်တွေမှာဆိုရင် လာလည်တဲ့သူက တစ်ရက်ကို ၁၀၀ ကျော် ၂၀၀ လောက်ပဲရှိတယ်။ ဒီလိုရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်၊ နှစ်သစ်ကူးအခါကြီးရက်ကြီးတွေမှာဆိုရင်တော့ တစ်ရက်ကို လူဦးရေ ၁၅၀၀၊ ၁၆၀၀ လောက်အထိ လာရောက်လည်ပတ်ကြပါတယ်” ဟု အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ဝန်ဆောင်မှုဌာနမှ တာဝန်ခံဒေါ်ခင်နန်းစိုးက ပြောသည်။

ရုံးပိတ်ရက် ကျောင်းပိတ်ရက်အခါသမယတွင် လာရောက်လည်ပတ်ကြသူများအတွက် ဝင်ကြေးလူကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၊ အသက်ငါးနှစ်မှ ၁၀ နှစ်အထိ ကလေးတစ်ဦးလျှင် ငွေကျပ် ၅၀၀ သတ်မှတ်ထားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ လစဉ်ပုံမှန်ဖျော်ဖြေမှုများရှိသည့်အတွက် လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်း ၎င်းက ပြောသည်။

**ဗဟုသုတရ**

“ဒီနေ့မှာတော့ နှစ်သစ်ကူးရက်ဖြစ်တာနဲ့ သူငယ်ချင်းတွေနဲ့အတူ တိုင်းရင်းသားကျေးရွာသွားမယ်ဆိုပြီး လာလည်ဖြစ်တာပါ။ အရင်ကလည်း ရောက်ဖူးပါတယ်။ များသောအားဖြင့်တော့ ရုံးပိတ်ရက်တွေမှာပဲ လာဖြစ်ပါတယ်။ ဒီကိုလာရင် တိုင်းရင်းသားရိုးရာဝတ်စုံတွေနဲ့ ဓာတ်ပုံရိုက်ရတာ သဘောကျတယ်။ မမြင်ဖူးတဲ့ တိုင်းရင်းသားအိမ်တွေကို လေ့လာလို့ရတဲ့အတွက် ဗဟုသုတရပါတယ်” ဟု နေပြည်တော်မှ လာရောက်လည်ပတ်သူတစ်ဦးက ပြောသည်။

အလားတူ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် ဆာဖာရီဥယျာဉ်သို့ ယနေ့နံနက်ပိုင်းမှစတင်၍ လာရောက်လေ့လာလည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။ ယနေ့ညနေပိုင်းအထိ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်လည်ပတ်သူ ၂၀၀၀ ခန့်ရှိပြီး ဆာဖာရီဥယျာဉ်သို့လူဦးရေ ၁၅၀၀ ခန့် လာရောက် လည်ပတ်ကြကြောင်း တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် ဆာဖာရီဥယျာဉ် တာဝန်ခံတစ်ဦးထံမှ သိရသည်။

''ဥယျာဉ်ထဲကို လာရောက်လည်ပတ်သူတွေက နေပြည်တော်က ရုံးဝန်ထမ်းတွေ များတာဖြစ်တဲ့အတွက်ကြောင့်မို့ သာမန်ကြားရက်တွေမှာဆိုရင် ၃၀၀ ကနေ ၅၀၀ လောက်ပဲရှိတယ်။ အခုလိုမျိုး ဒီဇင်ဘာကျောင်းပိတ်ရက်၊ ခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်မှာဆိုရင်တော့ ၂၀၀၀၊ ၃၀၀၀ လောက်အထိ ဝင်တယ်။ ကျောင်းရက်ရှည်ပိတ်တဲ့ သီတင်းကျွတ်၊ တန်ဆောင်တိုင်လို၊ သင်္ကြန်လို၊ ဒီဇင်ဘာရုံးပိတ်ရက်တွေလို နေ့မျိုးတွေမှာဆိုရင်တော့ တစ်ရက်ကို ၁၂၀၀ ကနေ ၃၀၀၀ လောက်အထိ ဝင်ပါတယ်။ အဓိကကတော့ ကလေးတွေ ကျောင်းပိတ်တဲ့ရက်တွေမှာ များသောအားဖြင့် လာလည်တဲ့သူတွေ ပိုများပါတယ်'' ဟု ၎င်းက ပြောသည်။



တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) အတွင်း အများပြည်သူရုံးပိတ်ရက်များ၊ အခါကြီးရက်ကြီးများတွင် အများအပြား လာရောက်လည်ပတ်သူများအတွက် အထူးဝန်ဆောင်မှုအနေဖြင့် ဆင်စီးခြင်း၊ ဆင်အကအလှများ ကပြဖျော်ဖြေခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ် ဝင်ကြေးအဖြစ် အသက်ငါးနှစ်မှ ကိုးနှစ်အထိ ကလေးတစ်ဦးလျှင် ငွေကျပ် ၅၀၀ နှင့် အသက် ၁၀ နှစ်နှင့်အထက်မှ လူကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။ ပိတ်ရက်ကာလ လူအများအပြားလာရောက်လည်ပတ်သည့်အချိန်များတွင် အထူးဈေးနှုန်းများ လျှော့ချသတ်မှတ်ထားပြီး လူဦးရေ ၅၀ အောက် ၁၀ ရာခိုင်နှုန်းလျှော့ဈေး၊ ၅၀ မှ ၁၀၀ အထိ ၂၀ ရာခိုင်နှုန်းလျှော့ဈေးနှင့် လူဦးရေ ၁၀၀ အထက်ကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ဈေးသတ်မှတ်ထားသည့်အပြင် တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီနှစ်မျိုးလုံး လည်ပတ်ပါက ၃၅ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးသတ်မှတ်ထားကြောင်း၊ အထူးသဖြင့် ကျောင်းသားများ အပန်းလည်းပြေ ဗဟုသုတလည်း ရရှိစေရန်အတွက် ရည်ရွယ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

○ **ကျောဖုံးမှ**

တောင်ကြီးမြို့နဲ့ ကယားပြည်နယ်ဘက်ကို လည်ပတ်ခဲ့တယ်။ ငြိမ်းချမ်းရေးအတွက် ရည်ရွယ်ပြီး တည်ထားတဲ့ ထာဝရငြိမ်းချမ်းရေးစေတီတော်ကို ဖူးမြော်ချင်လို့ နေပြည်တော်ကိုဝင်ခဲ့တာ ဖြစ်ပါတယ်”ဟု ပြောသည်။

မိသားစုနှင့်အတူ နေပြည်တော်ရှိ ဘုရားစေတီများအား လာရောက်ဖူးမြော်သည့် မိုးညှင်းဒီဂရီကောလိပ်မှ ကထိက ဒေါ်သွယ်သွယ်က “ကျွန်မမိဘတွေနဲ့လာရောက်လည်ပတ်တာ ဖြစ်ပါတယ်။ ရန်အောင်ချမ်းသာဘုရား၊ ရွှေလက်လှဘုရားနဲ့ ထာဝရငြိမ်းချမ်းရေးစေတီတို့ကို ဖူးမြော်ပြီးပါပြီ။ စစ်သမိုင်းပြတိုက်ကိုလည်း သွားရောက်လည်ပတ်ကြမှာ ဖြစ်ပါတယ်။ နှစ်သစ်ကူးရုံးပိတ်ရက်ဆိုတော့ မိဘတွေကို နေပြည်တော်ဘုရားတွေ လိုက်ပို့ရင်း ဒီမှာရှိတဲ့ အဒေါ်တွေဆီ လာရောက်လည်ပတ်တာ ဖြစ်ပါတယ်။ နှစ်သစ်မှာ ကျွန်မတို့ နိုင်ငံတော်အေးချမ်းသာယာဝပြောပါစေ၊ ငြိမ်းချမ်းပါစေလို့ ဆုတောင်းပေးပါတယ်”ဟုပြောသည်။


ရုံးပိတ်ရက်တွင် ညီအစ်မများနှင့်အတူ ရန်အောင်ချမ်းသာဘုရားသို့ လာရောက်ဖူးမြော်သည့် မြတ်တော်ဝင်ဟိုတယ်မှ ဝန်ထမ်း မစုလဲ့ဦးက “ကျွန်မတို့နှစ်သစ်ကူးအစီအစဉ်ကတော့ မနက်ပိုင်းမှာ ညီအစ်မတွေစုပြီး နေပြည်တော်က ဘုရားတွေသွားကြမယ်။ ညပိုင်းမှာ ညီအစ်မ၊ သူငယ်ချင်းတွေ၊ မိသားစုတွေနဲ့အိမ်မှာပဲ ချက်ပြုတ်စားသောက်ပြီး နှစ်သစ်ကိုကြိုဆိုကြပါမယ်။ ၂၀၂၀ ပြည့်နှစ်မှာ ကံကောင်းခြင်းတွေရရှိပါစေလို့ ဆုတောင်းပါတယ်။ နိုင်ငံသူ နိုင်ငံသားအားလုံးလည်း အေးချမ်းကြစေဖို့ ဆုတောင်းပေးပါတယ်”ဟု ပြောသည်။

ထို့အတူ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကို မိမိတို့၏ မိတ်ဆွေများ၊ မိသားစုများနှင့်အတူ အစားအသောက်များ ချက်ပြုတ်စားသောက်ကာ ပျော်ရွှင်စွာကြိုဆိုနိုင်ရန် လိုအပ်သောပစ္စည်းများ လာရောက်ဝယ်ယူကြသူများ၊ နှစ်သစ်တွင် လူကြီးမိဘများအား လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ရန် လာရောက်ဝယ်ယူကြသူများဖြင့် နေပြည်တော်ရှိ ဈေးကြီးများနှင့် ဈေးဝယ်စင်တာများတွင် စည်ကားလျက်ရှိသည်။

မိသားစုနှင့်အတူ နှစ်သစ်ကိုကြိုဆိုမည့် ကိုမင်းမင်းက “နှစ်သစ်ကို မိသားစုနဲ့အတူ အိမ်မှာပဲကြိုဆိုမှာ ဖြစ်ပါတယ်။ မိသားစုနဲ့ချက်ပြုတ်စားသောက်မယ်။ အစားအသောက်တွေ ချက်ပြုတ်စားသောက်ဖို့ လိုအပ်တဲ့ပစ္စည်းတွေ ဒီမှာလာဝယ်တာဖြစ်ပါတယ်။ နှစ်သစ်မှာ မြန်မာပြည်သူ ပြည်သားအားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေလို့ ဆုတောင်းပါတယ်”ဟု ပြောသည်။

“ကျွန်တော်တို့ဆိုင်မှာတော့ ဒီနေ့မနက်ပိုင်းကစပြီး လာရောက်ဝယ်သူများတယ်။ နှစ်သစ်ကိုအပေါင်းအဖော်တွေနဲ့ ကြိုဆိုကြမှာဆိုတော့ ကော့တေးလုပ်ဖို့အတွက် လိုအပ်တဲ့ပစ္စည်းတွေ လာဝယ်ကြတာများတယ်။ ဒီလိုနေ့မျိုးမှာတော့ ပုံမှန်နေ့တွေထက် ရောင်းအားပိုကောင်းပါတယ်” ဟု ကောင်းခန့်ကျော်ကုန်စုံဆိုင်မှ ကိုမင်းက ပြောသည်။

**တွေ့ဆုံမေးမြန်း-မျိုးသူဟိန်း၊ ကျော်ဟိန်း**
**ဓာတ်ပုံ-ကျော်ဇင်ထိုက်၊ ဟိန်းမင်းစိုး**



# တောမီးလောင်မှုကြောင့် ဩစတြေးလျ၌ လူနှစ်ဦး သေဆုံး၊ အများအပြား ပျောက်ဆုံးနေ

**ဆစ်ဒနီ ဒီဇင်ဘာ ၃၁**
ဩစတြေးလျနိုင်ငံအရှေ့တောင်ဘက်တွင် တောမီးအကြီးအကျယ်လောင်မှုကြောင့် လူနှစ်ဦး နောက်ထပ်သေဆုံးပြီး အများအပြားပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ယနေ့အတည်ပြုပြောကြားခဲ့သည်။

တောမီးလောင်မှုကြောင့် နယူးဆောက်ဝေးလ်ပြည်နယ်၏ အရှေ့တောင်ဘက်ရှိ ကိုဘာဂိုမြို့တွင် လူနှစ်ဦး ထပ်မံသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း၊ အဆိုပါ သေဆုံးသူနှစ်ဦးသည် ဖခင်ဖြစ်သူနှင့် သားဖြစ်ဖွယ်ရှိပြီး ၎င်းတို့၏နေအိမ်ကို မီးလောင်မှုဘေးမှ ကာကွယ်ပေးရန် ကြိုးပမ်းလုပ်ဆောင်နေစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း နယူးဆောက်ဝေးလ်ပြည်နယ်ဝန်ကြီးချုပ် ကလေဒီးစ်ဘာရာဂျစ်ကလီယံက သတင်းထောက်များအား ပြောကြားသည်။

ပြည်နယ်အတွင်း တောမီးလောင်မှုအခြေအနေနှင့် ပတ်သက်၍ ပြည်နယ်ရေးရာ ဒုတိယရဲမင်းကြီး ဂေရီဝါဘွိုင်းစ်က အလွန်ဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ခုအဖြစ် ခိုင်းနှိုင်းပြောဆိုခဲ့သည်။ “ဒီနေ့အစောပိုင်းက တောမီးလောင်မှုဖြစ်ပွားလာတဲ့အခါ မီးငြိမ်းသတ်ရန် ကျွန်တော်တို့ အကောင်းဆုံးကြိုးပမ်းလုပ်ဆောင်ခဲ့ပါတယ်”ဟု ဂေရီဝါဘွိုင်းစ်က ဆိုသည်။

တစ်ချိန်တည်းမှာပင် ဗစ်တိုးရီးယားပြည်နယ်တောင်ဘက်တွင် လူလေးဦးပျောက်ဆုံးနေပြီး လူ ၄၀၀၀ ကျော်တို့သည် ကမ်းရိုးတန်းပေါ်ရှိ ၎င်းတို့၏ ခိုလှုံသည့်နေရာတွင် တောမီးကပိတ်ဆို့သွားသည်ဟု တာဝန်ရှိသူများက ကြေညာသည်။

တောမီးက ပိတ်ဆို့နေသည့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးအစီအစဉ်များကို အတတ်နိုင်ဆုံးနည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး ဩစတြေးလျ ကာကွယ်ရေးတပ်ဖွဲ့ကိုလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် အကူအညီတောင်းဆိုထားကြောင်း ဗစ်တိုးရီးယားပြည်နယ်ဝန်ကြီးချုပ် ဒန်နီယာအင်ဒရူးစ်က ပြောကြားသည်။

ဗစ်တိုးရီးယားပြည်နယ်၏ အရှေ့ဘက် ဂျစ်ပ်လန်းဒေသတွင် မြေဧရိယာ ဟက်တာပေါင်း၂၀၀၀၀၀ ခန့် မီးလောင်ကျွမ်းမှုနှင့်အတူ ဒေသခံပြည်သူများသည် အထိတ်တလန့်ရှိနေကြကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံအတွင်း မကြုံစဖူးသော တောမီးလောင်မှုကြောင့် လူ ၁၀ ဦးထက်မနည်းသေဆုံးပြီး အိမ်ခြေ ၁၀၀၀ ခန့် မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**



# ဆိုမာလီယာတွင် ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ၈၁ ဦးအထိ တိုးလာ

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၃၁**
ဆိုမာလီယာနိုင်ငံ၏ မြို့တော်တွင် အကြီးအကျယ် ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ၈၁ ဦးအထိ တိုးလာခဲ့ကြောင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်သားများကလည်း ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

မြို့တော်မိုဂါဒစ်ရှူးရှိ လူအသွားအလာများသော လမ်းပေါ်တွင် ဒီဇင်ဘာ ၂၈ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းသည် နှစ်နှစ်တာကာလအတွင်း ဆိုမာလီယာနိုင်ငံ၏ သေဆုံးမှု အများဆုံးသော တိုက်ခိုက်မှုတစ်ရပ်ဖြစ်သည်။

ဆိုမာလီယာနိုင်ငံသမ္မတ မိုဟာမက်အဗ္ဗဒူလာမိုဟာမက်က နိုင်ငံတကာထောက်ခံသော အစိုးရအား ဖြိုဖျက်ရန် ဆယ်စုနှစ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကားဗုံးခွဲတိုက်ခိုက်မှုများနှင့် အခြားသော တိုက်ခိုက်မှုများကို ပုံမှန်ပြုလုပ်လေ့ရှိသော အစ္စလာမ္မစ်အုပ်စု အယ်လ်ရှာဘတ်ကို ပြစ်တင်ပြောကြားခဲ့သော်လည်း မည်သူတစ်ဦးတစ်ဖွဲ့ကမှ ယင်းတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ တာဝန်ရှိကြောင်း ပြောကြားခဲ့ခြင်းမရှိပေ။

"သေဆုံးသူ အရေအတွက်ဟာ လက်ရှိမှာ ၈၁ ဦးအထိ ရှိသွားပါပြီ။ ဒဏ်ရာရသူတွေထဲမှ နှစ်ဦးသေဆုံးခဲ့ပါတယ်"ဟု ဆိုမာလီယာ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အစ္စမေးလ်မက်တာက အေအက်ဖ်ပီသတင်းဌာနသို့ ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၈ ရက်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် ၁၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူများထဲမှ အနည်းဆုံး ၁၆ ဦးမှာ မိုဂါဒစ်ရှူးမြို့၏ ပုဂ္ဂလိက ဘန်ဒါဒါတက္ကသိုလ်မှ ကျောင်းသားများဖြစ်ကြောင်း၊ ၎င်းတို့မှာ ကားဗုံးပေါက်ကွဲရာနေရာသို့ ဘတ်စ်ကားတစ်စီးဖြင့် ခရီးသွားခဲ့ကြကြောင်း၊ ယခုတိုက်ခိုက်မှုသည် ၂၀၁၇ ခုနှစ်က လူပေါင်း ၅၀၀ ကျော် သေဆုံးခဲ့သည့် မိုဂါဒစ်ရှူးရှိ လောင်စာဆီတင်ကား တစ်စီးအနီး ဖြစ်ပွားခဲ့သည့် ကားဗုံးပေါက်ကွဲမှုတစ်ခုနောက်ပိုင်း ဆိုမာလီယာအား ပစ်မှတ်ထားသည့် အကြီးကျယ်ဆုံးသော တိုက်ခိုက်မှုဖြစ်ကြောင်း သိရသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – အလင်းသစ်**



# ပြင်သစ်သမ္မတ ပြောကြားမည့် မိန့်ခွန်းအပေါ် ဆန္ဒပြသူများ မျှော်လင့်ချက်ထားရှိ

**ပဲရစ် ဒီဇင်ဘာ ၃၁**
ပြင်သစ်နိုင်ငံတွင် ဖြစ်ပွားနေသော ဆန္ဒပြပွဲအတွင်း ဆန္ဒပြအလုပ်သမားခေါင်းဆောင်များက သမ္မတ မက်ခရွန်နှင့် သဘောတူညီချက်ရရေး ညှိနှိုင်းဆောင်ရွက်ရန် သဘောထားရှိနေသည်။ ယခုဆန္ဒပြပွဲသည် အငြိမ်းစားပင်စင်လစာငွေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်ပြီး ပို့ဆောင်ရေးကဏ္ဍမှ ဝန်ထမ်းများက ဆန္ဒပြခြင်းဖြစ်သည်။

သမ္မတ မက်ခရွန်အနေဖြင့် ၎င်း၏အစိုးရလက်ထက်တွင် ဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး ပြည်သူလူထုအား နှစ်သစ်ကူးမိန့်ခွန်းပြောကြားကာ ရှင်းလင်းသွားမည်ဖြစ်သည်။ မက်ခရွန်အနေဖြင့် လူထုအတွင်းတွင် ဖြစ်ပွားနေသော မညီမျှမှုများကို တည့်မတ်ပေးခဲ့သည့် လူမှုရေးဆိုင်ရာ တိုးတက်မှုအခြေအနေစီမံကိန်းနှင့် စပ်လျဉ်းပြီး ၎င်း၏ရည်မှန်းချက်ကို အထက်ပါမိန့်ခွန်းတွင် ထပ်မံအတည်ပြုသွားမည်ဖြစ်သည်။

ယခုအဆင့်တွင် သမ္မတ မက်ခရွန်အနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို အသေးစိတ်ရှင်းပြသွားမည်မဟုတ်ကြောင်း ပင်စင်ဥပဒေအသစ်တွင် အငြိမ်းစားယူရမည့် အသက် ၆၄ နှစ်သို့ရောက်မှသာ ပင်စင်လစာခံစားခွင့်များကို အပြည့်အဝရရှိမည်ဟု ပြဋ္ဌာန်းထားသည်။ သီတင်းပတ်သုံးပတ်ကြာမျှဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများပြီးနောက် အစိုးရက ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်ဝန်ထမ်းများ၏ စောစီးစွာအငြိမ်းစားယူပိုင်ခွင့်ကို ခွင့်ပြုခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – စိုးသူရ**




# စိန်ခေါ်မှုများအတွက် ကောင်းစွာပြင်ဆင်ထားဟု အိန္ဒိယတပ်မတော်စစ်ဦးစီးချုပ် ပြော

**နယူးဒေလီ ဒီဇင်ဘာ ၃၁**
ပြီးခဲ့သည့် လွတ်လပ်ရေးနေ့မိန့်ခွန်းအတွင်း ဝန်ကြီးချုပ်နာရင်ဒရာမိုဒီ ကြေညာခဲ့သည့် အသစ်တီထွင်ထားသော ရာထူးတစ်ခုဖြစ်သည့် စစ်ဦးစီးချုပ်အဖြစ် အိန္ဒိယအစိုးရက ဗိုလ်ချုပ်ကြီးဘီပင်ရာဝပ်ကို ခန့်အပ်လိုက်ပြီဖြစ်သည်။ စစ်ဦးစီးချုပ်အနေဖြင့် ဗိုလ်ချုပ်ကြီး ဘီပင်ရာဝပ်သည် အိန္ဒိယကာကွယ်ရေး ဝန်ကြီးဌာနအတွက်စစ်ဘက်ဆိုင်ရာအကြံပေးအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော စစ်ဦးစီးချုပ်ရာထူးထမ်းဆောင်မည့် ဗိုလ်ချုပ်ကြီး ဘီပင်ရာဝပ်က ပါကစ္စတန်နှင့် တရုတ်နယ်စပ်တစ်လျှောက် စိန်ခေါ်မှုများအတွက် အိန္ဒိယတပ်မတော်က ကောင်းစွာပြင်ဆင်ထားသည်ဟု ပြောကြားသည်။ ၎င်းက အိန္ဒိယတပ်မတော်အကြီးအကဲဖြစ်လာခဲ့သည့် သူ၏နေရာဆက်ဆံသူ ဒုတိယဗိုလ်ချုပ်ကြီး မာနော့ဂျ်နာရာဗိန်းကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ အိန္ဒိယတပ်မတော်မှာ သူ၏ကွပ်ကဲမှုအောက်တွင် အထွတ်အထိပ်ရောက်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားလိုက်သည်။

ဒိုကလန်ဒေသမှာ အိန္ဒိယ၊ တရုတ်နှင့် ဘူတန် သုံးနိုင်ငံနယ်စပ်တွင် တည်ရှိသည်။ မဟာဗျူဟာမြောက် ပြိုင်ဘက်နှစ်နိုင်ငံကြား ၂၀၁၇ ခုနှစ် နယ်စပ်အရေး တင်းမာမှုက ယခုအချိန်ထိရှိနေဆဲဖြစ်ကြောင်း ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် အိန္ဒိယနှင့် တရုတ်တို့က ထုတ်ပြန်ခဲ့သည့် စစ်ဘက်မှတ်တမ်းများက ညွှန်ပြခဲ့သည်။ အလားတူ ကက်ရှ်မီးယားဒေသရှိ ထိန်းချုပ်မျဉ်းတစ်လျှောက် အိန္ဒိယနှင့် ပါကစ္စတန်ကြား တင်းမာမှုများရှိနေဆဲဖြစ်သည်။

**ကိုးကား – စပွတ်ညက်၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# ဒေသဆိုင်ရာရေပြင်မှ အမေရိကန်တပ်ဖွဲ့ထွက်ခွာရန် အီရန်ရေတပ်အကြီးအကဲ တိုက်တွန်း

**တီဟီရန် ဒီဇင်ဘာ ၃၁**
အမေရိကန်ရေတပ်သည် ဒေသဆိုင်ရာ ရေပြင်မှ ထွက်ခွာသင့်ကြောင်း အီရန်ရေတပ်၏ တပ်မှူးက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

ဒေသတွင်း အမေရိကန်တပ်ဖွဲ့၏ လွတ်လွတ်လပ်လပ် လှုပ်ရှားဆောင်ရွက်သည့်ခေတ်သည် ယခုအခါ ကုန်ဆုံးသွားပြီဖြစ်ကြောင်း၊ သို့ဖြစ်ရာ အမေရိကန်တပ်ဖွဲ့အနေဖြင့် ဒေသဆိုင်ရာရေပြင်မှ တဖြည်းဖြည်းချင်း ထွက်ခွာသင့်ပြီဖြစ်ကြောင်း အီရန်ရေတပ်၏ တပ်မှူး ဟိုစိန်ခန်ဇာဒီက ရုရှား၊ တရုတ်တို့နှင့် အတူပြုလုပ်သည့် ရေတပ်ဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှုအတောအတွင်း သီးသန့်တွေ့ဆုံပွဲတွင် ထည့်သွင်းပြောကြားလိုက်သည်။

“ဒေသဆိုင်ရာလုံခြုံရေးအတွက် နိုင်ငံခြားတပ်ဖွဲ့တွေ ဒေသအတွင်းနေထိုင်ဖို့ လိုအပ်မယ် မထင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒေသဆိုင်ရာ နိုင်ငံတွေအနေနဲ့ သူတို့ကိုယ်တိုင် ဒေသတွင်းလုံခြုံရေးကို သေချာအောင် အတူတကွ လုပ်ဆောင်နိုင်စွမ်းရှိတဲ့အတွက်ကြောင့်ပါ”ဟု အီရန်တပ်မှူးက ထပ်မံပြောကြားသည်။

တစ်ဆက်တည်းမှာပင် အီရန်တပ်မှူး ခန်ဇာဒီက ပင်လယ်ဆိုင်ရာ လုံခြုံရေးအတွက် စုပေါင်းလုပ်ဆောင်မှု လိုအပ်သောကြောင့် ဒေသဆိုင်ရာလုံခြုံရေးကို သေချာစေရန်အတွက် အီရန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဒေသဆိုင်ရာနိုင်ငံများအား တိုက်တွန်းလိုက်သည်။

ရုရှား၊ အီရန်နှင့် တရုတ်နိုင်ငံတို့မှ ရေတပ်ဖွဲ့ဝင်များသည် ရေတပ်ဆိုင်ရာ လေးရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဒီဇင်ဘာ ၂၇ ရက်မှစ၍ အိုမန်ပင်လယ်ကွေ့တွင် စတင်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# ကင်မရွန်းဆိပ်ကမ်း၌ ဂရိရေနံတင်သင်္ဘောတိုက်ခိုက်ခံရ၊ သင်္ဘောသားရှစ်ဦးကို ပြန်ပေးဆွဲသွား

**အေသင် ဒီဇင်ဘာ ၃၁**

သေနတ်သမားများက ကင်မရွန်းနိုင်ငံရှိ လိမ်ဘီဆိပ်ကမ်းတွင် ဂရိရေနံတင်သင်္ဘောတစ်စင်းကို ယနေ့တိုက်ခိုက်ခဲ့ပြီးနောက် သင်္ဘောသားရှစ်ဦးကို ပြန်ပေးဆွဲခဲ့ကြောင်း ဂရိကုန်သွယ်ရေကြောင်းဝန်ကြီးဌာနက ပြောကြားသည်။

"ဟက်ပီးလေဒီ"ဟု အမည်ပေးထားသော အဆိုပါ ရေနံတင်သင်္ဘောပေါ်တွင် သင်္ဘောအမှုထမ်း ၂၈ ဦး ပါဝင်ပြီး ဂရိနိုင်ငံသားငါးဦး၊ ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦးနှင့် ယူကရိန်းနိုင်ငံသားတစ်ဦးတို့ကို ပြန်ပေးဆွဲခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုတွင် ဂရိနိုင်ငံသား စက်ဆရာတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ဆေးဝါးကုသမှုခံယူရန် ဆေးရုံသို့ပို့ဆောင်ထားကြောင်း သိရသည်။

ကုန်သွယ်ရေကြောင်းဝန်ကြီး ယန်နစ်ပလေကီယိုတာကစ်သည် အခင်းဖြစ်မှုနှင့်ပတ်သက်၍ ဂရိနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရေနံတင်သင်္ဘောလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူ ကုမ္ပဏီတို့နှင့်အတူ အနီးကပ်စောင့်ကြည့်လေ့လာလျက်ရှိသည်။

သေနတ်သမားများသည် ပြန်ရွေးငွေတောင်းခံရန်အတွက် သင်္ဘောများအပေါ် တိုက်ခိုက်မှုများနှင့် သင်္ဘောအမှုထမ်းများအား ပြန်ပေးဆွဲမှုများကို အာဖရိကကမ်းရိုးတန်းတစ်လျှောက်တွင် မကြာခဏ လုပ်ဆောင်လေ့ရှိသည်။

ပင်လယ်ဓားပြများသည် သင်္ဘောများနှင့် သင်္ဘောအမှုထမ်းများကို ပြန်ပေးဆွဲပြီး ယင်းသင်္ဘောများနှင့် သင်္ဘောအမှုထမ်းများအား ပြန်လွှတ်ပေးရေးအတွက် ပမာဏကြီးမားလှသော ပြန်ရွေးငွေကို တောင်းခံကာ ပြန်ရွေးငွေမရမချင်း သင်္ဘောများနှင့် သင်္ဘောအမှုထမ်းများကို တစ်ခါတစ်ရံ ရက်ပေါင်းများစွာကြာ ပြန်ပေးဆွဲလေ့ရှိသည်။

ပြီးခဲ့သည့် နိုဝင်ဘာလက အခြားသော ဂရိရေနံတင်သင်္ဘောတစ်စင်းကို တိုဂိုနိုင်ငံ၏ မြို့တော်လောမ်မှ ရေမိုင် ၁၀ မိုင်ခန့်အကွာတွင် သေနတ်သမားများက စီးနင်းတိုက်ခိုက်ပြီး သင်္ဘောသားလေးဦးကို ပြန်ပေးဆွဲခဲ့သည်။

ပြန်ပေးဆွဲသွားသည့် သင်္ဘောသားသုံးဦးကို ဒီဇင်ဘာ ၁၃ ရက်တွင် ပြန်လွှတ်ပေးပြီး ကျန်တစ်ဦးမှာ ပြန်ပေးဆွဲစဉ် သေဆုံးသွားကြောင်း သိရသည်။

သင်္ဘောသားသေဆုံးမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေသော်လည်း အဆိုပါသင်္ဘောသားသေဆုံးမှုသည် ပြန်ပေးဆွဲသမားများ၏ လက်ချက်ကြောင့် သေဆုံးခြင်းမဟုတ်ဘဲ နေမကောင်းမှုကြောင့် သေဆုံးဖွယ်ရှိကြောင်း ရေနံတင်သင်္ဘောကုမ္ပဏီက ပြောကြားသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**



# ကဘူးလ်မြို့တော်၌ လေထုညစ်ညမ်းမှုကြောင့် တစ်ပတ်အတွင်း လူ ၁၇ ဦး သေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၃၁**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်၌ ပြီးခဲ့သော သီတင်းပတ်အတွင်း အလွန်အမင်းလေထုညစ်ညမ်းမှုကြောင့် လူ ၁၇ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ဗီဒါမိုဟာမက်ပိုင်ကန်က ပြောကြားခဲ့သည်။

ပြီးခဲ့သောရက်သတ္တပတ်အတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါခံစားရသည့် လူနာ ၈၀၀၀ ကျော် ဆေးရုံများသို့ လာရောက်ပြသခဲ့ပြီး ၎င်းတို့အနက် ၁၇ ဦး သေဆုံးခဲ့ကြောင်း ဗီဒါက ပြောသည်။ ကဘူးလ်မြို့တော်ကို ကမ္ဘာပေါ်တွင် လေထုအညစ်ညမ်းဆုံးမြို့တော်များအနက် တစ်မြို့အဖြစ် သတ်မှတ်ထားသည်။ ထိုစိန်ခေါ်မှုကို ကျော်လွှားနိုင်ရန် အမျိုးသားပတ်ဝန်းကျင်အကာအကွယ်ပေးရေးဌာနက ကဘူးလ်စည်ပင်၊ ပြည်ထဲရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းကာ ယမန်နေ့က လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးအစီအစဉ်တစ်ရပ် စတင်ဆောင်ရွက်ခဲ့ပြီး အပူပေးစနစ်တွင် အရည်အသွေးနိမ့်ပစ္စည်းများ အသုံးပြုသည့် စီးပွားရေးစင်တာ သို့မဟုတ် ဌာနများကို ပိတ်သိမ်းပစ်ရန် သတိပေးခဲ့သည်။

တောင်ကုန်းထူထပ်သော အာဖဂန်နစ္စတန်နိုင်ငံ၌ ပြည်သူများက ဆောင်းတွင်းချိန်၌ နေအိမ်များ၊ ရုံးခန်းများ နွေးထွေးစေရန် ကျောက်မီးသွေးအပါအဝင် အရည်အသွေးနိမ့်လောင်စာများကို သုံးစွဲကြသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန် - ကျော်ထိုက်စိုး**






# တရုတ်နိုင်ငံမြောက်ပိုင်း၌ တည်ဆောက်ဆဲဥမင်လိုဏ်ခေါင်း ပြိုကျမှုကြောင့် ခြောက်ဦးသေဆုံး

**တိုင်ယွမ် ဒီဇင်ဘာ ၃၁**

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်းဇီးပြည်နယ်တွင် တည်ဆောက်ဆဲဥမင်လိုဏ်ခေါင်းတစ်ခု ပြိုကျခဲ့ရာ ယနေ့နံနက်ပိုင်းအထိ လူခြောက်ဦး သေဆုံးခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ပြောကြားသည်။

ယခုဖြစ်ရပ်မှာ ကျင်းချန်မြို့တော် အဝေးပြေးလမ်းမကြီးပေါ်ရှိ ဥမင်လိုဏ်ခေါင်းတစ်ခု၌ ယမန်နေ့ညနေ ၄ နာရီခန့်တွင် ဖြစ်ပွားခဲ့ရာ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ လုပ်ကိုင်နေသူ ခြောက်ဦး ပိတ်မိခဲ့သည်ဟု ဒေသန္တရအာဏာပိုင်များ၏ ပြောကြားချက်များအရ သိရသည်။ ပိတ်မိသူများအနက်တစ်ဦးကို ကယ်တင်ခဲ့ပြီး အနီးအနားရှိ ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် သေဆုံးသွားခဲ့သည်။ ကယ်ဆယ်ရေးသမားများက ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ တွင် ပြိုကျခဲ့သော ဥမင်လိုဏ်ခေါင်းမှ သေဆုံးသူငါးဦး၏ အလောင်းများကို ဆွဲထုတ်ခဲ့သည်။

ခန့်မှန်းခြေအားဖြင့် ကုဗမီတာ ၂၀၀ ရှိ အပျက်အစီးများက ဥမင်လိုဏ်ခေါင်းကို ပိတ်ဆို့လျက်ရှိပြီး ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# လွယ်ဂျယ်၊ ကောလင်းနှင့် မော်လမြိုင်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရွှေဘို ဒီဇင်ဘာ ၃၁**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် ညပိုင်းက မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ လွယ်ဂျယ်-မန်ကောင်း ကျေးရွာသွားလမ်းတွင် ယော်ထုံ(ခ)မာယော် မောင်းနှင်ပြီး မဂျာငိုင်၊ ဖော်ယူးမွန်းအောင်တို့ လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၅၉၀ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကောလင်းမြို့နယ် ကညို့အင်းကျေးရွာအနီး ထီးချိုင့် - ကျောက်တန်းသွား လမ်းတွင် မောင်ကျိန်မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၁၂၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့မွန်းလွဲပိုင်းက မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ ဖက်တန်း ရပ်ကွက် မြိုင်ရတနာလေးထပ်ဈေးဝင်ပေါက်ရှေ့တွင် ဇော်မျိုး နိုင်(ခ)ရွှေအ(ခ)ကားကားနှင့် မင်းသိန်းတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၅၂ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြိုင်ရတနာလေးထပ်ဈေးဝင်ပေါက်ရှိ လက်ဖက်ရည်ဆိုင် အနီးတွင် မမော်မော်စိုးအားတွေ့ရှိပြီး ၎င်းထံမှ ငွေကျပ် ၃၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ထပ်မံသိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**


မောင်ကျိန်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မယ်စဲ့မြို့နယ်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မယ်စဲ့ ဒီဇင်ဘာ ၃၁**
ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၀ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဥပဒေများကို သိရှိစေရန်ရည်ရွယ်

အစည်းအဝေးတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းက ကလေးသူငယ်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ ကလေးသူငယ်မှုခင်းဖြစ်ပွားပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဟိန်းမင်းဖြိုးက ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ သိရှိထားသင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

### မေးမြန်းဆွေးနွေး

ထို့နောက် မြို့နယ်တရားသူကြီး ဦးအောင်မြင့်ဌေးက ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**

## ရွှေဘိုမြို့နယ်၌ မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်

**ရွှေဘို ဒီဇင်ဘာ ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် သီးလုံးကျေးရွာ၌ ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီခွဲက ရွှေဘိုမြို့နယ် သီးလုံးကျေးရွာ၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်၍ မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် သုံးစီး၊ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ရဲတပ်ဖွဲ့ဝင် ငါးဦးနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၅၀ တွင် မီးထိန်းနိုင်၍ နံနက် ၁၀ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ သီးလုံးကျေးရွာနေ ဦးထွန်းလင်းနေအိမ်ရှိ မီးအားမြှင့်စက် အပူလွန်ကဲရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးထွန်းလင်းအား ရွှေဘိုမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## သထုံမြို့နယ်၌ ၂၀၁၉ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၅၃ ဦးရှိ

**သထုံ ဒီဇင်ဘာ ၃၁**
မွန်ပြည်နယ် သထုံမြို့၌ ၂၀၁၉ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၂၂၈ မှုဖြစ်ပွားခဲ့ကြောင်း သထုံအမှတ် ၇၈ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ သိရသည်။

ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရလူနာပေါင်း ၁၇၅ ဦးနှင့် သေဆုံးသူ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၁၁ ဦး ရှိခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## ကျောက်ဆည်မြို့ ဂိမ်းဆိုင်၌ ဓားထိုးမှုဖြစ် တစ်ဦးသေ

**ကျောက်ဆည် ဒီဇင်ဘာ ၃၁**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ ဂိမ်းဆိုင်၌ ဓားထိုးမှုဖြစ်ပွားရာ တစ်ဦး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃၀ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ကျောက်ဆည်မြို့နယ် ပန်နံကျေးရွာနေ သီဟဇော်သည် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ ဂိမ်းဆိုင်၌ ဂိမ်းဆော့ကစားနေစဉ် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်နေ ဘဲဥ(ခ)ရှိုင်းထက်ဟန်နှင့် ရဲမင်းပိုင်တို့ ရောက်ရှိလာပြီး သီဟဇော်အား ဓားဖြင့်ထိုးရာ သေဆုံးသွားသဖြင့် ဘဲဥ(ခ)ရှိုင်းထက်ဟန်နှင့် ရဲမင်းပိုင်တို့အား ကျောက်ဆည်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**



# နှစ်သစ်ကူးရုံးပိတ်ရက် ခရီးသွားကြသူ၊ အပန်းဖြေကြသူများဖြင့် စည်ကားများပြား



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ - မြင့်မောင်



ပုပ္ပားတောင်ကလပ်တွင် ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ - ကိုနေ(ကျောက်ပန်းတောင်း)



တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ လာရောက်လည်ပတ် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ - အေးမင်းသူ



တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ လာရောက်လည်ပတ် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ - အေးမင်းသူ



ရထားစီးခရီးသည်များ များပြားစည်ကားနေသည်ကို ယနေ့ညနေပိုင်းက ရန်ကုန်ဘူတာကြီး၌ တွေ့ရစဉ်။
ဓာတ်ပုံ - စိုးမြင့်အောင်



ရန်ကုန်မြို့ အောင်မင်္ဂလာကားကွင်း၌ အနယ်နယ်အရပ်ရပ်မှ ခရီးသွားလာသူများကို တွေ့ရစဉ်။
ဓာတ်ပုံ - ဟိန်းထက်(ကြေးမုံ)

# ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် တာချီလိတ်မြို့မရဲစခန်းစစ်ဆေး

**တာချီလိတ် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်သည် တာချီလိတ်ခရိုင် တရားသူကြီး ဦးအောင်မော်နှင့်အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့မရဲစခန်းရှိအချုပ်ထောင်အား ဒီဇင်ဘာ ၂၉ ရက် နံနက် ၈နာရီကသွားရောက်ကြည့်ရှုစစ်ဆေးသည်။



ပြစ်ဒဏ်ကျခံနေရသည့် အချုပ်သားဦးရေနှင့် အချုပ်ခန်း လက်ခံနိုင်သည့်ဦးရေ ကျော်လွန်မှုရှိ၊ မရှိ၊ အချုပ်သားများ၏ စားသောက်ရေး အဆင်ပြေမှုရှိ၊ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ မိလ္လာစနစ်၊ သောက်သုံးရေစနစ်၊ ဥပဒေပါ အချုပ်သား အခွင့်အရေးများ ချိုးဖောက်ခံရမှုရှိမရှိ၊ အယူခံပြင်ဆင်တက်ရောက်ရန် အခွင့်အရေးရှိမရှိ၊ ရှေ့နေ ရှေ့ရပ် ငှားရမ်းခွင့် ရမရ၊ တရားရုံးများနှင့် စပ်လျဉ်း၍ အခက်အခဲတွေ့ကြုံရမှု စသည်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့မရဲစခန်းရှိ တာဝန်ရှိသူများ၊ အချုပ်တာဝန်ရှိသူများနှင့် တွေ့ဆုံပြီးဥပဒေ၊ နည်းဥပဒေများနှင့်အညီဖြစ်စေရေး မှာကြားခဲ့ကြောင်း သိရသည်။

**ဝေဖြိုးလေး(တာချီလိတ်)**

# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**နမ့်စန်။** ။ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက်၉နာရီက မြို့နယ်အားကစားရုံ၌ ကျင်းပရာ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ စစ်တုရင် အားကစားပြိုင်ပွဲများကို စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲအလိုက်ယှဉ်ပြိုင်နေမှုများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

**ဂန့်ဂေါ။** ။(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ အဆိုပါ ပြိုင်ပွဲသို့ ဝါသနာရှင် ၁၈ ဦးပါဝင်ယှဉ်ပြိုင်ကြပြီး ဆုများကို လွတ်လပ်ရေးနေ့တွင် ချီးမြှင့်သွားမည်ဟု သိရသည်။

**စိန်ကျော်**

**ဟသ်ာတ။** ။(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ မြဝတီရပ်ကွက်နှင့် ကနောင်စုရပ်ကွက်တို့ကို ဆက်သွယ်သွားလာသည့် တက္ကသိုလ်လမ်းမကြီး ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၈ နာရီက ဟသ်ာတတက္ကသိုလ် အနီးရှိ လမ်းသစ်မုခ်ဦးတွင် ကျင်းပသည်။ အဆိုပါ တက္ကသိုလ်လမ်းမကြီးသည် အလျား ၄၆၅၅ ပေ၊ အကျယ် ၂၄ ပေနှင့် ဒု ရှစ်လက်မရှိကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**

**အရာတော် ။** ။ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်မြန်မာ့ရိုးရာ နွားလှည်းပြိုင်ပွဲကိုအရာတော်မြို့ နွားလှည်းပြိုင်ကွင်း၊ ပြည်သူ့အားကစားကွင်း (ဘောလုံးကွင်း)၏ အရှေ့ဘက်တွင် ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိကျင်းပရာ ပြိုင်ပွဲတွင် နွားကျောစီး၊ နွားလှည်းဒုန်းပြိုင်ပွဲ၊ နွားလှည်းအသားကျပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဆေးဆိုင်များက FDA ထံ သက်တမ်းလွန်ဆေးဝါးများအပ်နှံ

**မကွေး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ဆေးဆိုင်များ အနေဖြင့် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (FDA) သို့ သက်တမ်းလွန်ဆေးဝါးများကို ဖျက်ဆီးပေးရန် အပ်နှံမှုများရှိနေကြောင်း မကွေးတိုင်းဒေသကြီး FDA တာဝန်ခံ ဒေါက်တာပြည့်ထူးထံမှ သိရသည်။

ဆေးဆိုင်များတွင် ယခင်က ဆေးဝါးများ သက်တမ်းလွန်လာပါက ဖွင့်ဖောက်၍ အိတ်များတွင် ထည့်ပြီး နယ်များ ကိုဖြန့်သည့်အလေ့အထများ ရှိခဲ့သော်လည်း အသိပညာပေးမှုနှင့် စစ်ဆေးမှုများ လုပ်ဆောင်နိုင်ခဲ့သည့်အတွက် လုပ်ငန်းရှင်များဘက်မှ ပူးပေါင်းပါဝင်လာနေခြင်းဖြစ်သည်။

"သက်တမ်းလွန်ဆေးတွေကျွန်တော်တို့သိမ်းဆည်းရတာက အပ်နှံတာရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲ ရှိပါတယ်။ ကျန်တဲ့ ၉၀ ရာခိုင်နှုန်းလောက်က ဆေးဆိုင်တွေက သူတို့ သဘောနဲ့သူတို့ လာအပ်တဲ့ ပစ္စည်းတွေဖြစ်ပါတယ်" ဟု ဒေါက်တာပြည့်ထူးက ပြောကြားသည်။

FDA အနေဖြင့် ဓာတ်ခွဲခန်းပါသော မော်တော်ယာဉ်ကိုအသုံးပြုပြီး ဈေးများကို ရှောင်တခင်စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိပြီး ဆေးဆိုင်များတွင် တားမြစ်ဆေးဝါးနှင့် မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများ ရောင်းချမှုရှိ၊ မရှိကို ကြိုတင်အသိပေးထားခြင်းမရှိဘဲ စစ်ဆေးကြပ်မတ်လျက်ရှိသည်။

အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေး ကော်မတီ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဈေးကွက်အတွင်း ရှိနေသေးသည့် သက်တမ်းလွန်ကာ စားသုံးရန်မသင့်သည့် အစားအသောက်နှင့် ဆေးဝါးများ လျော့ကျသွားစေရန် ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒေါက်တာပြည့်ထူးထံမှ သိရသည်။

**ဇေယျာတု(မကွေး)**



ဒီဇင်ဘာ ၃၁ ရက်က မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဒလမြို့နယ်)၏ နှစ်ပတ်လည်အခမ်းအနားကို သီရိဇေယျနော်ရထာမြို့နယ်ခန်းမတွင် ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းအတွက် ရန်ပုံငွေကျပ် တစ်သိန်းကို မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးထွန်းလှနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ကျပန်းစကားပြောပြိုင်ပွဲ(ဗဟိုအဆင့်)ဒုတိယဆုရ သရုပ်ဆောင်မေယမုံဖူးတို့က ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့်အဖွဲ့က လက်ခံရယူစဉ်။ ကြေးမုံ

# မြန်မာတစ်နိုင်ငံလုံး ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ ဖျာပုံမြို့၌ ကျင်းပမည်

**ဖျာပုံ ဒီဇင်ဘာ ၃၁**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် Pyapon Cycling Group က ကြီးမှူး၍ မြန်မာတစ်နိုင်ငံလုံး ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ၊ အသက် ၃၅ နှစ်အထက်နှင့် အလွတ်တန်း(pro) ဟူ၍ အတန်းသုံးတန်း ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ပထမဆု ငွေကျပ် နှစ်သိန်း၊ ဒုတိယဆု တစ်သိန်း ငါးသောင်းကျပ်၊ တတိယဆု ငွေကျပ် တစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ဇန်နဝါရီ ၅ ရက် နံနက် ၇ နာရီတွင် ဖျာပုံမြို့နယ် ကျုံကူကျေးရွာ ဖျာပုံ -ဘိုကလေး ကားလမ်းမပေါ်ရှိ မေသကြ်ီန်စက်သုံးဆီအရောင်းဆိုင်ရှေ့မှ စတင်၍ ဘန့်ဘွေးစု ကျွန်းပတ်တာတစ်လျှောက် ကိုးအိမ်တန်းကျေးရွာမှပြန်ထွက်ကာ မေသကြ်ီန်စက်သုံးဆီအရောင်းဆိုင်ရှေ့အထိ မိုင်ပေါင်း ၃၀ စီးနင်းယှဉ်ပြိုင်ရမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ကိုညီဝင်းထိုက် ဖုန်း- ၀၉- ၄၂၂ ၇၄၄၀၄၊ ကိုမျိုးဆက် ဖုန်း- ၀၉- ၄၂၂ ၄၅၂ ၂၅၀၊ ကိုအေးမင်း ဖုန်း- ၀၉- ၄၂၈၅၉၀ ၁၄၀ တို့ထံ ဇန်နဝါရီ ၄ ရက် နောက်ဆုံးထား၍ စားရင်းပေးသွင်းယှဉ်ပြိုင်ကြပါရန် Pyapon Cycling Group မှ ဖိတ်ခေါ်ထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



## သတင်းစုံကဏ္ဍ

### ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်း အသိပေး

**ကျောက်ပန်းတောင်း။** ။မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများတွင် လူအုပ်စုတိုင်း၊ ကလေးတိုင်းလွှမ်းခြုံရောက်ရှိနိုင်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်စေရေး မြို့နယ်တာဝန်ရှိသူများနှင့်အရပ်ဘက်အဖွဲ့အစည်းများအား အသိပေးရှင်းလင်းခြင်းကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ကျင်းပသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးစိုးနိုင်က ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်း၏ တန်ဖိုးများ၊ ကူးစက်ရောဂါဖြစ်ပွားမှုများမှ ကင်းစင်ပပျောက်စေခြင်း အစရှိသည့် အကျိုးကျေးဇူးများကိုရှင်းလင်းပြောကြားသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

### နှစ်ကူးကာလ လှည့်ကင်းများဆောင်ရွက်

**သထုံ ။** ။မွန်ပြည်နယ် သထုံမြို့၌ ၂၀၂၀ နှစ်သစ်ကူးချိန်အတွင်း အများပြည်သူ စိတ်အနှောင့်အယှက်မဖြစ်စေရေး သထုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ညွှန့်တင်နှင့် တပ်ဖွဲ့ဝင်များ၊ သထုံမြို့မရဲစခန်းမှုနယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်နန်းဆွေနှင့် တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃၁ ရက် နံနက် ၆ နာရီမှစတင်၍ လှည့်ကင်း၊ ဝပ်ကင်း ပိတ်ဆို့ရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# မြောင်းမြမြို့နယ်၌ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦသစ် ဖွင့်လှစ်

**မြောင်းမြ ဒီဇင်ဘာ ၃၁**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ်တွင် အလှူရှင်များ လှူဒါန်းမှုဖြင့် ၁၃ ခုမြောက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ကုက္ကိုစုကျေးရွာရှိ အဆိုပါအဆောက်အဦရှေ့၌ ကျင်းပသည်။

လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦးနှင့် မြောင်းမြခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က မုဒိတာစကားများပြောကြားပြီး အလှူရှင် ကိုဝေလင်းက အဆောက်အဦလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အဆောက်အဦ အလှူရှင်နှင့် မြေအလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

၄၂ပေ x ပေ ၃၀ အုတ် တစ်ထပ်တိုက်၊ ကွန်ကရစ်ခင်း၊ သွပ်မိုး၊ လူနာခုတင်၊ သားဖွားခုတင်နှင့် ဆိုလာ မီးစနစ်၊ အဝီစိတွင်း၊ ရေစက်ရုံအပါအဝင် ကျပ်သိန်း ၂၀၀ ကျော် အကုန်အကျခံကာ ကျေးလက်ဆေးပေးခန်း စံကိုက်အညီ ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးနိုင်ငံလင်း က ကလေးသူငယ်များအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် ကလေးသူငယ်မှုခင်းများ၊ သက်ငယ်မုဒိမ်းမှုများအား လျှော့နည်းပပျောက်အောင် ဖြေရှင်းဆောင်ရွက်ကြရာတွင် အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က ယခင်ဇူလိုင်လအတွင်းကပြုလုပ်ခဲ့သည့် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ တက်ရောက်လာသည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီမှတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများက ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့်စပ်လျဉ်းသည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ပြဋ္ဌာန်းချက်များ၊ မှုခင်းအမျိုးအစားများ၊ လက်ရှိတွင် ကလေးသူငယ်အရေးဆောင်ရွက်နေမှုများ၊ ကဏ္ဍအလိုက်ရင်ဆိုင်နေရသည့် အခက်အခဲများကို ခရိုင်အလိုက်ဆွေးနွေးခဲ့ကြပြီး ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း၊ သန်လျင်အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း(မလိခ)တို့မှ တာဝန်ရှိသူများက ၎င်းတို့ဆောင်ရွက်နေသည့်အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။ **စိမ်းခက်**

## ကျိုင်းတုံမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ အစည်းအဝေးကျင်းပ

**ကျိုင်းတုံ ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် မွန်းတည့် ၁၂ နာရီတွင် ကျိုင်းတုံမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ကျိုင်းတုံမြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်တိတ်က ၂၀၁၉ ခုနှစ်အတွင်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုများနှင့်ပတ်သက်သည့် ဆောင်ရွက်ခဲ့သော အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ဒေသအတွင်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခံရသော ကလေးသူငယ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးကြသည်။

**စိုင်းရွှေအောင်**
**(ပြန်/ဆက်)**



## ရန်ကုန်မြို့ ကြည့်မြင်တိုင်ငါးဈေးသို့ ငါးများပုံမှန်တင်ပို့

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ကွမ်းခြံကုန်းမြို့နယ် ဆယ်အိမ်တန်းကျေးရွာ လက်ခုပ်ကုန်းနှင့် အလယ်ရွာတို့မှ ရေလုပ်ငန်းဖြင့် အသက်မွေးကြပြီးဖမ်းဆီးရမိသည့် ငါးများကို ကြည့်မြင်တိုင်ငါးဈေးသို့ တင်ပို့သည်။

ပင်လယ်ပြင်မှ ကကတစ်၊ ကသပေါင်း၊ ကဘီလူး၊ ပုစွန်၊ ငါးနတ်ကတော်၊ (ငါးရှည်) တို့မှာ ပြည်တွင်းဈေးကွက်သို့ဝင်ရောက်၍ ငါးပုပ်သင်နှင့် ငါးသလောက်မှာ ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

“ဆယ်အိမ်တန်းကျေးရွာမှာ ငါးအဝယ်ဒိုင် ရှစ်ဒိုင်ရှိပါတယ်။ ငါးဖမ်းလှေ ၁၀၀ ကျော်ရှိပြီးတော့ ငွေကြိုယူပြီး ပင်လယ်ပြင်ထွက်တာလည်းရှိပါတယ်။ စက်တင်ဘာနှင့်အောက်တိုဘာလဟာ ပင်လယ်ပြင်မှာ ငါးဖမ်းဆီးမှုအများဆုံးရရှိလို့ ဝင်ငွေကောင်းတဲ့လပဲ။ မတ်လကနေ ဇူလိုင်လကုန်ထိ ငါးရရှိမှုနည်းပြီးပင်လယ်ပြင်အခြေအနေကြောင့် ငါးဖမ်းဆီးမှုရပ်နားတဲ့အချိန်ဖြစ်တာကြောင့်အလုပ်အကိုင်ခက်ခဲတဲ့လဆိုရင်လည်း မမှားဘူး။ မနှစ်ကထက် ငါးဈေးငြိမ်ပြီး ပြည်ပပို့ကုန်ငါးလည်း ပုံမှန်ရနေလို့ ရေလုပ်သားတွေ အဆင်ပြေကြတယ်" ဟု ဆယ်အိမ်တန်းကမ်းခြေ ငါးအဝယ်ဒိုင်မှ ဦးမျိုးနိုင်က ပြောသည်။

"ပင်လယ်ပြင်တွင် တစ်နှစ်ထက်တစ်နှစ် ရေသယံဇာတလျော့ပါးလာမှုနှင့်ပတ်သက်၍ ဆယ်အိမ်တန်း ကမ်းခြေ ကျေးရွာမှ ရေလုပ်သား ဦးနိုင်မိုးက ”တစ်နှစ် ထက်တစ်နှစ်ပင်လယ်ပြင် ငါးရရှိမှုကနည်းလာတယ်။ သူဖမ်းငါဖမ်းဆိုတော့ ရေသယံဇာတရှားလာတယ်။ ဒီနေ့ပေ ၁၅၀ အတန်း ၁၅ တန်းချတာငါးသလောက် နှစ်ကောင် ပဲရတယ်” ဟု ပြောကြားသည်။

ရေလုပ်ငန်းဖြင့်အသက်မွေးသော ပင်လယ်ကမ်းခြေရွာများမှာ ယခုရာသီတွင်ငါးများ ပုံမှန်ရရှိကာ ဝမ်းရေးအတွက်အဆင်ပြေလျက် ရှိပြီး ပင်လယ်ပြင် ရေသယံဇာတ တိုးပွားလာပါက ရေလုပ်သားတို့၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ**

## ပြည်သူ့စကားဝိုင်းကျင်းပ

**တံတားဦး ဒီဇင်ဘာ ၃၁**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကိုဒီဇင်ဘာ ၃၀ ရက်မွန်းလွဲ၁ နာရီက တံတားဦးမြို့နယ် ထန်းပေါက်ကုန်းကျေးရွာ ရန်အောင်မြင်ဓမ္မာရုံ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းကို ကျင်းပရာ တံတားဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းနီနှင့် ဦးဝဏ္ဏအောင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ပညာရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ရုံး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနတို့မှ ဌာနနှင့် သက်ဆိုင်သည့်အကြောင်းအရာများကို ဆွေးနွေးကြပြီး ကျေးရွာသူ ကျေးရွာသားများ၏ ဆွေးနွေးမေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြသည်။

**ရဲတင့် (ပြန်/ဆက်)**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်၌ ဓမ္မပူဇာနှင့် တရားပွဲဖြစ်မြောက်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ နှင့် သိန်း ၅၀၀ တန်ဖိုးရှိ စတုဒိသာဆေးအလှူတို့ကို Pacific-AA Foundation (Pacific-AA Group) က ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ဒီဇင်ဘာ ၃၀ ရက် ညနေပိုင်းက ပေးအပ်လှူဒါန်းစဉ်။**
**စိုးမြင့်အောင်**



## အလုံမြို့နယ်၌ မြို့လူထုတွေ့ဆုံပွဲပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် လူထုတွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက အလုံမြို့နယ် ဌာနာရပ်ကွက်ရှိ အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ အလုံမြို့နယ်အမှတ်(၁) မဲဆန္ဒနယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်မြင့်နှင့် အမှတ်(၂) မဲဆန္ဒနယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **တင်မောင်ဦး**

## ချယ်ရီပန်း မနွမ်းစေချင်

**ကျိုင်းတုံ ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ လွယ်မွေတောင်စခန်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၅၀၀၀ ကျော်တွင် တည်ရှိပြီး ယခုအခါ ဒေသဂုဏ်ဆောင် ချယ်ရီပန်းများ စတင်ဖူးပွင့်နေပြီဖြစ်ရာ လွယ်မွေဒေသ၏ သဘာဝအလှများအား ရှုမြင်ခံစားရင်း အပန်းဖြေအနားယူသူများ၊ ချယ်ရီပန်းချစ်သူများဖြင့် စည်ကားသက်ဝင်နေပြီဖြစ်သည်။

သို့ရာတွင် အချို့သူများသည် ဒေသဂုဏ်ဆောင် ချယ်ရီပန်းများအား စည်းကမ်းမဲ့ချိုးယူကြခြင်း၊ အခကြေးငွေဖြင့် ပြန်လည်ရောင်းချရန် ခုတ်ယူနေကြခြင်းများ လုပ်ဆောင်နေကြရာ လွယ်မွေဒေသ၏ သဘာဝအလှအား အရုပ်ဆိုးအကျည်းတန်စေသလို သဘာဝရင်းမြစ်များအားလည်း ထိခိုက်စေသည့်အတွက် ယခုလို စည်းကမ်းမဲ့ ချယ်ရီပန်းချိုးယူခြင်း၊ ခုတ်ခြင်းသည် ဒေသ၏ ဥပမိရုပ်အလှကို အကျည်းတန်စေသဖြင့် သက်ဆိုင်ရာက ပညာပေးဆောင်ရွက်ခြင်း၊ တားဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်စေလိုကြောင်း ဒေသခံပြည်သူများနှင့် ချယ်ရီပန်းချစ်သူများထံမှ သိရသည်။ **မောင်ယဉ်ကျေး**



နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအကျိုးကို စနစ်တကျ ထိရောက်မှန်ကန်စွာဆောင်ရွက်နိုင်ရေးကို ကူညီပေးနိုင်ရန် အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီကို ဖွဲ့စည်းထားပြီး အဆိုပါကော်မတီ၏ ဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်။

# အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ ပြည်သူလူထုထံ တကယ်ရောက်ပြီး အကျိုးရှိ ထိရောက်စေချင်တယ်

အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးမင်းဦး

## အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

**မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသအသီးသီး၌ နိုင်ငံဖွံ့ဖြိုးရေး တိုးတက်ရေးကို ဆောင်ရွက်နေကြသော ပြည်တွင်း ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းများကို လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသည့် အဖွဲ့အစည်းများဖြစ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအကျိုးကို စနစ်တကျ ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေးကို ကူညီပေးနိုင်ရန်ရည်ရွယ်လျက် အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီကို ဖွဲ့စည်းခဲ့သည်။**

**တွေ့ဆုံမေးမြန်း-နန္ဒဝင်း**



အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးမင်းဦး

အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီကို ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ဖွဲ့စည်းခဲ့သည်။ ယခု ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင်လည်း အမျိုးသားလွှတ်တော်၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၆ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ၂၀၁၇ ခုနှစ် မတ်လ ၁၄ ရက်တွင် ကော်မတီဝင် အစားထိုးပြောင်းလဲကာ သက်တမ်းတိုး ပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်။

ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့်လည်း ကျင်းပဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် MoU လက်မှတ်ရေးထိုးထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း လေ့လာခဲ့သလို အခြားဝန်ကြီးဌာနများနှင့် MoU လက်မှတ်ရေးထိုးထားသည့် INGOs များ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း လေ့လာခဲ့သည်။

ပညာရေးဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ရွှေ့ပြောင်းနေထိုင်သူများကိုဦးတည်၍ အမျိုးသမီးနှင့် လူငယ်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာစေရန်၊ စွမ်းရည်မြင့်လာစေရန်ကူညီခြင်း၊ လုပ်ငန်းသုံးကိရိယာများ ထောက်ပံ့ပေးခြင်း၊ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများနှင့် နည်းပညာသစ်များကို သင်တန်းများဖွင့်လှစ်ခြင်း၊ ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ပေးခြင်း၊ နယ်စပ်ဒေသ အစွန်အဖျားရှိပညာသင်ကြားမှု လက်လှမ်းမမီ လစ်ဟာနေသည့် နေရာဒေသများတွင် မူလတန်းပညာသင်ကြားပေးခြင်း၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ပညာရေးကောလိပ်နှင့် တက္ကသိုလ်များမှ ဆရာ ဆရာမများကို (Training of Trainer-TOT) သင်တန်းများဖွင့်လှစ်ပေးခြင်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှုတိုးတက်အောင် သင်ကြားပေးခြင်း၊ စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းပေးခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။

ထို့အပြင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သော စာသင်ကျောင်းများကို အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ မသန်စွမ်းသည့် ကလေးသူငယ်များ ပညာသင်ယူမှုနှောင့်နှေးခြင်းမရှိစေရန် ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပဒေကျောင်းသားကျောင်းသူများကို ဖိတ်ကြား၍ သရုပ်ပြတရားခွင်များ ပြုလုပ်ပေးခြင်း၊ တရားဥပဒေစိုးမိုးရေးစင်တာများတွင် ကွင်းဆင်းလေ့လာစေခြင်း၊ နိုင်ငံခြားသားပညာရှင်များ လာရောက်ဆွေးနွေးပို့ချခြင်း၊ နိုင်ငံခြားလေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်း၊ ဆရာ ဆရာမများ၏ သင်ကြားရေးစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ အမျိုးသားပညာရေးမူဝါဒကော်မရှင်တို့နှင့် ပေါင်းစပ်၍ သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှု စီမံကိန်းတွင် ကူညီခြင်းနှင့် တက္ကသိုလ်ကောလိပ်များတွင် သုတေသနဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ကြောင်း သိရှိရသည်။

အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏



အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် INGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။

ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်ပြီး နိုင်ငံအတွက် အထောက်အကူနှင့် အကျိုးကျေးဇူးများရရှိစေရန် ကူညီဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အမှန်တကယ် လိုအပ်သည့်နေရာများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးကိုလည်း ပေါင်းစပ်ဆောင်ရွက်လျက်ရှိရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးမင်းဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**မေး။ ။ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ လွှတ်တော်မှာဖွဲ့စည်းရတဲ့ ကော်မတီ၊ ကော်မရှင်တွေထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမြဲတမ်းကော်မတီတွေကတော့ နာမည်တွေ ပြောင်းလို့ ပြင်လို့ မရဘူး။ ကျန်တဲ့ရေးရာကော်မတီတွေကတော့ လိုအပ်ရင် လိုအပ်သလို အမည်တွေပြောင်းလဲဖွဲ့စည်းခွင့်ရှိတယ်။ တာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေလည်း ပြောင်းလဲသတ်မှတ်ဖွဲ့စည်းခွင့်ရှိတယ်။ မလိုအပ်ဘူးဆိုရင် ဖျက်သိမ်းခွင့်ရှိတယ်။ များသောအားဖြင့် လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ကော်မတီတွေဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနတွေကို Focal ပြုပြီး ဝန်ကြီးဌာနတွေကို အပြန်အလှန်ထိန်းကျောင်းဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းတာဖြစ်ပြီး အဲဒီလိုဖွဲ့စည်းရာမှာ ပြည်သူ့လွှတ်တော်မှာရော အမျိုးသားလွှတ်တော်မှာပါ များသောအားဖြင့် ဝန်ကြီးဌာနတွေနဲ့ဆက်စပ်တဲ့ နာမည်တွေနဲ့ ဖွဲ့စည်းထားတာများတယ်။

ဒါပေမယ့် ကျွန်တော်တို့ကော်မတီကတော့ ဝန်ကြီးဌာနကို စောင့်ကြည့်ထိန်းညှိဖို့အတွက် ဖွဲ့စည်းတဲ့ကော်မတီမျိုး မဟုတ်ဘူး။ ဥပမာ- ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီဆိုရင် ဆောက်လုပ်ရေး၊ စက်မှုနှင့် လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနများကို အပြန်အလှန် ထိန်းညှိမယ်၊ ဥပဒေအရ ထိန်းညှိမယ်၊ ဘတ်ဂျက်တွေ စိစစ်ပြီးထိန်းညှိတာရှိမယ်၊ မူဝါဒပိုင်းဆိုင်ရာထိန်းညှိတာတွေရှိမယ်။ ကျွန်တော်တို့မှာက အဲဒီလို ဝန်ကြီးဌာနကို Focal လုပ်ပြီး ဖွဲ့ထားတဲ့ အဖွဲ့အစည်းမျိုးမဟုတ်ဘူး။

လွှတ်တော်ထဲမှာရှိတဲ့ ကော်မတီတွေကလည်း ဝန်ကြီးဌာနကို စောင့်ကြည့်ပြီး အပြန်အလှန်ထိန်းကျောင်းတာဖြစ်သင့်သလို ပြည်သူတွေကိုကိုယ်စားပြုတဲ့ ကော်မတီမျိုးလည်း ဖြစ်သင့်တယ်။ ပြည်သူတွေရဲ့အသံကို နားထောင်ပြီး အစိုးရရဲ့ ပေါ်လစီ၊ မူဝါဒကို ထိန်းကျောင်းရာမှာ အခုလိုအချိန်မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးတယ်။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံလို အသွင်ကူးပြောင်းမှုဆောင်ရွက်နေတဲ့ နိုင်ငံမျိုးမှာ ပြည်တွင်း ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးပါတယ်။ သူတို့ရဲ့အသံကို လွှတ်တော်က ကြားနိုင်ဖို့ဆိုရင် သူတို့ကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းတစ်ရပ် လွှတ်တော်မှာရှိသင့်တယ်၊ သူတို့ရဲ့ အသံကို လွှတ်တော်ကိုတင်ပြနိုင်တဲ့ အခွင့်အလမ်းတစ်ခု ရဖို့အတွက် ရှိသင့်တယ်လို့ ယူဆကြတဲ့အတွက် ကျွန်တော်တို့ကော်မတီကို ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

နောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)၊ ပုဒ်မ ၃၅၄ (ဂ)အရလည်း အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ပေးထားတဲ့အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်း၊ အသင်းအဖွဲ့တွေ ဖွဲ့စည်းရာမှာ နှောင့်နှေးကြန့်ကြာနေတာမျိုးတွေရှိခဲ့လို့ ကျွန်တော်တို့ကော်မတီကို တင်ပြလာရင် အခက်အခဲမရှိအောင်၊ ဒ့ါအပြင် အဲဒီလို ဖွဲ့စည်းထားပြီး သက်ဆိုင်ရာနယ်မြေဒေသတွေမှာ အစိုးရနဲ့ဖြစ်စေ၊ ဒေသခံပြည်သူနဲ့ဖြစ်စေ မူဝါဒအရသော်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရာမှာ အခက်အခဲရှိခဲ့တယ်ဆိုရင် ပြည်သူလူထုအတွက် ဒါတွေကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ဖို့အတွက် ပေါင်းစပ်ညှိနှိုင်းတဲ့အလုပ်ကိုလည်း ကျွန်တော်တို့ ကော်မတီက ဆောင်ရွက်ပေးပါတယ်။

အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက မြို့နယ်အတွင်းမှာပဲ ဆောင်ရွက်မယ်ဆိုရင် မြို့နယ်မှာပဲ မှတ်ပုံတင်ရတယ်။ ခရိုင်အတွင်းဆိုရင် ခရိုင်မှာ၊တိုင်းဒေသကြီးအတွင်းဆိုရင် တိုင်းဒေသကြီးမှာ မှတ်ပုံတင်ရတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် နေပြည်တော်မှာ မှတ်ပုံတင်ရတယ်။ ဒီလို တရားဝင်မှတ်ပုံတင်ထားတဲ့ ပြည်တွင်းအဖွဲ့အစည်းများ ဆက်သွယ်လာရင် ကော်မတီက လက်ခံတွေ့ဆုံပါတယ်။ ပြည်ပအဖွဲ့အစည်းတွေနဲ့ကတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ MoU ရေးထိုးဆောင်ရွက်တာ ရှိပါတယ်။ အဲဒီလိုအဖွဲ့အစည်းတွေဆိုရင် သူတို့ကို ဖိတ်ကြားပြီး ဘယ်ကဏ္ဍတွေမှာ အစိုးရနဲ့ MoU ရေးထိုးထားသလဲ၊ ဘယ်နယ်ပယ်တွေ၊ ဘယ်ဒေသတွေမှာ အကျိုးပြုလုပ်ငန်းဆောင်ရွက်နေသလဲဆိုတာ သိချင်တဲ့အတွက် သူတို့ကို ဖိတ်ကြားပြီးတော့ မေးမြန်းတယ်၊ တစ်ပြိုင်နက်တည်းမှာပဲ သူတို့နဲ့ပူးပေါင်းဆောင်ရွက်နေတဲ့ ဝန်ကြီးဌာနရဲ့ မူဝါဒတွေ၊ ချိတ်ဆက်ဆောင်ရွက်နေတဲ့အပိုင်းတွေကို သိလိုတာတွေ တစ်ပြိုင်တည်းမေးမြန်းလို့ရပါတယ်။

စာမျက်နှာ ၁၉ သို့ »»

**အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်ပြီးနိုင်ငံအတွက် အထောက်အကူနှင့် အကျိုးကျေးဇူးများရရှိစေရန် ကူညီဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အမှန်တကယ် လိုအပ်သည့်နေရာများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးကိုလည်း ပေါင်းစပ်ဆောင်ရွက်လျက်ရှိ**

»»» စာမျက်နှာ ၁၈ မှ

ကျွန်တော်တို့က Focal Ministry မရှိဘူးဆိုသော်လည်း ပြည်တွင်း ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ (NGOs, INGOs)တွေကို ဖိတ်ကြားပြီး တွေ့ဆုံဆွေးနွေးမေးမြန်းတဲ့အခါတိုင်း သက်ဆိုင်ရာဝန်ကြီးတွေကိုလည်း မေးမြန်းခွင့်ရတာဖြစ်တဲ့အတွက် ဝန်ကြီးဌာနပေါင်းများစွာနဲ့ ထိတွေ့ခွင့်ရတယ်။ အပြန်အလှန်စောင့်ကြည့်ထိန်းညှိခွင့်ရတယ်။ တစ်ဖက်ကလည်း ပြည်တွင်း ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်ချက်တွေအပေါ်မှာ လေ့လာသိရှိခွင့်ရတာ ဖြစ်ပါတယ်။

**မေး။ ။ ဆရာတို့ကော်မတီအနေနဲ့ ပြည်တွင်း ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ အသံကို နားထောင်ပြီး လွှတ်တော်ကိုတင်ပြခဲ့တာမျိုးတွေရှိရင်လည်း သိရှိလိုပါတယ်။**

**ဖြေ။** ။ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူး တတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ကျွန်တော်တို့ကော်မတီက ဦးဆောင်ပြီး ဒုတိယအကြိမ်လွှတ်တော်သက်တမ်းမှာ ပြင်ဆင်ခဲ့တာပါ။ အဲဒီလိုပြင်ဆင်ရာမှာ ကျွန်တော်တို့က သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့အသံကို နားထောင်တယ်။ သူတို့ပြင်ဆင်လိုတဲ့ ပြင်ဆင်ချက်တွေကို တောင်းတယ်။ ဖက်စ်၊ အီးမေးလ်နဲ့ဖြစ်စေ စာနဲ့ဖြစ်စေ ပေးပို့လို့ရပါတယ်။ အဲဒီလိုမှမဟုတ်ရင် ဒီဥပဒေအပေါ်မှာ ပြင်ဆင်ချက်တွေ၊ အသစ်ဖြည့်စွက်ချက်တွေ၊ ထုတ်ပယ်လိုတာတွေကိုလည်း ကျွန်တော်တို့ကော်မတီကို ကိုယ်တိုင်လာရောက်ပြီး ဆွေးနွေးလိုပါတယ်ဆိုရင်လည်း ဖိတ်ကြားတယ်။ လာရောက်ဆွေးနွေးစေပါတယ်။ အဲဒီလို သူတို့ရဲ့အသံတွေကို ကျွန်တော်တို့ကော်မတီက ကိုယ်စားပြုပြီး သူတို့ရဲ့ပူးပေါင်းပါဝင်မှုနဲ့ ပြင်ဆင်ခဲ့တဲ့ သာဓကတစ်ခုလည်း ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**မေး။ ။ ဖွံ့ဖြိုးတိုးတက်မှုဆီ အားယူနေတဲ့ နိုင်ငံတွေအတွက် ပြည်တွင်း၊ ပြည်ပ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍအပေါ် ဆရာရဲ့သုံးသပ်ချက်ကိုလည်း သိရှိလိုပါတယ်။**

**ဖြေ။** ။ ပြည်တွင်း၊ ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကလည်း ဒီအချိန်မှာ အရေးပါပါတယ်။ အထူးသဖြင့် အသွင်ကူးပြောင်းရေးကာလမှာ ဘက်ဂျက်အနေအထားအရသော်လည်းကောင်း၊ နယ်ပယ်အစုံကနေ ဖွံ့ဖြိုးရေးကိစ္စတွေကို တစ်ပြိုင်နက်တည်း ပြုပြင်ပြောင်းလဲရေးလုပ်နေရတဲ့အခါမျိုးမှာ သော်လည်းကောင်း၊ အစိုးရက အပြည့်အဝ မလုပ်ပေးနိုင်တာတွေ၊ လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းမပေးနိုင်တဲ့ နေရာဒေသတွေရှိပါတယ်၊ အဲဒီလိုအခါမျိုးတွေမှာ အစိုးရက ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နေတဲ့အပိုင်းတွေမှာ ပိုမိုပီပြင်အောင်၊ အကောင်အထည်ပေါ်သွားအောင် လိုက်ပါဆောင်ရွက်ပေးနိုင်မယ်ဆိုရင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍက ပိုမိုအရေးပါလာပြီး ပြည်သူလူထုရဲ့ ယုံကြည်အားကိုးမှုလည်း ပိုရလာမှာ ဖြစ်သလို အစိုးရရဲ့မဟာမိတ်အဖွဲ့အစည်းတွေ ဖြစ်နေမှာပါလို့ ပြောချင်ပါတယ်။

**မေး။ ။ အချို့ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေရဲ့ ပေါင်းစပ်ဆောင်ရွက်ရတဲ့အခါ တွေ့ကြုံရတဲ့ အခက်အခဲတွေရှိတယ်ဆိုရင်လည်း သိရှိလိုပါတယ်။**

**ဖြေ။** ။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကို ကြားနာမှုတွေမှာ ကျွန်တော်တို့ ဝေဖန်ထောက်ပြတာတွေ ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုပဲဖြစ်ဖြစ်၊ ပညာရေးဝန်ဆောင်မှုပဲဖြစ်ဖြစ် အချို့နေရာတွေမှာ သွားပြီး Overlap ဖြစ်နေတာတွေရှိတယ်။ ဝန်ကြီးဌာနနဲ့ INGOs၊ လုပ်ငန်းနဲ့နေရာ တိုက်ဆိုင်နေတာမျိုးတွေရှိသလို၊ အရပ်ဘက် လူမှုအဖွဲ့အစည်းအချင်းချင်းလည်း လုပ်ငန်းနဲ့နေရာ တူနေတာမျိုးတွေရှိတယ်။ အဲဒါကို အခြားလိုအပ်တဲ့နေရာမျိုးတွေမှာ ပြောင်းရွှေ့သုံးစွဲမယ်ဆိုရင် ပြည်သူ့အတွက် ပိုပြီးထိရောက်မယ်လို့ အကြံပြုတယ်။ ဒါပေမယ့် အလှူရှင်ရဲ့စိတ်ဝင်စားမှုရှိတဲ့နေရာကိုပဲ အကောင်အထည်ဖော်ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် ဟိုနေရာမှာ လုပ်ပါ၊ ဒီနေရာမှာ လုပ်ပါ။ ကျွန်တော်တို့က အကြံဉာဏ်ပေးတဲ့အနေအထားလောက်ပဲရမယ်။ ဖိအားပေးလို့မရဘူး။ ဒါကတော့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ပတ်သက်တဲ့ အခက်အခဲဖြစ်ပါတယ်။

**မေး။ ။ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေကို ဆရာတို့ကော်မတီအနေနဲ့ အဓိကထောက်ပြအကြံပြုခဲ့တာတွေက ဘယ်လိုအချက်တွေဖြစ်မလဲ သိရှိလိုပါတယ်။**

**ဖြေ။** ။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ကျန်းမာရေးစောင့်ရှောက်မှုတွေပဲဖြစ်ဖြစ်၊ ပညာရေးဝန်ဆောင်မှု၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စသည်အားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ ပြည်သူလူထုထံ တကယ်ရောက်ပြီး ထိရောက်အကျိုးရှိစေချင်တယ်။ ကျွန်တော်တို့က သူတို့ကို ပွင့်ပွင့်လင်းလင်း ဝေဖန်ပါတယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းထဲမှာပါတဲ့ ဒေသခံသော်လည်းကောင်း ဆွေမျိုးသော်လည်းကောင်း အဲဒီလိုလူတွေပြောတဲ့



အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။

နေရာကိုပဲ အကောင်အထည်ဖော်လိုက်တာမျိုးတွေလည်း ရှိတယ်လို့လည်း ကြားသိရတာတွေရှိတယ်။

တကယ်တော့ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနဲ့ သက်ဆိုင်ရာ ဒေသအာဏာပိုင်များလည်း မသိလိုက်ရတာတွေရှိတယ်။ တကယ်လိုအပ်နေတဲ့နေရာကိုမရောက်ဘဲ သူတို့ထဲမှာပါတဲ့သူတွေရဲ့ လိုချင်တာကိုပဲ ဖြည့်ဆည်းပေးလိုက်တဲ့အခါမျိုးမှာ ပြည်သူ တကယ်လိုအပ်တဲ့နေရာကိုရောက်ရင် အကျိုးပြုမှုနည်းတာ



အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ဩစတြေးလျနိုင်ငံ၊ Earth Systems မှ လာအိုနိုင်ငံဆိုင်ရာ Country Manager ဖြစ်သူ Mr.Chris Smithies က ဂါရဝပြုလာရောက်တွေ့ဆုံစဉ်။

မျိုးတွေလည်းရှိတတ်တဲ့အတွက် အကောင်းဆုံးကတော့ အဲဒီဒေသမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အဓိကဆောင်ရွက်ရတဲ့ ဝန်ကြီးဌာနနဲ့ အဲဒီဒေသက လွှတ်တော်ကိုယ်စားလှယ်တွေကို အသိပေးပါလို့လည်း အကြံပြုပါတယ်။ အဲလိုမဟုတ်ဘဲ နီးစပ်ရာနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လိုက်မယ်ဆိုရင် အကျိုးရှိသော်လည်း အကျိုးမများဘူး ထိထိရောက်ရောက် ပြည်သူလူထုထံ ရောက်အောင် ဆောင်ရွက်သင့်ပါတယ်လို့ အကြံပြုတာမျိုးတွေလည်း ရှိပါတယ်။

**မေး။ ။ အခြားဒေသတွင်းနိုင်ငံတွေမှာ ဘယ်လိုတွေ ပေါင်းစပ်ဆောင်ရွက်နေတယ်ဆိုတာကိုလည်း သိရှိလိုပါတယ်။**

**ဖြေ။** ။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ ပိုမိုအလုပ်လုပ်နိုင်အောင်၊ အစိုးရအတွက်လည်း သူတို့ဖော်ဆောင်နေတဲ့ ကဏ္ဍတွေမှာ အထောက်အပံ့ ပြည့်ပြည့်ဝဝရရှိအောင်၊ ပြည်သူလည်း တကယ်အကျိုးရှိအောင် ဆောင်ရွက်နိုင်ဖို့ ဥပဒေအရ ချောချောမွေ့မွေ့ လုံလုံခြုံခြုံဖြစ်အောင် သူတို့ကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မယ့် ဥပဒေတစ်ရပ်ပေါ်ပေါက်လာမယ်ဆိုရင် ကောင်းလိမ့်မယ်လို့ ထင်ပါတယ်။ ပြည်တွင်း၊ ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကို ထိန်းကျောင်းတဲ့ဥပဒေတွေ အချို့နိုင်ငံတွေမှာ ရှိပါတယ်။ ဒါပေမယ့် သူတို့ကိုထိန်းချုပ်တယ်ဆိုတဲ့ အမြင်လည်း မြင်သွားမယ့် ဥပဒေမျိုးဆိုရင်လည်း ကျွန်တော်တို့ သေသေချာချာစဉ်းစားရမယ့် အနေအထား ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဥပဒေမူကြမ်းတစ်ခုတည်ဖို့ ကြိုးစားခဲ့တာတွေ ရှိပါတယ်။ ဒီဥပဒေကြမ်းနဲ့ပတ်သက်ပြီး အထူးကော်မရှင်မှာ တစ်ကြိမ်ဆွေးနွေးခဲ့ဖူးတယ်။ နောက်တော့ ဆက်ပြီးမဆွေးနွေးဖြစ်တော့ဘူး။ ရပ်သွားခဲ့ပါတယ်။ ခုအချိန်ထိပေါ့။

**မေး။ ။ ဆရာတို့ကော်မတီအနေနဲ့ ပြည်တွင်း၊ ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ အပါအဝင် ပြည်သူလူထုကို ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောပြပေးပါ။**

**ဖြေ။** ။ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေအနေနဲ့လည်း သူတို့လုပ်ငန်းတွေဆောင်ရွက်ရာမှာ ရင်ဆိုင်ကြုံတွေ့ရတဲ့ အခက်အခဲ၊ စိန်ခေါ်မှုတွေ၊ ပြည်သူအတွက် တကယ်အကျိုးရှိမယ့်လုပ်ငန်းမျိုးတွေကို ကျွန်တော်တို့ကော်မတီကတစ်ဆင့် လွှတ်တော်ကို တင်ပြနိုင်ပါတယ်။ အစိုးရကိုသိစေချင်တာတွေနဲ့ပတ်သက်ရင် ကျွန်တော်တို့ကော်မတီကို အချိန်မရွေးဆက်သွယ်လို့ရပါတယ်။ ရှိနေတဲ့ ဥပဒေတွေနဲ့ပတ်သက်ပြီး ပြုပြင်ချင်တာတွေ၊ ဖြည့်စွက်ချင်တာတွေရှိခဲ့ရင်လည်း အကြံဉာဏ်ပေးလို့ရပါတယ်။

အစိုးရကို တရားဝင်မှတ်ပုံတင်ထားတဲ့ ပြည်တွင်း ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကို လက်ခံတွေ့ဆုံပေးပါတယ်။ ဆက်သွယ်တွေ့ဆုံနိုင်ပါတယ်လို့ ပြောကြားချင်ပါတယ်။ ၂၀၂၀ ပြည့်နှစ် နှစ်သစ်အခါသမယမှာ နိုင်ငံသူနိုင်ငံသားအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ပြည့်စုံပြီး မိမိတို့ရဲ့ မိသားစုအကျိုး၊ မြို့နယ်၊ တိုင်းပြည်၊ နိုင်ငံတော်ရဲ့အကျိုးကို ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် သယ်ပိုးထမ်းရွက်နိုင်ကြပါစေ။ ကျွန်တော်တို့အားလုံးမျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးလည်း အမြန်ဆုံးရရှိပါစေလို့ ဆုမွန်တောင်းအပ်ပါတယ်ခင်ဗျာ။



အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် INGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်စဉ်။

**ပြည်တွင်း ပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကလည်း ဒီအချိန်မှာ အရေးပါပါတယ်။ အထူးသဖြင့် အသွင်ကူးပြောင်းရေးကာလမှာ ဘတ်ဂျက်အနေအထားအရသော်လည်းကောင်း၊ နယ်ပယ်အစုံကနေ ဖွံ့ဖြိုးရေးကိစ္စတွေကို တစ်ပြိုင်နက်တည်း ပြုပြင်ပြောင်းလဲရေးလုပ်နေရတဲ့ အခါမျိုးမှာသော်လည်းကောင်း၊ အစိုးရက အပြည့်အဝမလုပ်ပေးနိုင်တာတွေ၊ လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းမပေးနိုင်တဲ့ နေရာဒေသတွေရှိပါတယ်၊ အဲဒီလိုအခါမျိုးတွေမှာ အစိုးရက ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နေတဲ့အပိုင်းတွေမှာ ပိုမိုပီပြင်အောင်၊ အကောင်အထည်ပေါ်သွားအောင် လိုက်ပါဆောင်ရွက်ပေးနိုင်မယ်ဆိုရင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍက ပိုမိုအရေးပါလာပြီး ပြည်သူလူထုရဲ့ ယုံကြည်အားကိုးမှုလည်း ပိုရလာမှာဖြစ်**

# မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် မာရသွန်အပြေးပြိုင်ပွဲကျင်းပ



**မူဆယ် ဒီဇင်ဘာ ၃၁**
မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် မာရသွန် အပြေးပြိုင်ပွဲကို တရုတ်နိုင်ငံ ရွှေလီမြို့တွင် ဒီဇင်ဘာ ၃၁ ရက် နံနက် ၇ နာရီက ရွှေလီမြို့ နောင်မောဟုပန်းခြံ၌ ကျင်းပပြီး ပြိုင်ပွဲဝင်စုစုပေါင်း ၇၀၀၀ ကျော်ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ရင်းနှီးခင်မင်စေ**

မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် မာရသွန် အပြေးပြိုင်ပွဲကို တရုတ်နိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ယူနန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပပြီး မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ တရုတ်နိုင်ငံ ရွှေလီမြို့တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ မူဆယ်မြို့တာဝန်ရှိသူတို့ ပူးပေါင်းမှုဖြင့် နယ်စပ်ဖြတ်ကျော်မာရသွန်ပြိုင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ မာရသွန်ပြိုင်ပွဲကို နှစ်နိုင်ငံရှိ ပြည်သူများ အားကစားကဏ္ဍကို အပြန်အလှန်ဖလှယ်ပြီး ပိုမိုတိုးတက်လာစေရန်၊ မြန်မာ-တရုတ်ရိုးရာဓလေ့ထုံးစံများ ပိုမိုရင်းနှီးလာစေရန်၊ မြန်မာ-တရုတ် ကုန်စည်သွားလာရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်နှင့်နယ်စပ်ဖြတ်ကျော် မာရသွန်ပြိုင်ပွဲကို ကျင်းပခြင်းအားဖြင့် နှစ်နိုင်ငံကို ရင်းနှီးခင်မင်စေသည့် ပြတင်းပေါက်တစ်ခုဖြစ်လာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို တရုတ်နိုင်ငံ ရွှေလီမြို့ နောင်မောဟုပန်းခြံမှ စတင်တာလွှတ်ပြီး နှစ်နိုင်ငံနယ်စပ်ဂိတ်(နန်းတော်ဂိတ်)မှ မြန်မာနိုင်ငံ မူဆယ်မြို့ထဲသို့ ဝင်ရောက်သည်။ မူဆယ်မြို့ နှစ်နိုင်ငံနယ်စပ်ဂိတ်(ဆင်ဖြူဂိတ်)မှ ရွှေလီမြို့သို့ ပြန်ထွက်ပြီး နောင်မောဟုပန်းခြံတွင် ပြန်လည်ပန်းဝင်ကြသည်။

"မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် လာရောက်ယှဉ်ပြိုင်တာပါ။ နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် မာရသွန်ပြိုင်ပွဲဟာ တစ်မူထူးခြားတဲ့ ပြိုင်ပွဲတစ်ခုလည်း ဖြစ်ပါတယ်၊ အားကစားနဲ့ပတ်သက်ပြီးတော့ သင်ယူစရာ သင်ခန်းစာရစရာတွေ အများကြီးရရှိခဲ့ပါတယ်"ဟု မူဆယ်မြို့မှ တာလတ်ဝင်ရောက်ယှဉ်ပြိုင်သူ ကိုဇော်မင်းနိုင်က ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရခြင်းအကြောင်းကို ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးများဟူ၍ နှစ်မျိုးသီးသန့်ယှဉ်ပြိုင်ကြပြီး တာဝေး(42.195 km)၊ တာလတ်(21.0975 km)၊ တာတို(5k)နှင့် အပျော်တမ်း(2k)ဟူ၍ ကစားမျိုးလေးမျိုးယှဉ်ပြိုင်ကြသည်။ တာဝေး(ပထမ)ဆုကို တရုတ်ယွမ်ငွေကျပ်နှစ်သောင်း၊ တာလတ်(ပထမ)ဆု ရှစ်ထောင်ကျပ်၊ တာတို၊ အပျော်တမ်း၊ ပေါက်ဖော်ဆုဟူ၍ တတိယဆုအထိ အသီးသီးပေးအပ်ချီးမြှင့်သည်။

တရုတ်-မြန်မာနယ်စပ်ဖြတ်ကျော် မာရသွန်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး လေးကြိမ်မြောက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ၂၀၁၉ ခုနှစ် မြန်မာ-တရုတ်နယ်စပ်ဖြတ်ကျော် မာရသွန်ပြိုင်ပွဲတွင် မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကင်ညာနိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် အခြားနိုင်ငံပေါင်း ၃၃ နိုင်ငံတို့မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**
**ဓာတ်ပုံ-မိုင်းဘညဏ်(ကွတ်ခိုင်)**

# ၂၀၂၀ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များထွက်ပေါ်လာပြီး အား/ကာ သိပ္ပံနှင့် ရှမ်းယူနိုက်တက်အသင်း အဖွင့်ပွဲကစားရမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**
မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၃၀ ရက် ညပိုင်းက ထုတ်ပြန်လိုက်ပြီဖြစ်ပြီး အဖွင့်ပွဲအဖြစ် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် တန်းတက် အား/ကာ သိပ္ပံအသင်းနှင့် အဝေးကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



ယင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အပါအဝင် ရန်ကုန်၊ ရေဝတီ၊ ရတနာပုံ၊ ဟံသာဝတီ၊ ရခိုင်၊ စစ်ကိုင်း၊ မကွေး၊ ဇွဲကပင်နှင့် Southern အသင်းတို့ အပါအဝင် MNL-2 မှ တန်းတက်လာသည့် ချင်းယူနိုက်တက်နှင့် အား/ကာ သိပ္ပံအသင်းတို့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းအနက် ကိုးသင်းမှာ အိမ်ကွင်းလက်ခံကျင်းပမည်ဖြစ်ပြီး အိမ်ကွင်းလက်ခံကျင်းပနိုင်ခြင်းမရှိသည့် မကွေး၊ ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်းတို့မှာမူ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းကို အိမ်ကွင်းအဖြစ် အသုံးပြုမည်ဖြစ်သည်။ အိမ်ကွင်းအဖြစ် ရန်ကုန်အသင်းက YUSC ကွင်း၊ ရှမ်းယူနိုက်တက်အသင်းက တောင်ကြီးကွင်း၊ ရတနာပုံအသင်းက ဗထူး/မန္တလာသီရိကွင်း၊ ရေဝတီအသင်းက ပုသိမ်ကွင်း၊ ဟံသာဝတီ အသင်းက ပဲခူးကွင်း၊ Southern အသင်းက မော်လမြိုင်ကွင်း၊ အား/ကာသိပ္ပံအသင်းက မန္တလာသီရိကွင်း၊ စစ်ကိုင်းအသင်းက မုံရွာကွင်း၊ ရခိုင်အသင်းက ဝေသာလီကွင်းတို့ကို အသုံးပြုမည်ဖြစ်သည်။ ရတနာပုံအသင်းသည် ရာသီအစတွင် မန္တလာသီရိကွင်းကို အသုံးပြုမည်ဖြစ်ပြီး နောက်ပိုင်းပွဲများမှသာ ဗထူးကွင်းကို အသုံးပြုမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၀ ရက်မှ ဧပြီ ၅ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို မေ ၈ ရက်မှ စက်တင်ဘာ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၁) အဖြစ် ဇန်နဝါရီ ၁၀ ရက်တွင် မန္တလာသီရိကွင်း၌ အား/ကာ သိပ္ပံအသင်းနှင့် ရှမ်းယူနိုက်တက် အသင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရတနာပုံအသင်း၊ ပုသိမ်ကွင်း၌ ရေဝတီအသင်းနှင့် မကွေးအသင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် ရခိုင်အသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို နိုင်ငံတကာရက်သတ္တပတ်များမှလွဲ၍ အပတ်စဉ်ကျင်းပမည်ဖြစ်ပြီး အချို့အပတ်များတွင် သောကြာနေ့များ၌ပါ ကျင်းပမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းသည် အာရှအဆင့်ကလပ်ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ယင်းပွဲများနှင့်ညှိနှိုင်းကာရေးဆွဲထားခြင်း ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ကျင်းပပြီးစီးခဲ့သည့် ၁၁ ကြိမ်တွင် ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ်နှင့် ရှမ်းယူနိုက်တက်အသင်းက နှစ်ကြိမ် ဗိုလ်စွဲထားသည်။ ၂၀၂၀ ရာသီမှာ ၁၂ ကြိမ်မြောက်ကျင်းပခြင်း ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



## ကွင်းလယ်ကစားသမား မာတစ် အသင်းတွင် ဆက်ရှိရန် ဆန္ဒရှိနေ

မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမား မာတစ်ဟာ အိုးထရက်ဖို့ဒ်မှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေတာကြောင့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမား မာတစ်အနေနဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး လက်ရှိအချိန်ထိ မန်ယူအသင်းက စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားတာမရှိသေးဘူးလို့ သိရပါတယ်။

ကွင်းလယ်ကစားသမားမာတစ်ဟာ အခုနှစ်ဘောလုံးရာသီမှာ မန်ယူအသင်းနဲ့အတူ ရှစ်ပွဲသာပါဝင်ပွဲထွက်ကစားခွင့်ရရှိထားတာဖြစ်ပြီး ဘန်လေအသင်းကို မန်ယူအသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်ဟာ မန်ယူအသင်းနဲ့အတူ ပထမဆုံးအကြိမ်ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

## မန်ယူအသင်းက ဘင်ဖီကာ ကွင်းလယ်လူ ဖာနန်ဒက်စ်ကို ခေါ်ယူမည်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းဟာ ပေါ်တူဂီကလပ်ဘင်ဖီကာအသင်းရဲ့ ကွင်းလယ်ကစားသမား ဂတ်ဆင်ဖာနန်ဒက်စ်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

အသက် ၂၀ အရွယ်ရှိ ပေါ်တူဂီကြယ်ပွင့် ဖာနန်ဒက်စ်ဟာ ဇန်နဝါရီအပြောင်းအရွှေ့မတိုင်ခင်ကတည်းက မန်ယူအသင်းအနေနဲ့ ခေါ်ယူဖို့ စိတ်ဝင်စားနေတာလည်းဖြစ်ပါတယ်။

မန်ယူအသင်း ကွင်းလယ်ကစားသမားပေါ့ဘာဟာ အသင်းကနေထွက်ခွာဖို့ရှိနေတာကြောင့် အစားထိုး ကစားသမားအဖြစ် ခေါ်ယူဖို့ စီစဉ်လာတာဖြစ်ပေမယ့် နည်းပြဆိုးရှားကတော့ ကွင်းလယ်ကစားသမားပေါ့ဘာကို ရောင်းချဖို့ အစီအစဉ်မရှိဘူးလို့ဆိုပါတယ်။

ကွင်းလယ်ကစားသမားဂတ်ဆင်ဖာနန်ဒက်စ်ဟာ ပေါ်တူဂီနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ နှစ်ပွဲပါဝင်ကစားပေးထားတာလည်းဖြစ်ပါတယ်။





## ရီးယဲလ်မက်ဒရစ်အသင်းက ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ဇန်နဝါရီ ဈေးကွက်တွင် အသင်းမှ ထွက်ခွာခွင့်ပြုမည်မဟုတ်ဟုဆို

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို အသင်းကနေထွက်ခွာခွင့်ပြုမှာမဟုတ်ကြောင်း ပြောကြားလာပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၁ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းဆီ နှစ်ရာသီအငှားချထားမှု ခံခဲ့ရသူလည်းဖြစ်ပါတယ်။

လက်ရှိမှာ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပြီး ပြောင်းရွှေ့ကြေးပေါင် ၄၃ သန်းနဲ့ ခေါ်ယူဖို့လည်း စီစဉ်ထားတယ်လို့ သိရပါတယ်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ပေါ်တိုအသင်း၊ မိုနာကိုအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းတို့မှာ ပါဝင်ကစားခဲ့သူဖြစ်ပြီး ပေါ်တိုအသင်းနဲ့အတူ ၆၃ ပွဲမှာ ၂၅ ဂိုး၊ မိုနာကိုအသင်းနဲ့အတူ ၃၄ ပွဲမှာ ကိုးဂိုးနဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အတူ ၈၄ ပွဲမှာ ၂၉ ဂိုးအထိသွင်းယူပေးထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

**ငွေကြယ် - စုစည်းသည်**

[illegible]



[illegible]

[illegible]

[illegible]

[illegible]


YANGON AERODROME COMPANY LIMITED
We wish you
A HAPPY NEW YEAR
2020
YANGON INTERNATIONAL AIRPORT

## အ.ထ.က(၁) စမ်းချောင်း၊ (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

၁၉၆၅-၈၀ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၁၂-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်(၉း၀၀)နာရီတွင် အ. ထ. က(၁) စမ်းချောင်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများ ပါဝင်ကန်တော့နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ဝင်မည့် ကျောင်းသား/ကျောင်းသူဟောင်းများ အောက်ပါပုဂ္ဂိုလ်များအား ဆက်သွယ်ပါရန် ဆရာဦးသိန်းမြင့် (ဖုန်း-၀၁-၈၂၄၃၇၄၈)၊ ဦးစိုးနိုင်(ဖုန်း-၀၉-၇၃၂၀၆၀၀၂)၊ ဦးမောင် မောင်သန်း (ရွှေရည်မြန်မာရိုးရာမုန့်မျိုးစုံ) (ဖုန်း-၀၉-၄၉၂၂၃၇၇၅)၊ ဒေါ်မြင့်မြင့်စိန် (ဖုန်း-၀၉-၅၁၁၈၅၆၉)၊ ဦးလှဌေး (ဖုန်း-၀၉-၇၉၆၉၈၁၄၆၂)၊ ဦးနိုင်ဝင်း (ဖုန်း-၀၉-၇၉၂၈၈၉၂၂၂)၊ ဒေါ်ခိုင်မာလှိုင်(ဖုန်း-၀၉-၇၉၉၆၃၆၈၈၀)။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ


ညွန့်ဝေအောင် ရွှေခင်းသာ FULLY AIR-CON
ကားခင်းလုံးငှားဝီစဉ်ပေးသည်
Dec 27, Jan 3 ထွက်မည်
❖ပြင်ဦးလွင်(ပန်းပွဲတော်)၊ မန္တလေး၊ ကျောက်စိမ်း၊ ကျောက်ဆည်၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ(၄)ရက်။ -(အဝင်အထွက်) 50000
❖မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ၊ ဖိုးဝင်တောင်၊ ရွှေဘတောင် (၅)ရက်။ -(အဝင်အထွက်) 65000
❖ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်၊ မျှော်ရစ်၊ မြိတ်၊ ကျိုက္ခမီ၊ စက်စဲ၊ ပေါ်လမြို့ဘုရားစုံ (၆)ရက်။ -(အဝင်အထွက်) 90000
❖ဘားအံ၊ ဂူ(၅)ဂူ၊ ချစ်သူမြို့ဥယျာဉ်၊ မြဝတီ၊ မဲဆောက်၊ ရေပူစမ်း(၄)ရက်။ -(အဝင်အထွက်) 65000
❖ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ ရွှေစည်းခုံ၊ ပြည်၊ ပခုက္ကူ(၄)ရက်။ -(အဝင်အထွက်) 45000
Ph: 09-420046635, 09-954783826, 09-772845260



ကြယ်စင်လှိုင်း TRAVEL
09-449002789, 09-5002691, 01-8011272
Jan3



ရွှေအိုးကြီး Jan-3,10,17, 24, 31 ထွက်မည်
*မြဝတီ(၂)ညအိပ်၊ မဲဆောက်၊ ဘားအံ Hotel တည်းစား/ငွေ 100000
* ဆင်ခေါင်းတောင်၊ ဇော်ကဘင်၊ ကျောက်ဆည်၊ မိတ္ထီလာ(နေ့ချင်းပြန်)စား/ငွေ 35000
09421073634, 777636630



ဆုံသစ္စာ
ခရီးစဉ်/ဝေဖလာရှုပ်ကားမျိုးစုံနှင့် ဘုရားဖူးခရီး လိုက်ငှားယာဉ်များကို စိတ်တိုင်းကျ ငှားရမ်းပေးနေပါသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
Ph : 09799566761
095504667



ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံ ငှားနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
09-5059821
09-43117680



သိုးရှာသီ (ဝမ္မဒါန)
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ ထမင်းကျွေး-၄၅၀၀၀/-
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင်ကော် ဘုရားစုံ ထမင်းကျွေး-၇၀၀၀၀/-
မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ မုံရွာ (အလောင်းတော်)-၅၅၀၀၀/-
Jan 3, 10, 17, 24
09 420144148, 09 421153797








စိန်နန်းတော် ဆိုင်ခွဲတိုင်းတွင် ဖလာမပါ ချက်ချင်းပေါက် ချက်ချင်းယူ ကံစမ်းမဲ

Special Discounts 3% to 30% OFF

* စိန်လက်စွပ် – (၃) ကွင်း
* White Gold (ရွှေဖြူ) ကြိုး – (၁၀) ကုံး
* ရွှေဆွဲသီး – (၁၀၀) လုံး
နှင့် အခြားအမိုးတန်ဆုမဲပေါင်းများစွာ

စိန်နန်းတော် ဆိုင်ခွဲ - လသာ ၊ ၁၉လမ်း လသာ ၊ ကမ္ဘာအေးဘုရားလမ်း ၊ မြန်မာပလာဇာ ၊ Junction Square ၊ Junction City ၊ တော်ဝင်စင်တာ ၊ City Mall (စိန်ပွဲ)




## ကုမ္ပဏီအမည်ပြောင်းလဲခြင်း

Grand Guardian Life Insurance Co., Ltd. သည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ (၂၄.၁.၂၀၁၉) ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၁၅၈၉၆၉၅၄ ဖြင့် မှတ်ပုံတင်ခဲ့ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပေးခဲ့သော အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အမှတ် (၀၀၂)ဖြင့် အသက်အာမခံလုပ်ငန်းအမျိုးအစားများကို ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ Grand Guardian Life Insurance Co., Ltd. နှင့် ဂျပန်နိုင်ငံမှ Nippon Life Insurance Co., Ltd.တို့အား အာမခံလုပ်ငန်း ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့်ကို (၂၈.၁၁.၂၀၁၉)ရက်စွဲပါ License No.JVL – 003ဖြင့် ခွင့်ပြုခဲ့ပြီး Grand Guardian Nippon Life Insurance Co., Ltd. အမည်ဖြင့် အသက်အာမခံလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ရရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ Grand Guardian Life Insurance Co., Ltd. ကို (၂၈.၁၁.၂၀၁၉) ရက်နေ့မှစ၍ Grand Guardian Nippon Life Insurance Co., Ltd. ဖက်စပ်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး ဖြစ်ပါကြောင်း၊ ယခင်အာမခံဝယ်ထားသည့် အာမခံပေါ်လစီများအတွက် အကျိုးခံစားခွင့်နှင့်စည်းကမ်းချက်များမှာ ယခင်အတိုင်း အပြောင်းအလဲမရှိကြောင်း နှင့် အသက် အာမခံလုပ်ငန်းများအား အကောင်းဆုံးဝန်ဆောင်မှုများ ဆက်လက်ပေးအပ်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မင်္ဂလာရှိသော ၂၀၂၀ နှစ်သစ်မှသည် Grand Guardian Nippon Life Insurance ၏ Customer များ နှင့်တကွ မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး စီးပွားဥစ္စာများတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

GGI NIPPON LIFE အသက်အာမခံ

Grand Guardian Nippon Life Insurance Co., Ltd (ရုံးချုပ်)
အမှတ်(၁၁၀၄ - ၀၆)၊ ၁၁ လွှာ၊ ရေစင်(စီ)တောယ် တာဝါ၊ ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်းနံပတ် - ၀၉ ၄၀၀၀၀၈ ၃၀၀၃၊ ၀၉ ၄၀၀၀၀၈ ၃၀၀၄
အီးမေးလ် - CustomerCare@gginipponlife.com
ဝက်ဘ်ဆိုက် - www.gginipponlife.com

Securing Your Future


2020 HAPPY NEW YEAR
GRAND WYNN ENTERPRISES LTD & GRAND TWIN BROTHERS LTD
Grand Wynn Group of Companies
Grand Food Mart
Denmark Arla Milk
Mother's Choice Margarine
Denmark Butter
Mom's Choice Jam
Easy to Cook
Cocoa Powder
USA Potato
Chicken Sausage & Chicken Pops
Australian Beef
Fresh Water Fish
Mom's Choice Vegetable Oil
Sunflower Oil
facebook.com/easytocookmm, facebook.com/paacualmyanmar, facebook.com/grandfoodmart,
facebook.com/momschoicevegetableoil,facebook.com/grandtwinbrother,facebook.com/arlamyanmar,
facebook.com/motherschoicemyanmar, /facebook.com/sadiamyanmar,

## ကျေးဇူးတင်လွှာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
အောင်သုခယောဂီ

## ဒေါ်လှရင်(ခ)ဒေါ်မလေး

ပေလီ

**အသက်(၇၂)နှစ်**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ပေလီကမ်းခြေမြို့နေ (ဦးညီမောင်-ဒေါ်ခိုရင်)တို့၏ သမီးထွေး၊ (ဦးသန်းမောင်-ဒေါ်မြကြည်)၊ ဦးသန်းမြင့်-ဒေါ်ခင်ထွေး တို့၏ ညီမ၊ ဦးမြင့်လှိုင်(၂၀၁၁/၂၀၁၅)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (Memento Resort, Thiri Yeik Mon Guest House, Rakita Thiha Construction Co.,Ltd.)၏ ဇနီး၊ ဦးဖိုးရီအောင်-ဒေါ်တင်စန္ဒာလှိုင်၊ ဦးရဲမာန်ဝင်း-ဒေါ်တင်တင်လှိုင်၊ ဒုတိယရဲမှူးကြီး သစ်ဆန်း-ဒေါ်ကေသီဦးတို့၏ မွေးသမိခင်၊ မသီရိစံ၊ မောင်စံကောင်းမြတ်၊ မမေထက်ထက်ခိုင်၊ မပိုးသစ်သစ်ဦး၊ မဆုလဲ့ပိုင်တို့၏ အဘွား၊ (ဦးသက်ဦး)-ဒေါ်ညွှန့်ညွှန့်မေ(ခ)ဒေါ်ခင်မေသွယ်၊ ဦးမောင်မောင်ကြီး-ဒေါ်ရီရီဝင်း၊ ဦးအောင်နိုင်ဦး-ဒေါ်ပပလှိုင်၊ တူ/တူမ ၃၃ ယောက်တို့၏ အဒေါ်ဖြစ်သူ ဒေါ်လှရင်(ခ)ဒေါ်မလေးအား ပေလီသုသာန်သို့ လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အောင်သုခမေ္ဘရိပ်သာ(ပြည်တောရ)မှ ဆရာတော်နှင့် ယောဂီများ၊ သီလရှင်ဆရာကြီးနှင့် သီလရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ တန်းလွဲရွာမတောင်ကုတ်တို့မှ ဆွေးမျိုးမိတ်သင်္ဂဟများ၊ ဈာပန အခမ်းအနားအား ပြင်ဆင်ဆောင်ရွက်ပေးကြသော ပေလီမြို့နာရေးကူညီမှုအဖွဲ့၊ ရက္ခိတသီဟ ဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာတွင် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲခြင်းထည့်သွင်းပေးပို့ကြသည့် စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)မှ သူငယ်ချင်း မိသားစုများ၊ အထက ပေလီကျောင်းသား/သူဟောင်းများ၊ MYANMAR TN GROUP၊ လိုအပ်သည်များ ကူညီထောက်ပံ့ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ပန်းခြင်း ပေးပို့သူများနှင့် လူမှုကွန်ယက်တွင် နှစ်သိမ့်အားပေးမေးမြန်းကြသော မိတ်ဆွေအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## သုံးရာသီစဉ်မြဲလွမ်းရည်စူးကုသိုလ်မျှဝေမှာတမ်း

## အနန္တဂိုဏ်းဝင်နှစ်ဖက်မိဘများဖြစ်သော

## (ဦးစန်-ဒေါ်ဟန်)၊ (ဦးမောင်ငွေ-ဒေါ်လှ)

## ကျေးဇူးရှင်ခင်ပွန်း (ဦးမောင်ကောင်း)

## ချစ်သားကြီး (မောင်ကောက်ဝါ)

## ချစ်သားလတ်(မောင်ကောက်ဟုန်)

## ချစ်သားငယ် (မောင်ကောက်ခင်)

တို့အား ရည်စူး၍ ယနေ့ ၁-၁-၂၀၂၀ နှစ်သစ်ကုသိုလ် ခွဲခွာနှစ်များ ကြာမြင့်သွားလည်း မမေ့ဘယ်ခါရှိ၍သာ၊ ရာသီသုံးလီ စဉ်မြဲလွမ်း လျက် ဒါနကောင်းမှု ဖော်မွန်ပြုကာ ယနေ့နှစ်သစ်နှစ်ဦး ဒါနထူးကို ပို့သမေတ္တာ အမျှဝေ၊ ရောက်ရှိဘုံပေါ် အေးချမ်းစံပျော် ကြားသိ၍ နော်၊ ကြည်နူးဝမ်းမြောက် သာခုခေါ်၊ ရည်စူးနိဗ္ဗာန်မျက်မှောက်ပြု နိုင်ပါစေသော် နှစ်ဖက်မိဘ၊ ခင်ပွန်း၊ သားကြီး၊ သားလတ်၊ သားငယ် တို့အားလုံး ကုသိုလ် (အမျှ...အမျှ...အမျှ)ယူပါနော်။

**ချစ်ဇနီး ဒေါ်ကျင်ဝင်း**
**ချစ်သမီး မမီလန်း**
**၁၄၉/၂၁ လမ်း၊ လသာ**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဦးတင်ထွန်း

**ပါမောက္ခ-ဌာနမှူး(ငြိမ်း)၊ မေ့ဆေးပညာဌာန**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

**အသက်(၈၉)နှစ်**

ချစ်ခင်လေးစားရပါသော ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာဦးတင်ထွန်း အသက် (၈၉)နှစ် ပါမောက္ခ-ဌာနမှူး(ငြိမ်း)၊ မေ့ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် သည် ၂၈-၁၂-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မေ့ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဦးတင်ထွန်း

**ပါမောက္ခ/ဌာနမှူး (ငြိမ်း) မေ့ဆေးပညာဌာန၊ ရန်ကုန်**

**အသက် (၈၉) နှစ်**

ဆရာကြီး ဒေါက်တာဦးတင်ထွန်းသည် ၂၈-၁၂-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်ဆရာကြီး၏မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**မေ့ဆေးပညာအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတင်ကြည်

**အသက် (၉၀)**

သူငယ်ချင်း ကိုခင်မောင်ဝင်း၏ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ကြည်သည် ၂၇-၁၂-၂၀၁၉ ရက် ည ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အပါတ်စဉ် (၂၄)မှ**
**သူငယ်ချင်းများ**

## အနိစ္စ

## ဦးတင့်ဆန်း

အလယ်အလတ်
အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၄)
ပြည်တွင်းအခွန်များဦးစီးဌာန
ရန်ကုန်မြို့

**အသက် (၄၄) နှစ်**

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ် (၂၂)လမ်းနေ (ဦးမြင့်သောင်း)-ဒေါ်စန်းစန်းငြိမ်းတို့၏ သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒါရိုဂါရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ် (၆)နေ (ဦးတင်ထွန်း-ဒေါ်ထွေးထွေး)တို့၏ သားသမက်၊ ဒေါ်ခင်နွယ်ထွန်း (အလယ်အလတ် အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး-၂)၏ ချစ်လှစွာသော ခင်ပွန်း ဦးတင့်ဆန်းသည် ၃၁-၁၂-၂၀၁၉ ရက် မွန်းလွဲ ၁၂:၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့နယ်၊ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်မေ (မိကျောင်းရဲ)

**အသက် (၈၂) နှစ်**

မကွေးတိုင်းဒေသကြီး၊ မိကျောင်းရဲမြို့နေ (ဦးချစ်မောင်-ဒေါ်သိန်းမြ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ်(၈)၊ ဂရန်းဒိုင်းမွန်းအိမ်ရာ၊ တာမွေမြို့နယ်နေ (ဦးသာတိုး)၏ဇနီး၊ ဦးထင်လင်း-ဒေါ်ညွှန့်ညွှန့်သန်း (USA)၊ ဦးဇော်ထွန်း-ဒေါ်ဟေမာတိုး(USA)၊ ဒေါ်မာလာတိုး၊ (ဦးဆန်နီတိုး)-ဒေါ်မာလာစိန်လှ၊ ဦးမိုက်ကယ်-ဒေါ်မီမီတိုး(Australia) တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၃၁-၁၂-၂၀၁၉ ရက် ညနေ ၅:၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၁ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်မေ (မိကျောင်းရဲ)

**အသက်(၈၂)နှစ်**

မကွေးတိုင်းဒေသကြီး၊ မိကျောင်းရဲမြို့နေ (ဦးချစ်မောင်-ဒေါ်သိန်းမြ) တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ်(၈)၊ ဂရန်းဒိုင်းမွန်းအိမ်ရာ တာမွေမြို့နယ်နေ (ဦးသာတိုး)၏ဇနီး၊ (ဦးမောင်မောင်ခင်)-ဒေါ်ခင်ညို၊ (ဦးမြင့်သိန်း-ဒေါ်တင်လှ)၊ (ဦးတင်အေး)-ဒေါ်သန်းညွှန့်၊ ဦးတင်ထွေး-ဒေါ်စမ်းစမ်းမေ၊ (ဦးဝင်းအောင်)-ဒေါ်ခင်ချောချော၊ ဦးမောင်မောင်လေး-ဒေါ်ကြည်ကြည်ဝင်း တို့၏ ချစ်လှစွာသောအစ်မကြီးသည် ၃၁-၁၂-၂၀၁၉ ရက် ညနေ ၅:၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ထွန်းစိန် (မောင်တော)

**အသက် (၈၂) နှစ်**

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ ကပ္ပကောင်းကျေးရွာနေ (ဦးညိုဖော်ရီ-ဒေါ်စိုးဖြူ)တို့၏သား၊ (ဦးစံလှဖြူ-ဒေါ်စံသာနု)တို့၏ သားသမက်၊ ရွှေဘုန်းပွင့် ဆရာတော် ဦးပြဟ္မဝံသီရိ၏အစ်ကို၊ (ဒေါ်သန္ဒာဦး)တို့၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်ဘထွန်း)-ဒေါ်သိန်းသိန်း၊ ဒေါ်ခင်ဝင်း-(ဦးမောင်ကြီး)၊ ဦးမောင်ညွှန့်ဦး-ဒေါ်ခင်မေ၊ ဒေါ်ဝိုင်းမေ-ဦးကျော်သောင်း၊ ဦးအေးမောင်၊ ဒေါ်ဖြူမေ၊ (ဒေါ်လှလှခင်)-ဦးဦးရွှေမောင်၊ ဦးအောင်ဇံဝေ-ဒေါ်လှမြအေး၊ ကိုအောင်သန်း၊ ဦးအောင်ညွှန့်လှိုင်-ဒေါ်ကြည်ကြည်ဝင်း၊ မြေး ၂၀ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးရှင်သည် ၃၀-၁၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၄:၂၀ နာရီတွင် ရွှေပြည်သာမြို့နယ်၊ (၂) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၃၈)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားမှ ကားများ မွန်းလွဲ ၁ နာရီနှင့် နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ရှိန်

**အသက် (၈၁) နှစ်**

သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာ၊ ဘုရင့်နောင်လမ်းနေ [ဦးဟန်ရှိန်(ခ)ဦးစီနား-ဒေါ်ရင်ကြည်]တို့၏ သမီးကြီး၊ (ဦးသောင်းရွှေ)၏ချစ်လှစွာသောဇနီး၊ (ဦးဝမ်ရှိန်)-ဒေါ်သိန်း၊ ဦးဝမ်ရွှေ (ညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်စန်းမြင့် (လ/ထ ညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ (ဦးဝမ်စူး)-ဒေါ်လှဝင်း၊ (ဒေါ်ယဉ်ယဉ်ရှိန်)၊ စည်သူဒေါက်တာဝမ်ထွန်း-ဒေါ်လှလှဌေး၊ ဦးဇော်ငွေသိန်း-ဒေါက်တာယဉ်ယဉ်ဌေး (ဒု-ခရိုင်မှူး၊ အနောက်ပိုင်းခရိုင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်)တို့၏ အစ်မကြီး၊ ဒေါ်ဌေးဌေးဦး (အထပြ-ငြိမ်း)၊ ဦးအောင်ကိုကို-ဒေါ်ကျင်ဝိုင်း(အေးစန္ဒာပုံနှိပ်)၊ ဒေါ်ယဉ်ယဉ်ခိုင် (အထက်တန်းပြ၊ ထ-ခွဲ၊လ-၂၊ ဒလမြို့နယ်)၊ ဦးဇော်ဇော်ထူး(ခ)ဦးဖိုးဇော်-ဒေါ်မြဦး၊ ဦးဇော်မျိုးထွန်း-ဒေါက်တာကြည်ကြည်အေး (တွဲဖက်ပါမောက္ခ၊ ဆေး-၂၊ ရန်ကုန်)တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၉-၁၂-၂၀၁၉(တနင်္ဂနွေနေ့) ည ၁၁:၅၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကျုံကဒတ်ကျေးရွာသုသာန်သို့ လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှခင် (ဒေါ်ညိုညို)

**အသက် (၈၈) နှစ်**

သူငယ်ချင်း အေးခိုင်ဇံ၏မိခင်ကြီးသည် ၃၀-၁၂-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၇၉ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရသူငယ်ချင်းများ)**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဆရာမကြီး ဒေါ်ခင်မေကြီး

**ကထိက(ငြိမ်း)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

ကွယ်လွန်သူ ဗေယျကျော်ထင် ဗိုလ်မှူးကြီးဘရှင်၏ဇနီး ဖြစ်သူ ဆရာမကြီး ဒေါ်ခင်မေကြီးသည် ၂၆-၁၂-၂၀၁၉ ရက်တွင် ဩစတြေးလျနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆရာမကြီး၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒကျောင်းသူ/သားဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

## ဒေါ်မြင့်ကြည်

**အသက်(၉၁)နှစ်**

**ငါးသိုင်းချောင်း(ကညင်ငူ)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်တော်လေး အရှေ့ရပ်ကွက်၊ အမှတ်(၉၁)၊ (၉၄)လမ်း၊ ပထမထပ်နေ (ဦးသူငယ်-ဒေါ်အေးခင်)တို့၏ သမီး၊ (ဦးသိန်းတင်)၊ ဦးအုန်းကြိုင်-ဒေါ်ခင်ကြည်၊ (ဦးမြလှိုင်-ဒေါ်စောကြည်)တို့၏ ညီမ၊ တူ/တူမ ၁၀ ယောက်တို့၏ အဒေါ်၊ မြေးခုနစ်ယောက်တို့၏ အဘွား၊ မြစ်ခုနစ် ယောက်တို့၏ ဘွားဘွားကြီး ဒေါ်မြင့်ကြည်သည် ၃၁-၁၂-၂၀၁၉ ရက် မွန်းလွဲ ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်ဆွေ (ခ) ဦးခင်ရွှေ

ဒုအရာခံဗိုလ် (ငြိမ်း)၊ က.ပ.စ (၁၀)

**အသက် (၇၉) နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၈)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်(၉၆၅) နေ ဒေါ်ခင်မာရီ (က.စ.လ-ငြိမ်း)၏ခင်ပွန်း၊ ဦးမျိုးဇော်-ဒေါ်ဥမ္မာခင်၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်ဝင်းတင်၊ ဦးသန်းထိုက်လူ-ဒေါ်နီလာခင်တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မယွန်းဝဿန်လူ(ဂျူဂျူး)၊ မောင်ဘုန်းမြတ်သူတို့၏ ချစ်လှစွာသော အဘိုးသည် ၃၁-၁၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူ အားရည်စူး၍ ၆-၁-၂၀၂၀(တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာခင်မူအေး (BRENDA GYI)

B.V.S (၁၉၇၀-၁၉၇၇ Batch)

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက် (၁၅)၊ အခန်း(၂)နေ (ဦးကိုကြီး-ဒေါ်သောင်းတင်)တို့၏သမီးကြီး၊ တပ်ကုန်းမြို့နေ (ဦးလှမောင်-ဒေါ်လှတင်)တို့၏ သမီးချွေးမ၊ ဒေါက်တာတင်အောင်မြင့်(ဒုတိယ အထွေထွေမန်နေဂျာ-ငြိမ်း၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း)၏ချစ်လှစွာသောဇနီး၊ ဦးစိုးမိုးအောင်-ဒေါ်ရွှေစင်အောင်၊ ဦးပြည့်စုံအောင်-ဒေါက်တာဖြိုးအိသိန်း၊ ဦးသူရိန်အောင်-ဒေါက်တာကလျာဆွေ၊ ဦးစည်သူအောင်-ဒေါ်ခိုင်ခိုင်ဇော်ဝင်းတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ငါးယောက်တို့၏အဘွား ဒေါက်တာခင်မူအေးသည် ၃၁-၁၂-၂၀၁၉ ရက် နံနက် ၁၁:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## U Awn Tual

**အသက်(၆၂)နှစ်**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

**ပညာရေးဌာန၊ ချင်းပြည်နယ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ကျေးရွာမှ U Pum Kam-Daw Huai Kho Cing တို့၏ သားထွေး၊ (U Ngo Nang)၊ Daw Cing Za Vung၊ (Daw Cingh Pau)၊ Daw Thawng Za Dim၊ (U Thawng Cin Mang)၊ (Daw Thian Cing)၊ (U Lian Za Thawng)၊ Daw Ngo Kang Cing၊ (U Vum Za Cin Khai)တို့၏ ညီ/မောင်၊ ဟားခါးမြို့၊ စျသ/၁၂၀၇၊ ချယ်ရီလမ်း၊ ဈေးသစ်ရပ်နေ Daw Dim Mang ၏ ခင်ပွန်း၊ U Nang Khan Khual-Daw Cing Lun Pau (Australia)၊ Ko Kan Suan (အကြီးတန်းစာရေး၊ ခရိုင်တရားရုံး၊ မင်းတပ်)၊ Ma Cing Huai Kim (သူနာပြု၊ ပြည်သူ့ဆေးရုံ၊ ကလေးမြို့)၊ Ma Dim Cingh Ciang (ပထမနှစ်၊ GTI ဟားခါး)၏ ချစ်လှစွာ သောဖခင် U Awn Tual သည် ၃၁-၁၂-၂၀၁၉ ရက်တွင် ခရစ်တော်၌အိပ်ပျော် သွားပါသဖြင့် ၂-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ဟားခါး မြို့၌ ဝတ်ပြုကိုးကွယ်ပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန္ဒာသွင်

**အသက်(၅၅)နှစ်**

**လက်ထောက်မန်နေဂျာ(ငြိမ်း)**

**သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ မြန်မာ့သစ်လုပ်ငန်း**

ရန်ကုန်မြို့၊ F.71၊ ရွှေစံပယ်(၆)လမ်း၊ FMI CITY နေ (ဦးမြသွင်)-ဒေါ်စိုးစိုးအောင်တို့၏ သမီး၊ (ဦးကျော်ဝင်း)-ဒေါ်အေးမြင့် တို့၏ သမီးချွေးမ၊ မစုမြတ်ဇော်မွန်၊ မောင်အောင်ခန့်တို့၏ မိခင်၊ ဦးဇော်မွန် (မြန်မာ့သစ် လုပ်ငန်း-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်စန္ဒာသွင်သည် ၃၁-၁၂-၂၀၁၉ ရက် မွန်းလွဲ ၁:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမင်းမောင်မောင်မြင့် (ဟသ်ာတမြို့)

**အသက် (၄၁) နှစ်**

ရန်ကုန်မြို့၊ ထောက်ကြန့်မြို့နယ်၊ တိုးချဲ့(၁)ရပ်ကွက်၊ အမှတ် (၁/၆၈)၊ နှင်းဆီ(၄)လမ်းနေ ဦးရဲမြင့်-ဒေါ်သန်းသန်းဝင်းတို့၏သား၊ ဒုတိယဗိုလ်မှူးကြီးမျိုးမင်းဟန် (မေ့ဆေးပါရဂူ၊ တပ်မတော်ဆေးရုံကြီး)-ဒေါက်တာအေးမိုးသက်မြင့်(ဆေးရုံအုပ်၊ ဝေဘာဂီဆေးရုံ)တို့၏ မောင်၊ မောင်သုတမင်းဟန်၏ဦးလေး ဦးမင်းမောင်မောင်မြင့်သည် ၃၀-၁၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုကြမည့် ပြည်သူများဖြင့် နေပြည်တော်တစ်ခွင် စည်ကားလျက်ရှိ



**နေပြည်တော်  ဒီဇင်ဘာ  ၃၁**

ယနေ့သည် ၂၀၁၉ ခုနှစ် တစ်နှစ်တာ၏ နောက်ဆုံးနေ့ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုကြမည့် ပြည်သူများဖြင့် နေပြည်တော်တစ်ခွင်၌ စည်ကားသက်ဝင်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ ဘုရားကျောင်းကန်စေတီပုထိုးများတွင် လာရောက်လည်ပတ်ဖူးမြော်ကြသူများ၊ ကုသိုလ်ပြုကြသူများနှင့် တရားဘာဝနာပွဲများ၌ နှစ်သစ်ကိုကြိုဆိုကြသူများဖြင့် စည်ကားလျက်ရှိသည်။

**ပိုမိုတိုးတက်ကောင်းမွန်စေဖို့ ဆုတောင်း**

နေပြည်တော်ရှိ ဘုရားစေတီများ သွားရောက်ဖူးမြော်ပြီး မိသားစုများဖြင့် နှစ်သစ်ကို ပျော်ရွှင်စွာဖြတ်သန်းရန် ရန်ကုန်မြို့မှ လာရောက်သည့် မသဇင်က "ဒီနှစ်သစ်ပိတ်ရက်မှာ ခရီးမထွက်ဖြစ်သေးတော့ ဘုရားတွေဖူးရင်း နေပြည်တော်မှာရှိတဲ့ အစ်မတွေဆီကို လာလည်တာဖြစ်ပါတယ်။ ညပိုင်းမှာတော့ မိသားစုတွေစုံစုံလင်လင်နဲ့ အစားအသောက်တွေ ချက်ပြုတ်စားသောက်ကြရင်း နှစ်သစ်ကို ကြိုဆိုကြမှာဖြစ်ပါတယ်။ နှစ်သစ်မှာ ကျွန်မတို့နိုင်ငံအတွက် ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍတွေမှာ ဒီထက်ပိုမိုတိုးတက်ကောင်းမွန်စေဖို့ ဆုတောင်းပါတယ်" ဟု ပြောသည်။

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်ကိုဖူးမြော်ရန် လာရောက်သည့် လက်ပံတန်း GTI ကျောင်းမှ ဆရာဦးအောင်ခိုင်ဖြိုးက "ကျွန်တော်တို့ ဘုရားဖူးအလည်အပတ်ခရီးထွက်လာတာ ခုနစ်ရက်လောက်ရှိပါပြီ။ ရုံးပိတ်ရက်တွေကြားမှာ ရုံးဖွင့်ရက်တွေရှိနေတော့ တစ်ပတ်လုံးခွင့်တင်ပြီးတော့ လည်ပတ်ကြတာပါ။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍**



ဒီဇင်ဘာ ၃၁ ရက်က ရန်ကုန်မြို့ အင်းလျားကန်ပေါင်တွင် နှစ်သစ်ကို ကြိုဆိုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-မြင့်မောင်


**ကြေးမုံ ယနေ့ ဖတ်စရာ**

**နှစ်ဟောင်းကို ကျိန်ဆဲနေသရွေ့ နှစ်သစ်ရောက်မလာဘူး**

စာမျက်နှာ » ၁၀

**နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်တို့တွင် စည်ကားများပြား**

စာမျက်နှာ » ၁၁

**တောမီးလောင်မှုကြောင့် ဩစတြေးလျ၌ လူနှစ်ဦး သေဆုံး၊ အများအပြား ပျောက်ဆုံးနေ**

စာမျက်နှာ » ၁၂



**ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများကို အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီ အားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာများ၊ မိတ်ဆွေများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူမိတ်ပြည်သူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး ခရစ်နှစ် ၂၀၂၀ပြည့်နှစ် နှစ်သစ်မင်္ဂလာ အခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဉစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး



**နှစ်သစ်အခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်း စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ကျွန်တော် ကျွန်မတို့ ဦးဘဂျမ်း ချည်ချောလုံချည် မိသားစုမှ လှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။**

**ထို့အပြင် ဦးဘဂျမ်း လုံချည်များကို အစဉ်တစိုက် အားပေးလာကြသော Customer များအတွက် အနံလွှမ်းဆိုဒ်ကြီးရှယ်ဖူးလုံချည် (XXL-Longyi Box) များကိုလည်း အသစ်ထပ်မံထုတ်လုပ်လိုက်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။**

ရှိုးသလေးစားစွာဖြင့် – ဦးဘဂျမ်း ချည်ချောလုံချည် မိသားစု (မင်္ဂလာဈေး၊ရန်ကုန်မြို့)

(ပင်ရင်း) မင်္ဂလာဈေး၊သိမ်ကြီးဈေး၊ရန်ကုန်မြို့ ။ ဝ၁ - ၂၀၅၁၃၁၊ ဝ၁ - ၃၈၀၀၈၇၅၊ ဝ၁ - ၈၆၁၃၄၇၅၀ - ၃၈၁၇၁၆၊ ဝ၉ - ၅၁၃၆၃၁၀၀


UPG
25th ANNIVERSARY
1995 - 2020
UPG ထုတ်ကုန်များ၏ ၂၀၂၀ ခုနှစ်တွင်ကျရောက်မည့် (၂၅)နှစ်ပြည့်
"ငွေရတု" အထိမ်းအမှတ် ဈေးဝယ်သူများအတွက် ကံစမ်းမဲအစီအစဉ်
WINNER
LUCKY WINNERS
GET A CHANCE TO MEET*
WINNER
ဆုကြီး (၂၅) ဆုနှင့် ဆုမဲပေါင်းများစွာ
ကံစမ်းမဲကာလ(၁၆.၁၀.၂၀၁၉)မှ(၃၁.၅.၂၀၂၀)ထိ
ဖေဖော်ဝါရီလ နှင့် ဇူလိုင်လ ၂၀၂၀ တွင်ကံစမ်းပါမည်။
*19553 နှိပ်၍
UPG Promotion
Page ကိုဝင်ပါ။
Star Phone App ကို App Store, Play Store တို့မှ Download ရယူနိုင်သည်။
အသေးစိတ်ကို Hotline 01 2399900 နှင့် Facebook.com/upgpaint တွင်စုံစမ်းသိရှိနိုင်ပါသည်။
www.upgpaint.com e-mail: info@upgpaint.com

2020

Happy New Year

# Sweety®

ဇာဘော်လီ ၊ ဘရာစီယာနှင့် အတွင်းခံအမျိုးမျိုး

Sweety ဇာဘော်လီကို နှစ်သက်စွာ ရွေးချယ်ဝတ်ဆင်ကြသော

Sweety ချစ်သူမိတ်ပြည်သူအပေါင်း၊ Sweety ဇာဘော်လီကို

စတင်ရောင်းချခဲ့သည့်အချိန်မှစ၍ ယနေ့ထိ ၁၅နှစ်တိုင်တိုင်

အေးအတူပူအမျှ လက်တွဲခဲ့ကြသော မိတ်ဟောင်းဖောက်သည်

ကြီး၊ သေး၊ လက်အပေါင်းနှင့်တကွ

Sweety နှင့်အကျိုးတူ ပူးပေါင်းလုပ်ကိုင်နေကြသော

စီးပွားရေးလုပ်ငန်းကြီးများ၊ မိတ်သစ်ဖောက်သည်ကြီးများအားလုံး

ပိုမိုကောင်းမွန်သော နောင်အနာဂတ်များဆီသို့ အတူလက်တွဲလျှောက်လှမ်းနိုင်ပြီး

2020 နှစ်သစ်မှစ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၊

ကောင်းကျိုးလိုရာဆန္ဒများပြည့်ဝကြပြီးလျှင်

စီးပွားလာဘ်လာဘများလည်း ဆတက်ထမ်းပိုး

တိုးတက်အောင်မြင်ကြပါစေကြောင်း Sweety မိသားစုမှ

လှိုက်လှဲစွာ နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။


MPT
2020
ပရိုမိုးရှင်းကာလ - ၂၀၁၉ ဒီဇင်ဘာလ (၂၀) ရက်နေ့ မှ ၂၀၂၀ ဇန်နဝါရီလ (၂၀) ရက်နေ့အထိ
Toyota Rush Brand New
ကားသစ်ကြီး (၂) ဆု
ကျပ်သိန်း (၂၀) ဆု (၅) ဆု
ရွှေ (၂) ကျပ်သားဆု (၅) ဆု
အပတ်စဉ် 20GB
20GB
Data GB ဆုကြီးပေါင်း ၂၀၀၀ ကျော်ကိုလည်း ကံစမ်းခွင့် ရရှိမည်ဖြစ်ပါသည်။
www.mpt.com.mm
www.facebook.com/mptofficialpage
CALL CENTER 106

